# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက် | ၂၀၁၇ ခုနှစ်၊ မတ် ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၆) ၊ အမှတ် (၁၇၃)


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျရောက်သော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ - ၃၆)

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## လောက်ကိုင်ဒေသအခြေအနေများနှင့် နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

စာ » ၃

# အမေရိကန်ရေတပ်မှ စစ်ရေယာဉ် ရန်ကုန်မြို့သို့ ရောက်ရှိ



သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)

**ရန်ကုန် မတ် ၂၁**

အမေရိကန်ရေတပ်မှ စစ်ရေယာဉ် USNS FALL RIVER (T-EPF-4) သည် ချစ်ကြည်ရေးခရီးစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း (MITT) သို့ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိစစ်သည်များနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ရေတပ် စစ်သံမှူးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါရေယာဉ်တွင် အမေရိကန်ရေတပ်မှ Capt Stanfield L.Chien ဦးစီး၍ အရာရှိ စစ်သည် ၁၃၉ ဦး တို့လိုက်ပါလာပြီး ငါးရက်ကြာ နေထိုင်၍ လေ့လာလည်ပတ်သွားမည်ဖြစ်သည့်အပြင် ချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း အမေရိကန်ရေတပ်၏ အမှတ်(၇)ရေတပ်သဘင်္ဘော်မှ

*စာမျက်နှာ ၄ ကော်လံ ၁* ❍

**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ (၁)နှစ်တာ အချုပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာအဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီ၏ ပထမ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပို (၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။

## လေဆိပ် ၁၀ ခုတို့မှ ဝင်ရောက်လာမည့် ခရီးသည်များ အီလက်ထရွန်နစ်ပစ္စည်း သယ်ဆောင်မှုကို အမေရိကန်ပိတ်ပင်

စာ » ၁၀


MPT
ရှေ့သို့လှမ်း၍ မြန်မာပြည်

ဆင်းကတ် မှတ်ပုံတင်ခြင်းများကို ဤနေရာများတွင် ဆောင်ရွက်ပေးနေပါပြီ။

MPT လက်လီအရောင်းဆိုင်များ
MPT အိတ်ချိန်းရုံးများ
MPT အမှတ်တံဆိပ်အရောင်းဆိုင်များ
သမဝါယမဘဏ် ( သတ်မှတ်ဘဏ်ခွဲများ )
ကမ္ဘောဇဘဏ် ( သတ်မှတ်ဘဏ်ခွဲများ )
ရှေဝတီဘဏ် ( သတ်မှတ်ဘဏ်ခွဲများ )
MPT နယ်လှည့်ရှိုးပွဲများ
ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ရှိ တက္ကသိုလ်များ
နိုင်ငံတစ်ဝှမ်းရှိ စာတိုက်များ
Bestone ဖုန်းဆိုင်များ

အသေးစိတ်သိရှိလိုပါက www.mpt.com.mm/mm/sim-registration-mm/ တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာ့အလင်း

# သုတေသနနည်းပညာတို့၏ စွမ်းပကား

ချင်းပြည်နယ်ရှိ ဟားခါး၊ ဖလမ်းနှင့် တွန်းဇံမြို့နယ်များတွင် ရေကြီးမြေပြိုမှုကြောင့် ချင်းပြည်သူတို့ အတိဒုက္ခရောက်ခဲ့ရသည်ကို တစ်နိုင်ငံလုံးကြေကွဲစွာ မြင်တွေ့ခဲ့ရပါသည်။ အဆိုပါ ရေကြီးမြေပြိုခဲ့မှုများ၏ အတိုင်းအတာကို သိရှိနိုင်ရန် မောင်းသူမဲ့လေယာဉ်ဖြင့် ကောင်းကင်ဓာတ်ပုံရိုက် Survey တိုင်းတာခြင်းနှင့် အသုံးချမြေပုံများ ထုတ်လုပ်ခြင်းတို့ကို စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ ဤကဲ့သို့ ဆောင်ရွက်ခြင်းကို ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ မောင်းသူမဲ့လေယာဉ် သုတေသနဌာနနှင့် ကုလသမဂ္ဂစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအဖွဲ့(UNFAO)တို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

မောင်းသူမဲ့လေယာဉ်ဖြင့် ကောင်းကင်ဓာတ်ပုံရိုက် Survey တိုင်းတာနိုင်မှုကြောင့် သုံးဖက်မြင်ဒစ်ဂျစ်တယ်မြေပုံများ ထုတ်လုပ်ပေးနိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပျက်စီးမှုစစ်တမ်းကောက်ယူခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ စီမံခန့်ခွဲနိုင်ခြင်းစသော အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။ အဆိုပါအကျိုးရလဒ်နှင့်အတူ တိကျသည့် ကွန်တိုလိုင်းများပါရှိသည့် မြေပုံများကိုပါ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပါသည်။ မြို့ပြအင်ဂျင်နီယာများသည် ကွန်တိုလိုင်းများကို လေ့လာ၍ စီမံကိန်းဆောက်လုပ်မည့်နေရာရှိ မြေသားအနေအထားသည် စီမံကိန်းအတွက် သင့်တော်မှုရှိ/မရှိ ဆုံးဖြတ်နိုင်မည်ဖြစ်ပါသည်။ မီးရထားလမ်း၊ မော်တော်ကားလမ်းနှင့် တူးမြောင်းကဲ့သို့သော စီမံကိန်းများ၌ မြေသားတူးဖော်မှုလုပ်ငန်းအနည်းဆုံးဖြစ်စေရန် ကွန်တိုလိုင်းများကို အသုံးပြု၍ ဆုံးဖြတ်ချက်ချမှတ်နိုင်ပါသည်။ မြစ်ချောင်းအင်းအိုင်များထဲသို့ စီးဝင်မည့် မိုးရေများကို စုစည်းပေးမည့် မိုးရေခံရပ်ဝန်းကို ကွန်တိုလိုင်းများအသုံးပြု၍ ရှာဖွေနိုင်ပါသည်။ ဤအချက်သည် ဆည်တည်ဆောက်မည့်နေရာ ရွေးချယ်ခြင်းနှင့် ရေကြီးနိုင်မှုအလားအလာ တိုင်းတာခြင်းကဲ့သို့သော လုပ်ငန်းများအတွက် အထူးအသုံးဝင်ပါသည်။ တည်ဆောက်မည့်ဆည်၏ ပမာဏသတ်မှတ်နိုင်ရေးအတွက်လည်း ကွန်တိုလိုင်းများကို အသုံးပြုကြပါသည်။

ဤမျှသာမက မောင်းသူမဲ့လေယာဉ်ပျံဖြင့် ကောင်းကင်ဓာတ်ပုံရိုက် Survey တိုင်းတာမြေပုံထုတ်လုပ်ခြင်းကို လျှင်ဒဏ်ကြောင့် ပျက်စီးသွားသော ပုဂံရှေးဟောင်းဒေသတစ်ခုလုံးအတွက်လည်း ဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ရာမှ ရရှိသောမြေပုံများနှင့် သုံးဖက်မြင်ဘုရားစေတီပုထိုးပုံစံများသည် ပုဂံရှေးဟောင်းဒေသ ပျက်စီးမှုစစ်တမ်းကောက်ယူခြင်းနှင့် ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းခြင်းလုပ်ငန်းတို့အတွက် အဓိကအထောက်အပံ့ကောင်းများဖြစ်လာမည်ဖြစ်ပါသည်။ ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ မောင်းသူမဲ့ လေယာဉ် သုတေသနဌာနသည် ရရှိပြီးအောင်မြင်မှုများကို ဆပွားမြှင့်တင်ခိုင်မာလာစေရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပါရန် လေးစားစွာ ဂုဏ်ပြုတိုက်တွန်းအပ်ပါသည်။ ။



ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဆွေဦး ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များသည် မတ် ၂၀ ရက်က ကြို့ပင်ကောက် မြို့အတွင်း ရေရှားပါးမှုဖြစ်ပေါ်လျက်ရှိသည့် စက်တိုင်ရပ်ကွက်နှင့် နွယ်ခွေရပ်ကွက်တို့၌ သောက်သုံးရေဂါလန် ၆၀၀၀ တို့ကို လှူဒါန်းစဉ် ကိုရဲ

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာခံယူ လုပ်ဆောင်ရေး။
- ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ် ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင် ဆောင်ရွက်ရေး။
- နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## ဒေသအဆင့် ရေကြီးခြင်း သဘာဝဘေးနှင့် ရေဘေးကင်းလွတ်ရာသို့ ရွှေ့ပြောင်းခြင်းဆိုင်ရာ မြေပုံများရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ကလေး မတ် ၂၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ထိုင်းနိုင်ငံအခြေစိုက် Asian Disaster Preparedness Center (ADPC)တို့ ပူးပေါင်း၍ နော်ဝေနိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာန၏ အထောက်အပံ့ဖြင့် မိုးလေဝသ၊ ဇလဗေဒနှင့် မြေလျှောဆိုင်ရာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံ၏ ဒေသအဆင့် ရေကြီးခြင်းသဘာဝဘေးနှင့် ရေဘေးကင်းလွတ်ရာသို့ ရွှေ့ပြောင်းခြင်းဆိုင်ရာ မြေပုံများရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၁ ရက် နံနက် ၈ နာရီခွဲက မင်းကြီးဟိုတယ် ပထမလွှာရှိ အစည်းအဝေးခန်းမဆောင်၌ ကျင်းပကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက အမှာစကားပြောကြားပြီး မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန (နေပြည်တော်)မှ ဒေါ်ဌေးဌေးသန်းနှင့် IOM Kalay မှ Project Coordinator Dedy Alfian တို့က အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး National Technical Coordinator ဦးမောင်မောင်စိုး (ညွှန်ကြားရေးမှူး- ငြိမ်း)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ADPC မှ Technical Coordinator David Abbas နှင့် ADPC မှ National Technical Coordinator ဦးမောင်မောင်စိုးတို့က အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်သည့် အချက် ၁၀ ချက်တို့ကို ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးချက်များကိုလည်း ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဂျူနိုင်း



## မကွေးမြို့ သီတဂူမြင့်မိုရ်စံစက္ခုဒါနဆေးရုံ ဧပြီလတွင်ဖွင့်လှစ်မည်

**မကွေး မတ် ၂၁** - မကွေးမြို့မဟာဝိသုတာရာမတိုက်သစ် လေးထပ်ကျောင်းတိုက်ဝင်းအတွင်းရှိ သီတဂူမြင့်မိုရ်စံ စက္ခုဒါနဆေးရုံတော်ကို ဧပြီ ၅ ရက် နံနက်ပိုင်းတွင် စတင်ဖွင့်လှစ်၍ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာမြအောင်ပါမောက္ခ(ငြိမ်း)ဦးစီးသည့် သီတဂူမျက်စိဆရာဝန်များအဖွဲ့က အပူပိုင်းဒေသတွင် မျက်စိဝေဒနာရှင်များ ပေါ်များပြီး ငွေကြေးမတတ်နိုင်သည့် မျက်စိဝေဒနာရှင်များအတွက် အခမဲ့ခွဲစိတ်ကုသပေးသွားမည်ဖြစ်ပြီး ခွဲစိတ်လူနာများအတွက် နေထိုင်၊ စားသောက်ရေးနှင့်ပတ်သက်၍ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါဆေးရုံကြီးကို မကွေးမြို့မှ မြင့်မိုရ်စံဟိုတယ်ပိုင်ရှင် ဦးကျော်သက်ဦး မိသားစုက ငွေကျပ် သိန်း ၆၅၀၀ မတည်ပြီး သီတဂူဆရာတော်ကြီးက ငွေကျပ်သိန်း ၁၅၀၀ ကျော်ခန့်ရှိသော ခွဲစိတ်ကုသစက်များနှင့် ဆက်စပ်ပစ္စည်းများ၊ လူနာခုတင်များ၊ မီးစက်များလှူဒါန်းခဲ့ကြောင်း သိရသည်။

ကျော်ဇေယျ

### ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၁-၃-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၀၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၇၀၅/၇၂၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၆၉၅/၇၃၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၃၅/၇၆၅ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၄၀ ကျပ် | (လက်ကားဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၆၅ ・ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၅ ・ ၀၉ |
| ထိုင်း | တစ်ဘတ် | ၃၉ ・ ၂၈၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၈၄၃ |
| တရုတ် | တစ်ယွမ် | ၁၉၇ ・ ၁၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၇ ・ ၈၀ |


မြန်မာ့အလင်း

၁၂၇၃ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## လောက်ကိုင်ဒေသအခြေအနေများနှင့် နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

**နေပြည်တော် မတ် ၂၁**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က လောက်ကိုင် ဒေသ၏ နောက်ခံသမိုင်းကြောင်းနှင့် ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်များ အတွင်း လက်နက်ကိုင်များက အရှေ့ မြောက်နယ်မြေအတွင်း စစ်ရေးလှုပ်ရှား မှုများကို စတင်လုပ်ဆောင်ခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့၏ ငြိမ်းချမ်းရေး ကမ်းလှမ်း မှုများကို ငြင်းပယ်၍ စစ်ရေးနည်းလမ်း ကိုသာ ရွေးချယ်လုပ်ဆောင်ခဲ့မှုများ၊ တိုက်ပွဲများကြောင့် တပ်မတော်သားများ စွန့်လွှတ်ပေးဆပ်ရမှုများရှိပြီး ၎င်းတို့ လည်း ထိခိုက်ကျဆုံးမှုများစွာရှိကြောင်း၊ ဒေသခံပြည်သူများလည်း နစ်နာမှုရှိပြီး နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ဆက်ဆံရေး ကိုပါ ထိခိုက်စေခြင်းကြောင့် မည်သည့် အကျိုးမှုမရှိသည့် အခြေအနေများနှင့် နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်း ရေးအတွက် ၎င်းတို့စစ်ရေးအရ အခြေ အနေဖန်တီးနိုင်ခွင့် မရှိစေရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

တရုတ်နိုင်ငံ သံအမတ်ကြီးက မြန်မာ-တရုတ် နယ်စပ်ကိစ္စရပ်များ ကြောင့် နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေး နှင့် တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်း ရေးဖော်ဆောင်မှုလုပ်ငန်းစဉ်တွင် ပါဝင် ညှိနှိုင်းဆောင်ရွက်ပေးမှု အခြေအနေ များကို ရှင်းလင်းပြောကြားပြီး လက်ရှိ လောက်ကိုင်ဒေသဖြစ်စဉ်များနှင့်ပတ် သက်၍ မြေပြင်တွင် အမှန်တကယ် ဖြစ်ပျက်နေမှု၊ နှစ်ဦးနှစ်ဖက်လုပ်ဆောင် နေမှု၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ် အေးချမ်းရေးအတွက် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့ တွေ့ဆုံဆွေးနွေးစဉ်

# ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၁**

ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၇) ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည် တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး အစည်းအဝေး ခန်းမ၌ကျင်းပရာ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲ ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ တက်ရောက် အမှာစကား ပြောကြား သည်။



ထို့နောက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဇော်ဝင်းက ယခင်ပြုလုပ်ခဲ့သည့် အစည်းအဝေး အမှတ်စဉ်(၁/၂၀၁၆)၏ ဆုံးဖြတ်ချက် များ ဆောင်ရွက်ပြီးစီးမှုအပေါ် သုံးသပ် ဆွေးနွေး ရှင်းလင်းတင်ပြပြီး ငွေကြေး ခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့၊ အဖွဲ့ဝင် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ စစ်ဆေးမှု အခြေအနေများအား ရှင်းလင်းတင်ပြ သည်။ ယင်းနောက်ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်း ရေးမှူး၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ဝင်းသိန်းက မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး ဆိုင်ရာ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများ အား အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့ (Asia/Pacific Group on Money Laundering-APG)၏ လုပ်ငန်းစဉ်အရ အဖွဲ့ဝင်နိုင်ငံ အချင်းချင်း အပြန်အလှန်အကဲဖြတ်ရေး (Mutual Evaluation -ME) မှ အကဲဖြတ်နိုင်ရေး ကြိုတင်ဆောင်ရွက်မှု၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ ပြင်ဆင်ရေးဆွဲမှု၊ ၂၀၁၇ ခုနှစ်အတွင်း ဗဟိုအဖွဲ့မှ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ရေး လုပ်ငန်း ကော်မတီဖွဲ့စည်းခြင်း၊ ကြီးကြပ်ရေး အာဏာပိုင် တာဝန်ပေးအပ်ခြင်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် ပတ်သက်၍ အိမ်ခြံမြေအကျိုးဆောင် များမှ သတင်းပို့ရန် ထုတ်ပြန်ခြင်း စသည့် အမိန့်များ ထုတ်ပြန်ဆောင်ရွက်မှုအား ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသူ များက ဖြည့်စွက်ဆွေးနွေးကြသည်။

အစည်းအဝေးကို ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင် ၁၅ ဦးနှင့် အထူးဖိတ်ကြားထားသူ ခြောက် ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

# ကျောက်မျက်အတွဲများအတွက် ဈေးနှုန်းတင်သွင်းခဲ့သည့် အဆိုပြုလွှာများ ဖွင့်ဖောက်စစ်ဆေး



**နေပြည်တော် မတ် ၂၁**

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ တတိယနေ့ကို ယနေ့ နံနက် ၈ နာရီမှစတင်၍ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့တွင် ကျောက်မျက်အတွဲများအတွက် ယမန်နေ့က ဈေးနှုန်းတင်သွင်းခဲ့ သည့် အဆိုပြုလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကြပြီး တင်ဒါ အောင်မြင်သူစာရင်းကို ကြေညာသည်။

ထို့ပြင် ကျောက်စိမ်းအတွဲအမှတ် ၁ မှ အတွဲအမှတ် ၁၅၀၀ အထိ ဈေးနှုန်းအဆိုပြု လွှာများကို ဝယ်ယူလိုသူများက တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။ ကျောက် စိမ်းအတွဲအမှတ် ၁၅၀၁ မှ အတွဲအမှတ် ၃၀၀၀ ကို မတ် ၂၂ ရက် တွင်လည်းကောင်း၊ အတွဲအမှတ် ၃၀၀၁ မှ အတွဲအမှတ် ၄၄၅၄ ကို မတ် ၂၃ ရက်တွင်လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နှစ်ရှည်အိမ်ရာချေးငွေဖြင့် အဆင့်မြင့်လူနေအိမ်ခန်းများရောင်းချမည်

**ရန်ကုန် မတ် ၂၁**

နှစ်ရှည်(၁၅)နှစ်အထိ အရစ်ကျငွေ ပေးချေနိုင်သည့် အိမ်ရာချေးငွေ (Mortgage Loan)ဖြင့် အဆင့်မြင့် အိမ်ခန်းများ ရောင်းချခြင်း ဝန်ဆောင်မှု လုပ်ဆောင်သွားရန် ရွှေတောင်ဖွံ့ဖြိုး တိုးတက်ရေးကုမ္ပဏီနှင့် ရောဝတီဘဏ် တို့ သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သည်။

အဆိုပါအိမ်ရာ ချေးငွေဝန်ဆောင် မှုသည် မြန်မာနိုင်ငံ အိမ်ခြံမြေဈေးကွက် တွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပထမဦးဆုံး နှစ်အရှည်ဆုံး အိမ်ရာချေးငွေစနစ်ဖြစ်ပြီး ကနဦးငွေ ၄၀ ရာခိုင်နှုန်း ပေးသွင်းပြီး သည်နှင့် တက်ရောက်နေထိုင်နိုင်မည်ဖြစ် သည်။ မြန်မာနိုင်ငံသားများအတွက် အရစ်ကျပေးချေခြင်းဖြင့် ကိုယ်ပိုင် အိမ်ခန်းများ ပိုင်ဆိုင်နေထိုင်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

အဆင့်မြင့်အိမ်ခန်းများကို ပထမဆုံး နှစ်အရှည်ဆုံး ၁၅ နှစ် အရစ်ကျပေးချေ ဝယ်ယူနိုင်အောင် ဆက်လက်လုပ်ဆောင် သွားမည်ဖြစ်ကြောင်း၊ အိမ်ရာချေးငွေနဲ့ အိမ်ခန်းများကို မတ် ၂၂ ရက်မှ ၂၄ ရက် ထိ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ Junction Square (Aqua Hall) အရောင်းပြပွဲတွင် စတင်ရောင်းချပေး သွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၀၉-၉၇၇၈၃၀၁၃၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရ သည်။

**ရီရီသန့်**

# သင်္ကြန်ပွဲတော်၌ ရေသွယ်ကစားလိုသူများ ခွင့်ပြုမိန့်လျှောက်ထားရမည်

**ရန်ကုန် မတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် ရေပိုက်လိုင်း၊ အင်းလျားကန်နှင့် ကန်တော်ကြီး ကန်တို့မှ ရေသွယ်ကစားလိုသည့် ပြည်သူများအား ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) က ဧပြီ ၁၃ရက် (သင်္ကြန်အကြိုနေ့) မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ ယာယီရေသွယ်ရန်အတွက် ခွင့်ပြုမိန့် လျှောက်ထားကြရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ယာယီရေသွယ်ခွင့်လျှောက်လွှာများကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ မြို့နယ်(ရေ/ သန့်) တာဝန်ခံရုံးများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ၁၂ ထပ်တိုးချဲ့ရုံးသစ် ပဥ္စမထပ် ဗိုလ်မြတ်ထွန်းလမ်းနှင့် ၄၆ လမ်းကြား ကုန်သည်လမ်းပေါ်ရှိ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု)ရုံး၌ အခမဲ့ထုတ်ယူနိုင် ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



## လယ်ဝေးမြို့နယ်တွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ဓမ္မသဘင်ကျင်းပ

**နေပြည်တော် မတ် ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် သော်မော်ကုန်းအုပ်စု ကျွန်းကုန်းကျေးရွာဘုန်းကြီးကျောင်း၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲအား ယနေ့ မတ် ၂၁ ရက် ညနေ ၃ နာရီက ကျင်းပခဲ့သည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲ တွင် ယိုးဒယားနိုင်ငံမှ ကြွချီလာသော ထိုင်ဝမ်ဆရာတော် ဦးပညာဇောတနှင့် လယ်ဝေးမြို့နယ် သာယာစုကျောင်းတိုက် ဝက္ကမူ (အရှေ့ကျောင်း)၊ တက်တိုး (သဲကောလေး) ကျောင်းတိုက်များအပါအဝင် လယ်ဝေးမြို့နယ်ဝန်းကျင်ရှိ ကျောင်းတိုက် ၅၁ ကျောင်းမှ ဆရာတော် ၁၅၅ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်းဖြစ်ပြီး ကျွန်းကုန်းကျေးရွာ၏ ဒုတိယအကြိမ်တရားဓမ္မသဘင်အဖြစ် မတ် ၁၈ ရက်မှ ၂၀ ရက်ထိ အရှင်ဦးဝရဥာဏမွှာစရိယ၊ ဝနယဝိဒူ ပြည်တွင်း/ပြည်ပ နယ်လှည့်ကထိက တပ်ကုန်းမြို့နယ်၊ နေပြည်တော်၊ အရှင်ဘဒ္ဒန္တရာဇိန္ဒ နိုင်ငံကျော် ဓမ္မကထိက ဗဟုဇနဟိတရေ အောင်မေတ္တာဆရာတော်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး၊ အရှင်သီရိဓမ္မစရိယ၊ ပြည်တွင်း/ပြည်ပ နယ်လှည့်ကထိက သံဃတက္ကသိုလ်ရေကူ၊ ကမ္ဘာအေး မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တို့မှ သုံးညတိုင်တိုင် အလှည့်ကျတရားဓမ္မသဘင် ဟောပြောခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(ရုပ်မြင်)**

## ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီး အကျဉ်းထောင်စစ်ဆေး

**သံတွဲ မတ် ၂၁**

ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီး ဒေါ်စန်းစန်းရီ၊ ရခိုင်ပြည်နယ်တရားရေးဦးစီးမှူး ဦးစိုးစိုးနှင့် သံတွဲခရိုင်တရားသူကြီး ဒေါ်စောရွှေတို့သည် မတ် ၂၀ ရက်က ပြည်ထောင်စုတရားစီရင်ရေးဥပဒေနှင့်အညီ သံတွဲအကျဉ်းထောင်သို့ သွားရောက်ပြီး အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သားများ၏ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်ပေးမှုနှင့် ဥပဒေပါအခွင့်အရေးများ ရရှိမှုအခြေအနေကို စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ကျောက်မျက်ရိုင်းများနှင့်ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ တတိယနေ့ ဆက်လက်ကျင်းပ



**နေပြည်တော် မတ် ၂၁**

နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ကျင်းပသည့် မြန်မာကျပ်ငွေဖြင့် ရောင်းချနေသော မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၂၀ရက်က တတိယနေ့အဖြစ် ကျင်းပရာ ပြည်တွင်းကျောက်မျက်ကုန်သည်များသည် ဝယ်ယူရန်အတွက် ခင်းကျင်းပြသထားသော ကျောက်မျက် အတွဲများအား သေချာစွာ ကြည့်ရှုစစ်ဆေးနေကြသည်ကို တွေ့ရသည်။

ကျောက်မျက် ကျောက်စိမ်းအတွဲများအား ဝယ်ယူရန်အတွက် ကုန်သည်အဖွဲ့များသည် တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း၊ အလိုက် ကျောက်အတွဲများအား သေချာစွာ ကြည့်ရှုစစ်ဆေးနေကြပြီး ဈေးနှုန်းများကိုတွက်ချက်၍ ဈေးနှုန်းပေးသွင်းလွှာများ ထည့်သွင်းကြသည်။ “ကျောက်အခြမ်းအလုံးအတိုင်း ဘယ်မော်က ထွက်တာလဲ၊ ဘာယမ်း(ကျောက်အခွံ)လဲ၊ အလေးချိန်ဘယ်လောက်ရှိလဲ၊ အရည်ကျောက်လား၊ အသားကျောက်လား ခွဲခြားပြီး ဈေးနှုန်းသင့်တယ်၊ ကိုယ့်အတွက် အမြတ်ကျန်နိုင်မယ်ဆိုရင် ဝယ်တယ်၊ ဝယ်ပြီး လွှာချပ်(ကျောက်အခေါ်)အခြမ်းလေးတွေ ဖြတ်ပြီး ရလာတဲ့ အရည်အသွေး အရွယ်အစားပေါ်မူတည် ဈေးဖြတ်ပြီး မန္တလေးမှာပဲ ပြန်ရောင်းပါတယ်”ဟု မန္တလေးမြို့မှ လာရောက်ဝယ်ယူသူ ဦးမောင်မောင်ဦးက ပြောသည်။ ၎င်းတို့ထံမှ အချောထည်ပြုလုပ်ရန် ဝယ်ယူသူကလည်း လွှာချပ်ကို ကြည့်ပြီး လက်ကောက်၊ ပုတီး၊ ဆွဲသီး၊ အရုပ်ပန်းပုအမျိုးမျိုး ပြုလုပ်ပြီး ကျောက်အချောထည်အဖြစ် ပြန်လည်ရောင်းချကြကြောင်း ၎င်းက ဆက်လက်ပြောသည်။

“ပုတီးလုပ်ငန်းလုပ်တာပါ။ အဖွဲ့လိုက်ပေါ့၊ ကြိုက်တဲ့အတွဲကို ဈေးနှုန်းသင့်ပြီး ဝယ်ပါတယ်။ ဒီပို့စစ် ဆယ်သိန်းသွင်းထားရင် သိန်းနှစ်ရာတန်ဖိုး ဝယ်ယူခွင့်ရှိပါတယ်။ တစ်နိုင်တစ်ပိုင်ဆိုတော့ ကိုယ့်အရင်းအနှီးနဲ့ချိန်ပြီး ဝယ်ပါတယ်။ ကျောက်ဈေးကွက် ပျက်တယ်ဆိုတာ မဟုတ်ပါဘူး။ ကျောက်ဈေးကျတာပါ။ ဈေးကျတော့ ကုန်ချောဈေးလည်း ကျတာပေါ့။ ကျောက်ဝယ်လိုင်းချင်းလည်း မတူတော့ ဝယ်တဲ့ ကျောက်အမျိုးအစားတန်ဖိုး ရင်းနှီးမြှုပ်နှံမှု ကွာပါတယ်။ လွှာချပ်လိုင်း ချပ်လိုင်းအပွင့်(အရည်)လိုင်းဆိုတော့ သူ့လိုင်းနဲ့သူ အခုလို မြန်မာငွေနဲ့ ရောင်းချပေးတာကြောင့် ပြည်တွင်း တစ်နိုင်တစ်ပိုင် ကျောက်လုပ်ငန်းလုပ်ကိုင်သူတွေအတွက် အဆင်ပြေပြီး တရားဝင်ဖြစ်တာပေါ့”။

“ဈေးနှုန်းတွေက သင့်ပါတယ်။ ကျောက်တွေကြည့်ပြီး ဒီနေ့ ဒီကျောက်ကို ဆွဲတယ်၊ မရရင်နောက်နေ့ တခြားကျောက်ကြည့်ပြီး ဆွဲတယ်။ နှစ်တွဲ သုံးတွဲလောက်ရရင်ရပြီ”ဟု သူငယ်ချင်းများစုပေါင်း အစုစပ်လာရောက်ဝယ်သူ စစ်ကိုင်းမြို့ဘက်မှ ကျောက်ကုန်သည်တစ်ဦးက ပြောသည်။ မြန်မာကျပ်ငွေဖြင့် ရောင်းချပေးခြင်းကြောင့် တစ်နိုင်တစ်ပိုင် ကျောက်အချောထည်လုပ်ကိုင်နေသူများအတွက် တရားဝင်ဝယ်ယူ၍ တရားဝင်လုပ်ကိုင်ခွင့်ရရှိသောကြောင့် အဆင်ပြေကြောင်း သိရသည်။

“ကုမ္ပဏီလုပ်ကွက် သက်တမ်းထပ်မတိုးပေးတော့ဘူး။ သက်တမ်းကုန်ရင် လုပ်ငန်းရပ်တော့ပဲ ဆက်လက်လုပ်ကိုင်ခွင့်မရတော့လို့ ကုမ္ပဏီအနေနဲ့ ထိခိုက်နစ်နာမှုအချို့ ရှိခဲ့ပေမယ့် ပြန်လည်လုပ်ကိုင်ခွင့် ပေးခဲ့ရင်လည်း လုပ်ကွက်ဧက လျှော့၍သော်လည်းကောင်း၊ ယင်းလုပ်ကွက်၌ အရင်လုပ်ကိုင်ခဲ့သော ကုမ္ပဏီတွေကိုသာ ဦးစားပေးခွင့်ပြုပေးစေလိုပါတယ်၊ ကျောက်တူးဖော်မှုလိုင်စင်ရပ်ဆိုင်းမှပဲ ကျောက်ဈေးကျတယ်”ဟု ကျောက်မျက်ကုမ္ပဏီတစ်ခုမှ မန်နေဂျာတစ်ဦးဖြစ်သူ ဦးလင်းအောင်က ပြောသည်။ ကျောက်တူးဖော်မှုများ ရပ်ဆိုင်းထားရသည့်အတွက် ကျောက်အတွဲများ ဈေးနှုန်းသင့်နေသော အချိန်တွင် ပြည်တွင်းကုန်သည်များ ဝယ်ယူထားသင့်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ယခုကျင်းပနေသော ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်/ကျောက်စိမ်းအတွဲပေါင်း ၄၄၅၄ တင်ပြရောင်းချထားသော်လည်း ယခင်နှစ်မှ မြန်မာကျပ်ငွေဖြင့် ရောင်းချခဲ့သောပွဲထက် တက်ရောက်ဝယ်ယူသူ ပြည်တွင်းကုန်သည်များ နည်းပါးသည်ကို တွေ့ရသည်။ **ခွန်(ဝင်းပ)**

❍ *ရှေ့ဖုံးမှ*

ဂီတတီးဝိုင်းအဖွဲ့သည် မြန်မာနိုင်ငံမှ ဂီတပညာရှင်များနှင့် တွေ့ဆုံ၍ ဂီတအနုပညာဆိုင်ရာ နှီးနှောဖလှယ်မှုအလုပ်ရုံဆွေးနွေးပွဲများကို ပြုလုပ်သွားမည်ဖြစ်သည့်အပြင် မတ် ၂၄ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အမေရိကန်စင်တာ၌ အခမဲ့ဂီတဖျော်ဖြေပွဲတစ်ခု ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ သတင်းထုတ်ပြန်ချက်အရသိရသည်။

ထိုသို့လာရောက်လည်ပတ်ခြင်းဖြင့် နှစ်နိုင်ငံရေတပ် အချင်းချင်းသာမက နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်လာနိုင်မည် ဖြစ်ကြောင်း သိရသည်။



# အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ






**နေပြည်တော် မတ် ၂၁**

ယနေ့အချိန်တွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှာ ရာသီဥတုပြောင်းလဲမှုများနှင့် နောက်ဆက်တွဲအကျိုးဆက်များဖြစ်သည့် မြေထု၊ ရေထု၊ လေထုများညစ်ညမ်းလာခြင်း၊ ကမ္ဘာ့အိုဇုန်းလွှာ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များ ယိုယွင်းပျက်စီးလာခြင်း၊ သဲကန္တာရဖြစ်ထွန်းခြင်းတို့အပြင် သဘာဝဘေးအန္တရာယ်များကိုလည်း ရင်ဆိုင်ကြုံတွေ့လျက် ရှိပါကြောင်း၊ ရာသီဥတုပြောင်းလဲခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ၏ အဓိကအကြောင်းရင်းမှာ သစ်တောများပြုန်းတီးမှုအပါအဝင် လုပ်ငန်းနယ်ပယ်အမျိုးမျိုးမှ ဖန်လုံအိမ်ဓာတ်ငွေ့များ ကမ္ဘာ့လေထုထဲ၌ တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာခြင်းကြောင့် ဖြစ်ပါကြောင်း အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့တွင် သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာန (ရေဆင်း) စုဝေးခန်းမ၌ ကျင်းပရာတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ထိုကဲ့သို့ ပြောကြားသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သစ်တောပြုန်းတီးမှုလျှော့ချရေးနှင့် သစ်တောများထာဝစဉ် တည်တံ့စေရေးတို့အတွက် ဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သစ်ထုတ်လုပ်မှု လုံးဝရပ်ဆိုင်းခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ပဲခူးရိုးမဒေသ၌ သစ်ထုတ်လုပ်မှု ၁၀ နှစ်ရပ်ဆိုင်းခြင်းနှင့် သစ်တောများအရှိန်အဟုန်ဖြင့် စိုက်ပျိုး၊ ထိန်းသိမ်းပြုစုခြင်း၊ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း (၂၀၁၇-၂၀၁၈ မှ ၂၀၂၇-၂၀၂၈) ကို တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ စတင်အကောင်အထည်ဖော်ခြင်း၊ အမြဲတမ်းသစ်တောနယ်မြေများကို နိုင်ငံ့ဧရိယာ၏ ၃၀ ရာခိုင်နှုန်း၊ သဘာဝနယ်မြေများကို နိုင်ငံ့ဧရိယာ၏ ၁၀ ရာခိုင်နှုန်းထိ တိုးချဲ့ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်လျက်ရှိခြင်း၊ သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်းနှင့် သစ်တောများ၏ အရည်အသွေးတိုးတက်ကောင်းမွန်ရေးကိုလည်း ဆောင်ရွက်လျက်ရှိခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောဧရိယာကေ ၂ ဒသမ ၂၇ သန်းကို စနစ်တကျ တည်ထောင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိခြင်း၊ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်းလုပ်ငန်း (REDD+) ကို နိုင်ငံ့အဆင့် အစီအစဉ်များ အကောင်အထည်ဖော်လျက်ရှိခြင်း၊ သစ်တောဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှု၊ ကုန်သွယ်မှု (Forest Law Enforcement, Governance and Trade - FLEGT) ဥရောပသမဂ္ဂနှင့်မိတ်ဖက်အဖြစ်ကုန်သွယ်မှုဆောင်ရွက်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်း၊ တပ်မတော်၊ ပြည်သူ့ရဲ၊ ဆက်စပ်ဌာနများ၊ ပြည်သူများနှင့်ပူးပေါင်း၍ တရားမဝင် သစ်ထုတ်ယူရောင်းဝယ်ခြင်းများကို ထိရောက်စွာ တားဆီးကာကွယ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထုပူးပေါင်းပါဝင်မှုသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ် Video Clip ပြသခြင်း၊ စုဝေးခန်းမအတွင်းခင်းကျင်းပြသထားသည့် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ် ပိုစတာများအား ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူများမှ လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **(သတင်းစဉ်)**

# ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ မြရည်နန္ဒာတိုက်ခန်း ၄၁ ခန်းကို ပထမဆုံးအကြိမ် မဲနှိုက်ရောင်းချ

**မန္တလေး မတ် ၂၁**

ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့များရှိ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်များ၌ ငွေစုဆောင်းထားကြသူများကို မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောက်လုပ်ထားသည့် မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာတိုက်ခန်း ၄၁ ခန်းကို မတ် ၂၀ ရက်က အဆိုပါရုံးခန်းမ၌ ပထမဆုံးအကြိမ် မဲစနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ တိုက်ခန်းများကို စုဆောင်းငွေများမှ တိုက်ခန်းဝယ်ယူရန် Down Payment ၃၀ ရာခိုင်နှုန်း ပြည့်မီသူများကို ပြည့်မီသည့် နံပါတ်စဉ်အလိုက် ဦးစားပေးကာ မဲစနစ်ဖြင့် ရောင်းချပေးခြင်းဖြစ်ကြောင်း မန္တလေးဘဏ်ခွဲ မန်နေဂျာ ဒေါ်မူမူဝေက ပြောကြားသည်။

"ကျွန်မတို့ မန္တလေးဘဏ်ခွဲက မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာ တိုက်ခန်း ၄၁ ခန်းရရှိပါတယ်။ ရန်ကုန်၊ နေပြည်တော်နဲ့ မန္တလေးဘဏ်တွေမှာ ငွေစုထားသူတွေအားလုံး ဒီတိုက်ခန်းကို လျှောက်ထားလို့ရပါတယ်။ လျှောက်ထားသူတွေထဲကမှ လိုချင်တဲ့အထပ်ကို မဲစနစ်နဲ့ ရောင်းချပေးခဲ့ပါတယ်" ဟု ၎င်းက ပြောသည်။

တိုက်ခန်းဝယ်ယူခွင့် ရရှိသူများအနေဖြင့် အခန်းတန်ဖိုးအလိုက် ပေးသွင်းရမည့် ၃၀ရာခိုင်နှုန်းကို ၎င်းတို့ စုဆောင်းငွေထဲမှထုတ်ယူ၍ အိုးအိမ်ဦးစီးဌာနသို့ ပေးသွင်းပြီး ကျန်ငွေ ၇၀ ရာခိုင်နှုန်းကို ဘဏ်မှချေးငွေအဖြစ် ထုတ်ချေးပေးသွားမည်ဖြစ်သည်။

"တိုက်ခန်းတန်ဖိုးရဲ့ ၇၀ ရာခိုင်နှုန်းကို ဘဏ်ကရှစ်နှစ် အရစ်ကျနဲ့ ထုတ်ချေးပေးမှာ ဖြစ်ပါတယ်။ ကျွန်မတို့ဘဏ်က ပြည်သူတွေ အိမ်ရာပိုင်ဆိုင်ခွင့်ရရှိစေရန် ရည်ရွယ်ချက်နဲ့ ဖွင့်လှစ်ထားတာဖြစ်တဲ့အတွက် ငွေစုစဉ်ကာလမှာလည်း သတ်မှတ်ဘဏ်တိုး ၈ ဒသမ ၅ ရာခိုင်နှုန်း ရရှိမှာ ဖြစ်ပါတယ်။ ဘဏ်တိုးလည်းရ အိမ်ပိုင်လည်းဖြစ်ဆိုတဲ့သဘောပါပဲ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါရောင်းချမည့် မြရည်နန္ဒာတန်ဖိုးမျှတတိုက်ခန်းများမှာ မြေညီထပ် ရှစ်ခန်း၊ ဒုတိယထပ် ၁၈ ခန်း၊ တတိယထပ် ရှစ်ခန်းနှင့် စတုတ္ထထပ် ခုနစ်ခန်းတို့ဖြစ်ကြပြီး ရောင်းချသည့်ဈေးနှုန်းများအနေဖြင့် မြေညီထပ် ငွေကျပ် ၂၂၃သိန်း၊ ပထမထပ် ငွေကျပ် ၂၀၈ သိန်း၊ ဒုတိယထပ် ငွေကျပ် ၁၉၃ သိန်း၊ တတိယထပ် ငွေကျပ် ၁၇၈ သိန်း၊ စတုတ္ထထပ် ငွေကျပ် ၁၆၃ သိန်းတို့ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



### ❁ ကျောဖုံးမှ

သဘာဝပတ်ဝန်းကျင် အလှအပများကိုလည်း ခံစားကြည့်ရှုနိုင်ခြင်းတို့ကြောင့် ဘုရားဖူးများ ပိုမိုလာရောက်ခြင်းဖြစ်ကြောင်း ဘုရားဖူးလာသူတစ်ဦးက ပြောသည်။

ဇလုံတောင်၏ သဘာဝအလှအပများကြောင့်လည်း ဇလုံတောင်ဘုရားသို့ နှစ်စဉ်ဘုရားဖူးများ တစ်နှစ်ထက်တစ်နှစ် ပိုပိုများပြားစွာ လာရောက်လျက်ရှိသည်ကို တွေ့မြင်ရသည်။ ပြီးခဲ့သည့်နှစ် ပွင့်လင်းရာသီအတွင်းက ဇလုံတောင်တော်သို့ ဘုရားဖူးခရီးသွားများလာရောက်ခဲ့မှုမှာ လူဦးရေ ရှစ်သောင်းနီးပါးရှိခဲ့ကာ ယခုနှစ်တွင် ဗန်းမောက်မြို့နယ်အတွင်းရှိ ကျေးရွာများ၊ ပတ်ဝန်းကျင်မှ မြို့ရွာများနှင့် မြန်မာပြည်အနှံ့အပြားမှ ဘုရားဖူးမှန်လုံယာဉ်ကြီးများ၊ ယာဉ်ငယ်များဖြင့် နေ့စဉ် ဇလုံတောင်တော်ဘုရားသို့ ဘုရားဖူးများ စည်ကားစွာလာရောက်လျက်ရှိကြောင်း သိရသည်။

ဇလုံတောင်တော်သို့ လာရောက်သောဘုရားဖူးခရီးသည်များ အန္တရာယ်ကင်းစွာသွားလာနိုင်ရန်အတွက် ဇလုံတောင်တက် မော်တော်ယာဉ်ငယ်အသင်းက ကားဂိတ်ဖွင့်လှစ်ထားသည်။ ဗန်းမောက်မြို့ လူထုအခြေပြုခရီးသွားလုပ်ငန်းအနီး၌ ကားဂိတ်ထားရှိပြီး ထိုမှတစ်ဆင့် ဇလုံတောင်တော်နှင့် ကျောက်မဏ္ဍပ်တောင်ပေါ်တို့သို့ ဘုရားဖူးခရီးသွားများကို ပို့ဆောင်ပေးလျက်ရှိသည်။

ဇလုံတောင်တော်ဘုရား၏ ဗုဒ္ဓပူဇနိယပွဲတော်ကိုလည်း ဧပြီ ၂၃ ရက်မှ ၂၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### ❒ ကျောဖုံးမှ

အားပြုကစားခဲ့ပြီး မြန်မာနောက်တန်း ခက်ခက်ခဲခဲ ထိန်းချုပ်ခဲ့ရသည်။ ၂၂ မိနစ်တွင် အင်ဒိုနီးရှားအသင်းဂိုးရခဲ့ပြီး ဘယ်ခြမ်းမှ ဆာဒီ ဖြတ်ပို့သောဘောလုံးကို တိုက်စစ်မှူး ဟာဒရင်တိုက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းဂိုးမှာ မြန်မာနောက်ခံလူများ အမှားမှတစ်ဆင့် ပေးခဲ့ရခြင်း ဖြစ်သည်။ ဂိုးပေးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း တိုက်စစ်အားမြင့်လာခဲ့ပြီး တိုက်စစ်မှူး ကျော်ကိုကို အပိုင်အခွင့်အရေးနှစ်ကြိမ်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ၃၇ မိနစ်တွင် မြန်မာအသင်း ခြေပဂိုးပြန်ရခဲ့ပြီး မောင်မောင်လွင်က အင်ဒိုနီးရှားဂိုးသမားကိုလိမ်ကာ သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းက တိုက်စစ်အသားပေးပုံစံဖြင့် ဆက်လက်ကစားခဲ့ပြီး ၅၅ မိနစ်တွင် မောင်မောင်လွင်အစား စည်သူအောင်၊ မျိုးကိုထွန်းအစား တင်ဝင်းအောင်တို့ကို ထည့်သွင်းကစားခဲ့သည်။ ယင်းကစားသမားနှစ်ဦး ဝင်လာပြီးနောက်ပိုင်းတွင် မြန်မာအသင်း ကစားပုံပိုကောင်းလာပြီး အင်ဒိုနီးရှားဂိုးပေါက်ကို ခြိမ်းခြောက်လာနိုင်ခဲ့သည်။ ကွင်းလယ်မှ တင်ဝင်းအောင်၏ အကွက်မြင်မြင် ဖန်တီးပေးမှုများကြောင့် မြန်မာအသင်းအခွင့်အရေးပိုရလာခဲ့သည်။ ၅၉ မိနစ်တွင် အောင်သူ၊ ၆၁ မိနစ်တွင် ကျော်ကိုကိုတို့၏ ကန်ချက်များ ဘားထိထွက်ခဲ့၍ မြန်မာအသင်းနစ်နာခဲ့ရသည်။ ၇၁ မိနစ်တွင် ကျော်ကိုကို၏ ထိုးဖောက်မှုကို အင်ဒိုနီးရှားနောက်ခံလူများ ဖျက်ထုတ်ပုံကြောင့် မြန်မာအသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး ကျော်ကိုကိုက သွင်းယူခဲ့ခြင်းဖြစ်သည်။ မိနစ် ၈၀ ကျော်တွင် အင်ဒိုနီးရှားအသင်း ဂိုးပေါက် ခြိမ်းခြောက်မှုအချို့ပြုလုပ်နိုင်ခဲ့သော်လည်း ချေပဂိုးမရခဲ့ပေ။ ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် တန်ပြန်တိုက်စစ်မှတစ်ဆင့် မြန်မာအသင်းတတိယဂိုးရခဲ့ပြီး ကျော်ကိုကိုဖန်တီးပေးသော ဘောလုံးကို စည်သူအောင်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ၉၄ မိနစ်တွင် တင်ဝင်းအောင်၏ကန်ချက် ဘားထိထွက်ခဲ့သောကြောင့် မြန်မာအသင်း ဂိုးထပ်မရခြင်းဖြစ်သည်။

အင်ဒိုနီးရှားအသင်းသည် ယခုနှစ်အတွင်း လက်ရွေးစင်အဆင့်ပြိုင်ပွဲ ယှဉ်ပြိုင်ရန်မရှိသောကြောင့် အာရှ ယူ-၂၃ ခြေစစ်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် ယူ-၂၂ ကစားသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

## မိုးဆက်လက် ထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၂၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်၌ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၌ မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

# သဘာဝဘေးဒဏ်လျှော့ပါးဖို့ မိုးတိမ်များကို အလေးထားစို့

## UNDERSTANDING CLOUDS

**ကျော်လွင်ဦး(မိုး/ဇလ)**




နှစ်စဉ် မတ်လ ၂၃ ရက်နေ့ဟာ ကမ္ဘာ့မိုးလေဝသနေ့ ဖြစ်ပါတယ်။ ကမ္ဘာ့မိုးလေဝသ အဖွဲ့ချုပ်ကြီးနဲ့ အဖွဲ့ဝင်နိုင်ငံတွေက အမျိုးသား မိုးလေဝသနှင့် ဇလဗေဒဌာနများမှာ ကမ္ဘာ့မိုးလေဝသနေ့ကို ခမ်းနားထည်ဝါစွာ ကျင်းပလေ့ရှိကြပါတယ်။ ကမ္ဘာ့မိုးလေဝသနေ့ကို နှစ်စဉ်အစဉ်အလာမပျက် ကျင်းပရာမှာ လက်ရှိဖြစ်ပေါ်နေတဲ့ မိုးလေဝသ၊ ရာသီဥတု အခြေအနေများကို ထင်ဟပ်စေမယ့် ထင်ရှားတဲ့အကြောင်းအရာတစ်ရပ်ကို ဖော်ညွှန်းလျက် ခေါင်းစဉ်တစ်ခုသတ်မှတ်ကျင်းပလေ့ရှိကြပါတယ်။ ဒီနှစ်အတွက် ကမ္ဘာ့မိုးလေဝသနေ့ ဆောင်ပုဒ်ကတော့ (Understanding Clouds) ဖြစ်ပြီး မိုးလေဝသ၊ ဇလဗေဒနဲ့ ရာသီဥတုဖြစ်စဉ်များတွင် မိုးတိမ်များ၏ အရေးပါမှုကို ပိုမိုသိရှိနိုင်ရန် ဖော်ညွှန်းလိုခြင်း ဖြစ်ပါတယ်။

**မိုးတိမ်များ၏ အရေးပါမှု**

မိုးတိမ်များဟာ မိုးလေဝသတိုင်းထွာရေးနှင့် ခန့်မှန်းရေးလုပ်ငန်းများအတွက် အလွန်အရေးပါတဲ့အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး ကမ္ဘာ့ရာသီဥတုစနစ်နဲ့ ရေသံသရာစက်ဝန်း မောင်းနှင်လည်ပတ်ဖို့အတွက် အထောက်အကူ ပေးနေတာဖြစ်ပါတယ်။ အနာဂတ် ရာသီဥတုဖြစ်စဉ်တွေကို တွက်ချက်တဲ့အခါ မိုးတိမ်များရဲ့အသေးစိတ် အခြေအနေများကို တိတိကျကျ သုံးသပ်ဖို့တော့ မလွယ်ကူတာ တွေ့ရပါတယ်။ ဒါကြောင့် မိုးတိမ်များက ရာသီဥတုဖြစ်စဉ်တွေအပေါ် အကျိုးသက်ရောက်မှုနဲ့ ပြောင်းလဲလာတဲ့ ရာသီဥတုအခြေအနေများက မိုးတိမ်များအပေါ် ဘယ်လောက်အထိ အကျိုးသက်ရောက်မှုရှိစေသလဲ ဆိုတာကို ကောင်းကောင်းနားလည်ဖို့ လိုအပ်နေပါတယ်။ ကမ္ဘာ့ရေသံသရာစက်ဝန်းနဲ့ ကမ္ဘာလုံးဆိုင်ရာ ရေသယံဇာတ အရင်းအမြစ်ပျံ့နှံ့မှုကို အဓိကပုံဖော်ပေးတဲ့ မိုးတိမ်များကို လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက စာပေ၊ ဂီတ၊ ရသ၊ ကဗျာ၊ ဓာတ်ပုံ၊ ပန်းချီ အနုပညာရှုထောင့်အသီးသီးတို့မှ ပညာရှင် အသီးသီးတို့ကလည်း အတွေးအမြင်များ စပ်ဆို၊ သီကျူး၊ ပုံဖော်ခဲ့ကြတာကိုလည်း မြင်တွေ့နိုင်ပါတယ်။

**မိုးတိမ်များရဲ့သဘာဝ**

တိမ်များဖြစ်ပေါ်မှုဟာ ရေခိုးရေငွေ့များ ငွေ့ရည်ဖွဲ့ရာမှ ဖြစ်ပေါ်ကြပြီး မိုးလေဝသအခြေအနေ အမျိုးမျိုးဖြစ်ပေါ်နိုင်မှုကိုညွှန်ပြပါတယ်။ ရေငွေ့ပါဝင်မှု ပမာဏများရင်များသလို မိုးရွာနိုင်မှု ပမာဏများပါတယ်။ မိုးတိမ်များဖြစ်ပေါ်မှုကို ပုံသဏ္ဌာန်၊ အမျိုးအစား၊ အထူအပါး၊ အနိမ့်၊ အမြင့်၊ အထက်အောက်ဖြစ်ပေါ်မှု အခြေအနေများအပေါ်မူတည်၍ နိုင်ငံတကာ မိုးလေဝသဌာနများမှ တစ်ပြေးညီတိုင်းထွာအသုံးပြုနိုင်ရန် အတွက်လက်တင် (Latin-based cloud classification) ဘာသာနဲ့အမည်ပေးထားတဲ့ တိမ်အမျိုးအစားအလိုက် အမည်များ ခွဲခြားသတ်မှတ်၊ ထုတ်ပြန်ပေးထားပါတယ်။ ပုံမှန်အားဖြင့် တိမ်ဖြစ်ထွန်းမှုပုံစံကို အမြင့်နဲ့ သတ်မှတ်တဲ့အခါ အမြင့်မီတာ ၆၀၀၀ အထက်မှာဖြစ်တဲ့ တိမ်မြင့်(High Cloud)၊ မီတာ၂၀၀၀ နဲ့ ၆၀၀၀ ကြားမှာဖြစ်တဲ့ တိမ်လတ် (Medium Cloud)၊ အမြင့်မီတာ ၂၀၀၀ အောက်မှာသာ ဖြစ်တဲ့ တိမ်နိမ့် (Low Cloud) ဆိုပြီး ခွဲခြားပါတယ်။ တိမ်များကြီးထွားဖွံ့ဖြိုးမှု (development)အပေါ်မူတည်၍ အလွှာလိုက် ဖြစ်ပေါ်တဲ့တိမ်များ( Layer Cloud ) နဲ့ ဒေါင်လိုက်ဖြစ်ပေါ်တဲ့ တိမ်များ (Vertical development Cloud)ဆိုပြီး ခွဲခြားပါတယ်။ အောက်ခံ မြေမျက်နှာပြင် အပူချိန်ပေါ်မူတည်ပြီး မိုးတိမ်တွေကနေ ရွာကျမှုပုံစံအမျိုးမျိုးရှိပါတယ်။ မြေပြင်အပူချိန် ၁၅ ဒီဂရီစင်တီဂရိတ်လောက်ရှိရင် ရွာကျမှုပုံစံက မိုးရေဖြစ်ပြီး မြေပြင် အပူချိန် ရေခဲမှတ်ဖြစ်ပါက ဆီးနှင်းအဖြစ် ရွာကျမှာဖြစ်ပါတယ်။ မြေပြင်အပူချိန် ရေခဲမှတ်အောက် (အနုတ် ၁၀ ဒီဂရီစင်တီဂရိတ်လောက်) ရောက်ရှိပါက နှင်းဖတ်ခဲများ ရွာကျမှာဖြစ်ပါ တယ်။ မိုးသီးကြွေကျမှုကတော့ အားအလွန်ကောင်းတဲ့ မိုးတိမ်တောင်မှ ကြွေကျတာ ဖြစ်ပါတယ်။ မိုးတိမ်တွေရဲ့ ရွာကျမှုဟာ မြေပြင်အပူချိန်ပေါ်မှာ မူတည်ပြီး ဒေသအလိုက် ပုံစံကွဲပြားကြပါတယ်။

တိမ်မြင့်အုပ်စုတွင် Cirrus(တိမ်မျှင်)၊ Cirrocumulus (တိမ်မျှင်တောင်)၊ Cirrostratus (တိမ် မျှင်လွှာ)၊ တိမ်လတ်အုပ်စုတွင်Altocumulus (တိမ်လတ်တောင်)၊ Altostratus (တိမ်လတ်လွှာ)၊ တိမ်နိမ့်အုပ်စုတွင် Nimbostratus (မိုးတိမ်လွှာ)၊ Stratus (တိမ်လွှာ)၊ Stratocumulus (တိမ်လွှာတောင်)၊ Cumulus (တိမ်တောင်)၊ Cumulonimbus (မိုးတိမ်တောင်)တို့ပါဝင်ပြီး မိုးလေဝသစခန်းများမှာ ခေတ်မီနည်းပညာသုံး ကိရိယာများနဲ့ အပူချိန်၊ စိုထိုင်းဆ၊ လေထုဖိအား၊ တိုက်လေ လာရာအရပ်နဲ့ လေတိုက်နှုန်းတို့ကို အလိုအလျောက်တိုင်းထွာအသုံးပြုနေပေမယ့် တိမ်အမျိုးအစား ခွဲခြားတိုင်းထွာခြင်းကိုတော့ မိုးလေဝသတိုင်းထွာရေးမှူးများကသာ တိမ်ဖုံးအုပ်တဲ့ပမာဏ၊ တိမ်အမျိုးအစား၊ တိမ်ရွေ့လျားမှုတို့ကို စောင့်ကြည့်လေ့လာသတင်းပေးပို့ကြရပါတယ်။ မိုးလေဝသခန့်မှန်းရေးမှူး၊ မုန်တိုင်းခန့်မှန်းရေးမှူးများက မိုးလေဝသမြေပုံပေါ်မှာ လေထုအခြေ အနေရွေ့လျား ပြောင်းလဲမှုများနဲ့အတူ လက်ရှိဖြစ်ပေါ်နေတဲ့ ဂြိုဟ်တုတိမ်ခြေအနေများနဲ့ ဆက်စပ်ပြီး မိုးလေဝသအခြေအနေများ သုံးသပ်ခန့်မှန်းပေးကြရပါတယ်။ ရေခိုးရေငွေ့များတဲ့အထက် လေထုအတွင်းအမြင့်ပေသုံးသောင်းကျော်မှ ပျံသန်းသွားတဲ့ ခရီးသည်တင်လေယာဉ်ကြီးများ ပျံသန်းစဉ် ဂျက်အင်ဂျင်မီးခိုးငွေ့နဲ့ ရေငွေ့များကြောင့် ဖြစ်ရတဲ့ (Condensation Trail) ကိုလည်း တိမ်များအဖြစ်သတ်မှတ်လေ့ကြရှိသလို ထူထပ်တဲ့ မြူထူဆိုင်းနေတာကိုလည်း မြေပြင်ကိုရောက်ရှိတဲ့တိမ် (Ground Cloud) လို့လည်း ဆိုကြပါတယ်။

လေကြောင်းပျံသန်းရေး၊ ပင်လယ်ပြင်ခရီး သွားလာရေးအတွက် ဆိုးရွားစွာအန္တရာယ်အယုက်ပေးတဲ့ မိုးတိမ်တောင်ကတော့ "တိမ်မင်းသားကြီး" လို အလေးထားကာ မိုးလေဝသသမားတွေ အလေးထားစောင့်ကြည့် ခန့်မှန်းကြရပါတယ်။ မိုးတိမ်တောင်အတွင်းမှာ တစ်နာရီမိုင် ၁၀၀ နှုန်းအထက်တိုက်ခတ်နေတဲ့ အထက်အောက်လေစီးကြောင်းတွေ၊ ပြင်းထန်တဲ့ လျှပ်စစ်စီးကြောင်းတွေကြောင့် မိုးကြိုးပစ်တာတွေဖြစ်ပေါ်ပါတယ်။ မိုးတိမ်တောင်ရွေ့လျားရာ တစ်လျှောက်မှာ မိုးသည်းထန်တာ၊ လေပြင်းတိုက်ခတ်တာ၊ အရွယ်အစားကြီးမားတဲ့ မိုးသီးကြွေကျတာ၊ မိုးကြိုးပစ်တာ၊ လေဆင်နှာမောင်းတိုက်ခတ်တဲ့ မိုးလေဝသတွေ ဖြစ်ပေါ်စေပါတယ်။ "မြစ်ရိုးမှာတဲ့ မိုးသက်ဆင်၊ လျှပ်ကြိုးပျံ မိုးသံထစ်၊ မိုးစစ်ဘုရင်၊ မိုးညစ်လို့ မြစ်မမြင်၊ ဗေဒါခင်ဖြစ်နဲ့၊ မိုးသက်လေ ရေတရိုးမှာ၊ စိုးရွံ့မှာပဲ" လို့တောင် ဆရာကြီးဇော်ဂျီရဲ့ဗေဒါလမ်းမှာ မိုးတိမ်တောင်အကြောင်း ရေးဖွဲ့ခဲ့ပါတယ်။ တိမ်တွေရှိတဲ့အရပ်မှာ ရေခိုးရေငွေ့တွေရှိနေလို့ မိုးရွာသွန်းမှုများရှိပြီး စိုက်ရေးပျိုးရေး၊ ရေသယံဇာတ စီမံခန့်ခွဲရေး၊ စွမ်းအင်၊ ပို့ဆောင်သွားလာရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်အတွက် အကျိုးကျေးဇူးများ ရရှိနိုင်လို့ တန်ဖိုးမဖြတ်နိုင်တဲ့ သဘာဝသိပ္ပံရဲ့လက်ဆောင်ဖြစ်ပါတယ်။ မိုးတိမ်များဟာ အောက်ခံမြေမျက်နှာပြင်၊ သစ်တော၊ ရေပြင်ဧရိယာ၊ တော၊ တောင်များနဲ့လည်း အပြန်အလှန်ဆက်စပ်ကြလို့ သဘာဝပတ်ဝန်းကျင်ကောင်း များစွာရှိပါက မိုးတိမ်တွေရဲ့ လိုက်ဖက်တဲ့ တုံ့ပြန်မှုတွေကြောင့် မိုးလေဝသအခြေအနေများ ပိုမိုကောင်းမွန်လာမှာ ဖြစ်ပါတယ်။

**မိုးတိမ်တိုက်များ**

ကမ္ဘာ့ရာသီဥတု ပညာရှင်တွေအနေနဲ့ ခေတ်မီစူပါကွန်ပျူတာစက်ကြီးများ အသုံးပြုကာ အနာဂတ်ရာသီဥတုပြောင်းလဲလာနိုင်မှုကို လေ့လာ၊ တွက်ချက်တဲ့အခါ ကမ္ဘာ့တိုက်ကြီးများရဲ့ဒေသအလိုက်ဖြစ်ပေါ်တဲ့ မိုးတိမ်များရဲ့ စရိုက်လက္ခဏာများကို ထည့်သွင်းစဉ်းစားရတာ တွေ့ရပါတယ်။ မြန်မာ့လေထုအတွင်းက အနောက်တောင်လေကြောင့် အဓိကဖြစ်ပေါ်လာတဲ့ မိုးတိမ်တိုက်များဟာ ဒေသအကျိုးပြု မိုးတိမ်တိုက်များအဖြစ်သာမက အနာဂတ်ကမ္ဘာ့ရာသီဥတု အတွက်ပါ အသုံးဝင်တဲ့ ရာသီဥတုအချက်အလက်များ ဖြစ်ပါတယ်။ မိုးတိမ်များနဲ့ ဆက်စပ်ပြီး ပြောင်းလဲနေတဲ့ မြန်မာ့ရာသီ ဥတုရဲ့အရေးပါမှုကို ပိုပြီးသိရှိလာဖို့အတွက် လိုအပ်တဲ့နည်းပညာ၊ ကျွမ်းကျင်မှုများ ပိုမိုရရှိလာအောင် ဒေသအလိုက်ဖြစ်ပေါ်တတ်တဲ့ မိုးတိမ်တောင်တွေကြောင့် ဆိုးရွားတဲ့ နောက်ဆက်တွဲမိုးလေဝသအခြေအနေများကို မှန်ကန်မှုရာခိုင်နှုန်း များတဲ့ ခန့်မှန်းချက်၊ သတိပေးချက်များ အချိန်မီထုတ်ပြန်ပေးနိုင်ဖို့အတွက် ဆက်လက်ကြိုးစား ဆောင်ရွက်သွားကြရဦးမှာ ဖြစ်ပါတယ်။ နေ့စဉ် ခန့်မှန်းချက်၊ သတိပေးချက်များ ထုတ်ပြန်ဖို့နဲ့ ကမ္ဘာ့မိုးလေဝသတိုင်းထွာရေး ကွန်ရက်စနစ်သို့ နေ့စဉ် သုံးနာရီတစ်ကြိမ် မိုးလေဝသအခြေအနေများနဲ့ မိုးတိမ်များကို စောင့်ကြည့်၊ တိုင်းထွာ၊ ခန့်မှန်းပေးနေတဲ့ နေပြည်တော်မှ ခန့်မှန်းရေးမှူးများ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်များရှိ မိုးလေဝသနှင့် ဇလဗေဒစခန်း၊ ရုံးအသီးသီးမှ အရာထမ်း၊ အမှုထမ်းများအားလုံးကို ကျေးဇူးတင်မိပါကြောင်း၊ လိုအပ်မယ့် နည်းပညာ၊ ဗဟုသုတများစွာကိုလည်း စဉ်ဆက်မပြတ်ဆက်လက် လေ့လာဆည်းပူးရင်း ဌာနလုပ်ငန်းများ ပိုမိုတိုးတက်လာစေဖို့အတွက် မြန်မာ့လေထုအတွင်းမှာ ဖြစ်ပေါ်လာမယ့် အနာဂတ်မိုးတိမ်များကို အလေးထားဂရုပြုကာ တိတိကျကျ လေ့လာတိုင်းထွာ သတင်းပို့နေကြဦးမယ်လို့ ယုံကြည်မိပါကြောင်း တင်ပြလျက်မတ်လ ၂၃ ရက်နေ့မှာ ကျရောက်တဲ့ ကမ္ဘာ့မိုးလေဝသနေ့အား ဂုဏ်ပြုအပ်ပါတယ်။

> **မိုးတိမ်များနဲ့ ဆက်စပ်ပြီးပြောင်းလဲနေတဲ့ မြန်မာ့ရာသီဥတုရဲ့အရေးပါမှုကိုပိုပြီး သိရှိလာဖို့အတွက် လိုအပ်တဲ့နည်းပညာ၊ ကျွမ်းကျင်မှုများ ပိုမိုရရှိလာအောင် ဒေသအလိုက်ဖြစ်ပေါ်တတ်တဲ့ မိုးတိမ်တောင်တွေကြောင့် ဆိုးရွားတဲ့ နောက်ဆက်တွဲ မိုးလေဝသအခြေအနေများကို မှန်ကန်မှုရာခိုင်နှုန်းများတဲ့ ခန့်မှန်းချက်၊ သတိပေးချက်များ အချိန်မီထုတ်ပြန်ပေး နိုင်ဖို့အတွက် ဆက်လက်ကြိုးစား ဆောင်ရွက်သွားကြရဦးမှာ ဖြစ်ပါတယ်။**

# လားရှိုးမြို့နယ်၌ ကလေးစာပေပွဲတော်ကျင်းပမည်

**လားရှိုး မတ် ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော




ကလေးလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေဗဟုသုတရရှိရေး၊ ကလေးများ ဉာဏ်ရည်ထက်မြက်စေရေးနှင့် ကလေးများစွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို မတ် ၂၄ ရက် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင်နံနက် ၉ နာရီမှစတင်ကာ လားရှိုးမြို့မြို့တော်ခန်းမ၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါ ပွဲတော်တွင် ပုံပြင်ပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စက္ကူရုပ်ခေါက်ပြိုင်ပွဲ၊ ဂိမ်းကစားခြင်း၊ အရုပ်ဆက်ခြင်းနှင့် စကားပုံဆက်ခြင်းစသည့်အပြင် ကလေးများအသိပညာဗဟုသုတ တိုးပွားစေရေး၊ အတွေးအခေါ်ရှင်သန်ခိုင်မာရေးအတွက် စာရေးဆရာများဖြစ်ကြသည့် မိုးသျှန်၊ မမ (လားရှိုး)၊ နေမျိုးနွယ်၊ စောထွေးကိုကို၊ နှင်းစက်(လားရှိုး)၊ မစန္ဒာကြူတို့က ဟောပြောဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ကျော်စိုး(ပြန်/ဆက်)**

# ရမည်းသင်းမြို့၌ နွေရာသီပန်းချီသင်တန်းဖွင့်

**ရမည်းသင်း မတ် ၂၁**

အခြေခံပညာအဆင့် ကျောင်းသားကျောင်းသူများ နွေရာသီကျောင်းပိတ်ချိန် တွင် အချိန်ကိုအကျိုးရှိစွာ အသုံးပြု၍အသိပညာတိုးပွားစေရန်နှင့် ကျောင်းသင်ဘာသာရပ်များတွင် အထောက်အကူပြုစေရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ လူမှုထူးချွန်စာကြည့်တိုက်နှင့် ပညာရေးဖောင်ဒေးရှင်းကော်မတီမှ နွေရာသီပန်းချီသင်တန်းကို မတ်လတတိယပတ်မှစ၍ အဆိုပါစာကြည့်တိုက်၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် ကျောင်းသား ကျောင်းသူ ၇၀ ကျော်တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ကြာမည်ဖြစ်ကြောင်း သိရသည်။

ရမည်းသင်းမြို့လူမှုထူးချွန်စာကြည့်တိုက်နှင့် ပညာရေးဖောင်ဒေးရှင်း ကော်မတီသည် နွေရာသီပန်းချီသင်တန်းကို စဉ်ဆက်မပြတ်ဖွင့်လှစ်ခဲ့ရာလေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်းသိရပြီး ယင်းသင်တန်းကဲ့သို့ပင် ကျောင်းသား ကျောင်းသူများအတွက် အခြားအကျိုးပြု သင်တန်းများကိုလည်း စဉ်ဆက်မပြတ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# ဖရူဆို-ကေးလျား(လောခူ) ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်ပွဲ ဖရူဆိုမြို့နယ်၌ ကျင်းပ

**လွိုင်ကော် မတ် ၂၁**

ပြည်သူ့အစိုးရသစ်၏သက်တမ်း တစ်နှစ်ပြည့်မြောက်ခြင်းအား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကယားပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဖရူဆို-ကေးလျား (လောခူ) ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ ရက် နံနက် ၉ နာရီက ဖရူဆိုမြို့နယ် လောခူကျေးရွာရှိ အဆိုပါလမ်းသစ်ဖွင့်ပွဲမုခ်ဦးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းက ဖရူဆို-ကေးလျား(လောခူ) ကတ္တရာထပ်ပိုးလွှာလမ်းသစ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျေးလက်နေပြည်သူများကိုယ်စား ရပ်မိရပ်ဖ ဦးဆော်ရယ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက လမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်လာကြသော ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးမျိုးသိန်းက လမ်းသစ်ဖွင့်ပွဲအထိမ်းအမှတ်အလံများ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပဲ့ဒူတို့က ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကတ္တရာလမ်းသစ်အား လိုက်လံကြည့်ရှုခဲ့သည်။

အဆိုပါကတ္တရာထပ်ပိုးလွှာလမ်းသစ်သည် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကယားပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေကျပ် ၁၆၄ သန်းဖြင့် ဆောင်ရွက်သော လမ်းအရှည် ၂ ဒသမ ၄ မိုင်၊ အကျယ် ၁၂ ပေ၊ လမ်းပခုံးသုံးပေ၊ ထုသုံးလက်မရှိသော လမ်းသစ်ဖြစ်ပြီး ယခုလို လမ်းအဆင့်မြှင့်တင်ပေးသည့်အတွက် ဖရူဆိုမြို့ပေါ်ရပ်ကွက်များ၊ လောခူ၊ လောလျားခူ၊ ထီးဘျားညော၊ ဒေါ်ဗျာကူး၊ ဒေါ်တကလဲ့၊ ကေးလျားကျေးရွာများရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဖရူဆိုမြို့ရှိ အပြစ်မဲ့သန္ဓေယူသော မယ်တော်သခင်မ ဘုရားရှိခိုးကျောင်းတော်သစ် အဝင်လမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ဖရူဆိုတိုက်နယ်ကက်သလစ်ကျောင်းထိုင် ဘုန်းတော်ကြီး Fr. ကိုလု၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူနှင့် ဖရူဆိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းသိန်းတို့က လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရပ်မိရပ်ဖ ဦးဦးရယ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဖရူဆိုမြို့ရှိ အပြစ်မဲ့သန္ဓေယူသော မယ်တော်သခင်မ ဘုရားရှိခိုးကျောင်းတော်သစ်အတွင်း ဝင်ရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



# နွေရာသီရေရှားပါးမှုဖြစ်ပေါ်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန် ကွင်းဆင်းစစ်ဆေး



**စစ်ကိုင်း မတ် ၂၁**

စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နွေရာသီကာလ၌ သောက်သုံးရေရှားပါးမှု ဖြစ်ပေါ်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ယခင်နှစ်များက ရေရှားပါးမှုကြုံတွေ့ခဲ့ရသော ကျေးရွာများသို့ကွင်းဆင်းကာ ယခုနှစ်တွင် ရေရှားပါးမှု ထပ်မံကြုံတွေ့ခဲ့ပါက အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ကာ ဖြေရှင်းနိုင်ရေးတို့အတွက် ပြည်သူလူထုနှင့်တွေ့ဆုံကာ မြေပြင်အခြေအနေများကို မတ် ၂၁ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးတို့အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၆၁ ဒသမ ၅ သန်းဖြင့် ကျေးရွာပေါင်း ခုနစ်ရွာကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ရာ အဆိုပါကျေးရွာများမှာ စမွန်းအုပ်စု ရုံးပင်ကျေးရွာတွင် ခြောက်ပေ (အချင်း×၃၀ ပေ)ရှိ လက်တူးရေတွင်းတစ်တွင်း၊ ရေမျက်ကျေးရွာတွင် ၂၁၁၇၉၀ ကုဗပေရှိ ရေကန်တစ်ခု၊ ကျားမင်းကြီးကျေးရွာတွင် ပေ ၂၅၀×၂၈၅ ပေ×၄ ပေ ၆ လက်မ)ရှိ ရေကန်တစ်ခု၊ ပေါက်မမြောက်ရွာတွင် (၁၁၅ ပေ ×၁၀၅ ပေ ×၈ ပေ) ရှိ ရေကန်တစ်ခု၊ ရှားပင်ကန်ကျေးရွာတွင် (ပေ ၃၀၀ × ပေ ၃၀၀ × ၃ ပေ)ရှိ ရေကန်တစ်ခု၊ အုတ်ဖိုကျေးရွာတွင် တွင်းနက်တစ်တွင်းနှင့် သားပျောက်ကုန်းကျေးရွာတွင် တွင်းနက်တစ်တွင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယမန်နှစ် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာနှစ်အတွင်းကလည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ကျေးလက်ရေပေးဝေရေးလုပ်ငန်းများကို ကျေးရွာပေါင်း ၁၇ ရွာတွင် တွင်းနက်များတူးဖော်ခြင်း၊ မြေသားရေကန်များတူးဖော်ပေးခြင်းလုပ်ငန်းများအတွက် ကုန်ကျငွေသန်း ၆၂ ဒသမ ၈၇၅ သန်း အကုန်အကျခံ တူးဖော်ပေးခဲ့ပြီးဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဗိုလ်တထောင်မြို့နယ်၌ ကုမ္ပဏီရုံးခန်းအတွင်း တရားထိုင်နေသူ အမျိုးသားတစ်ဦးကို အမျိုးသားနှစ်ဦးက ခြိမ်းခြောက်ထိုးနှက်ကာ ရွှေနှင့် ပစ္စည်းများ လုယူထွက်ပြေးမှုဖြစ်ပွား

**ရန်ကုန် မတ် ၂၁**

ဗိုလ်တထောင်မြို့နယ် အမှတ် (၅) ရပ်ကွက် လမ်း(၅၀)တွင် ကုမ္ပဏီရုံးခန်းအတွင်း တရားထိုင်နေသည့်အသက် ၇၀ အရွယ်ရှိ အမျိုးသားတစ်ဦးကို အမျိုးသားနှစ်ဦးက ခြိမ်းခြောက်ထိုးနှက်ကာ ရွှေနှင့် ပစ္စည်းများ လုယူထွက်ပြေးသွားမှု ယနေ့ နံနက်ပိုင်းက ဖြစ်ပွားခဲ့သည်။

မရမ်းကုန်းမြို့နယ်နေသူ ဦးမင်းဆွေ (၇၀နှစ်) သည် နံနက်ပိုင်းက ဗိုလ်တထောင်မြို့နယ် အမှတ် (၅) ရပ်ကွက် လမ်း(၅၀) တိုက်အမှတ်(၁၅) ငါးလွှာရှိ New Wave Service ကုမ္ပဏီရုံးခန်းသို့ရောက်ရှိလာပြီး တရားထိုင်နေစဉ် နံနက် ၈ နာရီခန့်တွင် မျက်နှာပဝါစည်းထားသော အမျိုးသားလူစိမ်းနှစ်ဦး ရုံးခန်းအတွင်းသို့ဝင်ရောက်လာပြီး တစ်ဦးက ၎င်းအား ဓားမြှောင်ဖြင့်ထောက်ကာ မလှုပ်ရန် ပြောဆိုစဉ် ပြန်လည်ခုခံခဲ့ရာ အမျိုးသားလူစိမ်းနှစ်ဦးက ၎င်းအား ဓားဖြင့်ထိုး၊ လက်သီးဖြင့်ထိုး၊ ခြေထောက်ဖြင့်ကန်မှုများပြုလုပ်ခဲ့ပြီး ခြေထောက်နှင့် လက်များကို တိပ်များဖြင့်တုပ်နှောင်ကာ ၎င်း၏ လက်တွင်စွပ်ထားသော အလေးချိန် သုံးမတ်သားခန့်ရှိ အစိမ်းရောင်ကျောက်ပါ တန်ဖိုးခြောက်သိန်းခန့်ရှိ ရွှေလက်စွပ်တစ်ကွင်း၊ ငွေကျပ်နှစ်သိန်း၊ CB Bank Cheque စာအုပ်တစ်အုပ်၊ KBZ Bank Cheque စာအုပ်တစ်အုပ်၊ မှတ်ပုံတင်ကတ်နှင့် အခြားစာရွက်စာတမ်းများထည့်ထားသော အညိုရောင် ယောကျ်ားကိုင် ပိုက်ဆံအိတ်တစ်လုံးတို့အား လုယူထွက်ပြေးသွားကြောင်း သိရသည်။

"သတင်းရရချင်း အခင်းဖြစ်တဲ့နေရာကို ချက်ချင်းသွားရောက်စစ်ဆေးခဲ့တယ်၊ ဒဏ်ရာရရှိသွားတဲ့သူကို ဆေးရုံပို့တယ်၊ အမှုနဲ့ပတ်သက်ပြီး လုပ်ထုံးလုပ်နည်းတွေကို ဆောင်ရွက်ခဲ့ပါတယ်၊ လက်ရှိအနေအထားကတော့ တိုင်း၊ ခရိုင် ပူးပေါင်းအဖွဲ့တွေနဲ့ မြို့နယ်တွေအတွင်းမှာ ဆက်စပ်သတင်းတွေအရ တရားခံတွေကို စုံစမ်းရှာဖွေနေပါတယ်" ဟု ဗိုလ်တထောင်မြို့မရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက မြန်မာ့သတင်းစဉ်၏ ဆက်သွယ်မေးမြန်းမှုအပေါ် ယနေ့ ည ၈ နာရီခန့်တွင် ပြန်လည်ဖြေကြားသည်။

ထိုသို့ဖြစ်ပွားမှုကြောင့် တရားလို ဦးမင်းဆွေတွင် ယာလက်မအရင်းပြတ်ရှတစ်ချက်၊ ယာပေါင်နောက်ဘက် ထိုးသွင်းတစ်ချက်နှင့် ခန္ဓာကိုယ်နာကျင်ဒဏ်ရာများရရှိခဲ့သဖြင့် သက်ဆိုင်ရာက ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ပြီး အမှုနှင့်ပတ်သက်၍ ဗိုလ်တထောင်မြို့မရဲစခန်းက (ပ)၅၅/၂၀၁၇၊ ရာဇသတ်ကြီးဥပဒေ ပုဒ်မ-၃၉၄ ဖြင့် အမှုဖွင့်လှစ်ကာ ပြစ်မှုကျူးလွန်သူတို့အား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး(ပဏိတ)**



# ကလေးများအတွက် လန်းဆန်းရွှင်ပျော် ကလေးစာပေပွဲတော် ပါဝင်ဆင်နွှဲသွားစို့နော်

**ကျောင်းသား ကျောင်းသူကလေးငယ်များ စာမေးပွဲကြီးပြီး၍ အနားရချိန်၊ အခြေခံပညာကျောင်းများ ခေတ္တပိတ်ထားချိန်ဖြစ်သည်။ ကလေးငယ်များ ကျောင်းစာဖြင့် တစ်နှစ်တာပတ်လုံး ပင်ပန်းနွမ်းနယ်ခဲ့ရသမျှ အတိုးချအပန်းပြေစေရန် လန်းဆန်းရွှင်ပျော်စေရန်နှင့် ကလေးငယ်များကိုယ်တိုင် အားပါးတရ လွတ်လပ်စွာ ပါဝင်ဆင်နွှဲနိုင်စေရန် ကလေးစာပေပွဲတော်များကို ကျင်းပပေးလျက်ရှိသည်။**

ကလေးစာပေပွဲတော်ကို အနာဂတ်ခေါင်းဆောင်များ၏ ထက်မြက်သည့် ဉာဏ်ရည်ဉာဏ်သွေးများနှင့် အတွေးအခေါ်အယူအဆများ မှန်ကန်ထက်မြက်မြင့်မားလာစေရန်၊ ကလေးငယ်များ၏ တီထွင်ဖန်တီးလိုစိတ်များ ရှင်သန်နိုးကြားလာစေရန်၊ ကလေးငယ်များ ဗဟုသုတဖြစ်ဖွယ် စာပေနှင့်ရင်းနှီးကျွမ်းဝင်ပြီး စာဖတ်ဝါသနာပါလာစေရန်၊ ကလေးများ လန်းဆန်းတက်ကြွပျော်ရွှင်လာစေရန်နှင့် စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

အဆိုပါရည်ရွယ်ချက်များနှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ပူးပေါင်းကာ နယ်မြေဒေသအသီးသီး၌ ကျင်းပပေးနေခြင်းဖြစ်သည်။

ကလေးစာပေပွဲတော်ကို နေပြည်တော်၌ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၅ ရက်၊ မန္တလေးမြို့၌ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၇၊ ၂၈၊ ၂၉ ရက်၊ ပဲခူးမြို့၌ မတ် ၂၂ ရက်နှင့် ကရင်ပြည်နယ် ဘားအံမြို့၌ မတ် ၁၉၊ ၂၀ ရက်တို့တွင် ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ မွန်ပြည်နယ် မော်လမြိုင်မြို့ မော်လမြိုင်တက္ကသိုလ်၌ မတ် ၂၅၊ ၂၆၊ ၂၇ ရက်နှင့် ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ မတ် ၃၀ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ ကလေးစာပေပွဲတော်တွင် ကလေးများကိုယ်တိုင် ပါဝင်ကြမည့် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဂိမ်းကစားနည်းမျိုးစုံနှင့်ပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ အိမ်ဆောက်ပြိုင်ပွဲများအပြင် အသက်အရွယ်အလိုက် ပါဝင်ယှဉ်ပြိုင်နိုင်သည့် ကစားနည်းမျိုးစုံပြိုင်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်မည်ဖြစ်သည်။ ထို့အပြင် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ၊ ဒေသခံ စာပေအသိုင်းအဝိုင်းများ၏ စာပေဟောပြောပွဲနှင့် စာပေရေးရာဆွေးနွေးပွဲများ ပါဝင်မည်ဖြစ်သည်။

မော်လမြိုင်တက္ကသိုလ်၌ မတ် ၂၅၊ ၂၆၊ ၂၇ (စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့) တို့တွင် နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ကာ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပြီး စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ မွန်ပြည်နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ စာအုပ်အရောင်းဆိုင်များက အားဖြည့်ပါဝင်နိုင်ရန် အစစအရာရာ စီစဉ်ညှိနှိုင်းပြီးဖြစ်ကြောင်းကို ဒေသခံစာပေမိတ်ဆွေများထံမှ တစ်ဆင့် စကားကြားသိရသဖြင့် ကလေးချစ်သူ၊ စာပေမြတ်နိုးသူ၊ ဒေသခံစာပေ ချစ်မြတ်နိုးသူတစ်ဦးအနေဖြင့် အတိုင်းမသိ အားရကျေနပ်ပီတိဖြစ်မိသည်။

မိဘသားချင်းများအနေဖြင့် ကလေးစာပေပွဲတော်သည် ကလေးများ၏ မှန်ကန်ထက်မြက်သော ဉာဏ်ရည်ဉာဏ်သွေးဖြင့် သူတို့လေးများ၏ ဘဝတစ်သက်တာ အောင်မြင်ရေးအတွက် အသုံးချတတ်စေမည့် ရှေ့တက်လှမ်းရာ လှေကားထစ်နေရာအဖြစ် အသိအမှတ်ပြုစေလိုပါသည်။ သိမြင်ခံယူစေလိုပါသည်။ ကလေးငယ်များ စာပေနှင့် ရင်းနှီးကျွမ်းဝင်အောင် ဖြည့်ဆည်းလမ်းညွှန်ပေးရန် လိုပါသည်။

**မိဘသားချင်းများအနေဖြင့် ကလေးစာပေပွဲတော်သည် ကလေးများ၏ မှန်ကန်ထက်မြက်သော ဉာဏ်ရည်ဉာဏ်သွေးဖြင့် သူတို့လေးများ၏ ဘဝတစ်သက်တာ အောင်မြင်ရေးအတွက် အသုံးချတတ်စေမည့် ရှေ့တက်လှမ်းရာ လှေကားထစ်နေရာအဖြစ် အသိအမှတ်ပြုစေလို**

သို့ဖြစ်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့ကြီးများ၊ အခြေခံပညာကျောင်းများ၌ ခင်းကျင်းပြသသည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြိုင်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ဆီသို့ ကလေးများ လန်းဆန်းရွှင်ပျော်အောင် မိဘသားချင်းများက ကလေးငယ်များကို ပို့ဆောင်ပြသ ပါဝင်ဆင်နွှဲနိုင်ရန် ပို့ဆောင်ပေးကြစေလိုပါသည်။ လူကြီး၊ လူငယ်၊ ကလေးအရွယ်အားလုံး ကလေးစာပေပွဲတော်ရှိ စာပေဘဏ္ဍာသိုက်၊ စာပေဟောင်းလေးအိုးကြီးမှ နှိုက်ယူစားသုံးကြရသည့် စာပေအသိပညာ၊ အတတ်ပညာဗဟုသုတများဖြင့် ဘဝအောင်မြင်ရေးပန်းတိုင်သို့ တစ်ဆင့်တက် လျှောက်လှမ်းနိုင်ကြပါစေကြောင်း။

**သတင်းဆောင်းပါး-ကိုချစ်**




# ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းနှင့် ချင်းတွင်းမြစ်ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မတ် ၂၀ ရက်က မုံရွာမြို့မှ ဒီပဲယင်းမြို့နယ် မူရိုးကုန်းကျေးရွာသို့ ရောက်ရှိခဲ့ပြီး ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် အလျားပေ ၁၂၀၀ ရှိ သံခြင်းအခြေပြု ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ရေဦးမြို့နယ်သို့ ဆက်လက်ထွက်ခွာလာပြီး ရေဦးမြို့နယ် အောင်မင်္ဂလာကျေးရွာ မူးမြစ်ရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် တည်ဆောက်ထားရှိသည့် မြေထိန်းနံရံများနှင့် လေးရွာကမ်းပြိုကာကွယ်ရေးအတွက် မြေထိန်းနံရံနှင့် တမံတည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်မှာကြားရာတွင် ချင်းတွင်းမြစ်ကြောင်းကောင်းမွန်ရေးအတွက် ပြုပြင်ရန် မလိုသည့်အပိုင်း၊ ပြုပြင်ပြီးအပိုင်းနှင့် ပြုပြင်ရန်လိုအပ်သည့်အပိုင်းများကို ရေးဆွဲပြီး Royal Haskoning မှ ၁၉၈၇ ခုနှစ်က အကြံပြုထားသည့် Master Plan ပါ အစီအမံများနှင့် ယခုဖြစ်ပေါ်နေသည့် ရေလမ်းအခြေအနေများအပေါ် မူတည်၍ ပေါင်းစပ်ဆောင်ရွက်သွားရန်နှင့် မော်လိုက်မြို့ဆိပ်ကမ်း၌ တည်ဆောက်ထားရှိသည့် ကျောက်စီနံရံသည် လွန်ခဲ့သည့် နှစ် ၁၀၀ ခန့်က တည်ဆောက်ထားရှိခဲ့ပြီး ယခုအချိန်ထိ တည်တံ့ခိုင်မြဲနေသည်ဖြစ်ရာ မိမိတို့ ဆောင်ရွက်နေသည့် တည်ဆောက်ရေးလုပ်ငန်းများကိုလည်း ထိုကဲ့သို့ အတုယူဆောင်ရွက်သွားရန်လိုအပ်ကြောင်း မှာကြားခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စုရန်ပုံငွေကျပ် ၁၀၇၈ သန်းဖြင့် ကမ်းပြိုမှုကာကွယ်ရေး လုပ်ငန်းသုံးခုနှင့် ချင်းတွင်းမြစ်ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းသုံးခု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေကျပ် ၃၈၂ ၁ ဒသမ ၉၀ သန်းဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၄၂ ခု စုစုပေါင်းလုပ်ငန်း ၄၈ ခုကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

| | |
|---|---|
| **ပြင်ဆင်ဖတ်ရှုပါရန်** | (၂၁-၃-၂၀၁၇) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက်ပထမတစ်နှစ်တာ အချုပ်ပို(ဃ) အိမ်ရာကဏ္ဍတွင် ဖော်ပြပါရှိသော အိမ်ခန်းများ၏ စတုရန်းပေအကျယ်အဝန်း တွင် (×)အစား(÷)ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာရေးသူ)** |

# သင်္ကြန်ပိတ်ရက် ဌာနေပြန်ကားခနှုန်းပြောင်းလဲခွင့်ပြုခြင်း ရှိ၊ မရှိအပေါ် ခရီးသွားနှင့်ယာဉ်ပိုင်များစောင့်မျှော်နေ

**ရန်ကုန် မတ် ၂၁**

သင်္ကြန်ပိတ်ရက် ဌာနေပြန်ကားခများ တိုးမြှင့်သတ်မှတ်ပေးရန် အဝေးပြေးယာဉ်ပိုင်ရှင်အချို့က သက်ဆိုင်ရာသို့ တင်ပြမှုရှိခဲ့သည်။

မတ် ၂၄ ရက်တွင် အဆိုပါကားခနှုန်းထားနှင့် ပတ်သက်၍ သိရှိနိုင်သည်ဟု မတ် ၂၁ ရက်ထုတ် ပုဂ္ဂလိကနေ့စဉ်သတင်းစာတစ်စောင်၌ ဖတ်ရသည်။

ဌာနေပြန်ကားလက်မှတ် ဝယ်မရမည်ကို စိုးရိမ်မှုကြီးနေသော ခရီးသွားများအနေဖြင့် အောင်မင်္ဂလာကားကွင်းသို့ ကြိုတင်လက်မှတ်သွား ဝယ်ရာတွင် ကားဂိတ်အများစုမှာ ရောင်းချပေးမှုမရှိသေးကြောင်း သိရသည်။

ကြိုတင်လက်မှတ် ရောင်းချပေးသည့် ကားဂိတ်အချို့မှာ အမည်စာရင်းကိုရေးမှတ်ထားကာ ဧပြီလဆန်းတွင် လက်မှတ်ရောင်းချပေးပြီး သတ်မှတ်ပေးသောနှုန်းထားအတိုင်း ကားခငွေရယူမည်ဟု သိရသည်။

ထိုင်ခုံဇယား၌ ထိုင်ခုံနံပါတ်ထည့်သွင်းထားသည်ကို မြင်တွေ့ခဲ့ရသော်လည်း မိမိလက်ဝယ်သို့ ကားလက်မှတ်မရောက်သေး၍ စိုးရိမ်ပူပန်မှုဖြစ်နေရသည်ဟု ပြည်ဒေသသို့ပြန်မည့် မအေးလှိုင်က ပြောကြားသည်။

မတ် ၂၄ ရက်၌ သိနိုင်သည့် ကားခနှုန်းပြောင်းလဲမှုနှင့် ပတ်သက်သောသက်ဆိုင်ရာက အသိပေးမည့်အပေါ် ယာဉ်လိုင်းပိုင်ရှင်များသာမက ယာဉ်စီးမည့် ဌာနေပြန်ခရီးသည်များပါ စောင့်မျှော်နေကြသည်။

ယင်းသို့ သင်္ကြန်ပိတ်ရက်ဌာနေပြန်ယာဉ်စီးခများနှင့်ပတ်သက်၍ အသိပေးရာတွင် ယခင်နှစ်များကဲ့သို့ စီးပွားရေးအကျိုးအမြတ်များစွာရရှိခြင်းမျိုးထက် အများပြည်သူအတွက်ပါ ထည့်သွင်းစဉ်းစားပေးစေလိုသည်။ ရေလမ်းခရီးရေယာဉ်ခများပါ အကျုံးဝင်စေလိုသည်ဟု မော်လမြိုင်ကျွန်းဒေသသို့ပြန်မည့် ရန်ကုန်၌ အလုပ်လာလုပ်နေသူ ကိုစိုးဝင်းက ပြောကြားသည်။


အောင်မင်္ဂလာကားကွင်း၌ အဝေးပြေးယာဉ်လိုင်းများမှ ယာဉ်များကို တွေ့ရစဉ်

အဝေးပြေး ယာဉ်လိုင်းပိုင်ရှင်အားလုံးက ယာဉ်စီးခတိုးတောင်းခြင်းမဟုတ် အချို့ယာဉ်လိုင်းပိုင်ရှင်များအနေဖြင့် ပုံမှန်ဈေးနှုန်းအတိုင်းဖြင့် ပြေးဆွဲမည်ဟု သတင်းဖော်ပြရာတွင် ဖတ်ရှုရသည်။

အပြန်ခရီးစဉ်တွင် ယာဉ်အလွတ် (အရပ်အခေါ်ခါလီ)ပြန်ရခြင်း၊ စက်သုံးဆီဈေး၊ ယာဉ်လုပ်သားလုပ်အားခဈေးမြင့်ခြင်းတို့ကြောင့် ကားခမြှင့်ယူရသည်ဆိုခြင်းမှာ နှစ်စဉ်သင်္ကြန်ကာလ မတိုင်မီအချိန်များတွင် ကြားနေကျအကြောင်းပြပြောဆိုချက်များသာ ဖြစ်သည်။

ရန်ကုန်မြို့တွင်းခရီးသည်သယ်ယူပို့ဆောင်ရေးယာဉ်များတွင် ကားခ ကျပ် ၁၀၀၊ ၂၀၀ရှိပြီး ယခင်စနစ်ဟောင်းထက် ဝင်ငွေပိုရနေသည်ဟု ပြောဆိုသံများကြားသိရသည်။

ယခင်မြို့တွင်း ကားခကျပ် ၂၀၀ ဖြစ်၍ မှတ်တိုင်အနည်းငယ်ကျော်စီးလျှင် ကားခ ကျပ် ၃၀၀ နှုန်းဖြင့် လေအေးစက်တပ်ပြီးအကြောင်းပြကာ ကားခမြှင့်တင်ရယူရာမှ ယခုစနစ်သစ်တွင် မြို့တွင်းပတ် မှတ်တိုင်ပေါင်း ၁၈ တိုင်ရှိသော အဝိုင်းတစ်ပတ်တွင် ကားခကျပ် ၁၀၀ သာ ပေးလာရသည်။

ယင်းမြို့တွင်းပတ်ယာဉ်လိုင်း သုံးလိုင်းတွင် ကားခကျပ် ၁၀၀ ဆိုသော်လည်း ကျပ်၂၀၀ ရယူ၍ မြို့ပြင်သွားယာဉ်လိုင်းများထက် ဝင်ငွေပိုအကျိုးအမြတ်ရရှိနေသည့်ဖြစ်စဉ်ကို သင်္ကြန်ပိတ်ရက် ဌာနေပြန်ကားခတိုးမြှင့်ခွင့်တောင်းခံနေသည့်ဖြစ်စဉ်တွင် ထည့်သွင်းစဉ်းစားစေလိုသည်ဟု ခရီးသည်များက မေတ္တာရပ်ခံပြောကြားကြသည်ဟု သိရသည်။

**ခင်ဆိုင်**

# နယ်စပ်ဒေသများ၌ ကုန်သွယ်မှုပြုလုပ်ရာတွင် နှစ်နိုင်ငံ ကုန်သွယ်မှုစာချုပ်များကို သေချာရေးဆွဲလုပ်ဆောင်

**နေပြည်တော် မတ် ၂၁**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စီးပွားရေးကဏ္ဍအသီးသီးတွင် ဖြစ်နေသည့် ဘဏ္ဍာရေးလိုငွေပြမှု၊ ဆင်းရဲမှုလျှော့ချရေး၊ ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး စသည့် စီးပွားရေးကဏ္ဍများကို ပြန်လည်ပြီး ဦးမော့လာရန်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အရေးကြီးသည်မှာ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန်ပင်ဖြစ်ကြောင်း၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ရန်လည်း များစွာရှိပါကြောင်း၊ အချို့ အရေးကြီးသည့် ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ပြီးဖြစ်ကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်နိုင်ခဲ့ကြောင်း၊ နည်းဥပဒေမှာလည်း မကြာခင် ထွက်ရှိလာမည်ဖြစ်ကြောင်း ယနေ့နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးဦးကျော်ဝင်း အမှာစကားပြောကြားစဉ်

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်တွင် စီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ် တွေ့ဆုံ၍ အခက်အခဲများ၊ ဖြေရှင်းနိုင်သည်များကို ဖြေရှင်းခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင်လည်း လစဉ်တွေ့ဆုံ၍ ဖြေရှင်းပေးလိုပါကြောင်း၊ နယ်စပ်ဒေသများ၌ ကုန်သွယ်မှုပြုလုပ်ရာတွင် နှစ်နိုင်ငံ ကုန်သွယ်မှုစာချုပ်များကို သေချာရေးဆွဲ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ကုန်စည်စီးဆင်းမှုများကြောင့် နိုင်ငံတော်၏ ရသင့်ရထိုက်သော ဘဏ္ဍာငွေများစွာ ဆုံးရှုံးခဲ့ရကြောင်း၊ မူးယစ်ဆေးဝါးကိုလည်း လုံးဝတားဆီးရန် လိုအပ်ကြောင်း၊ နည်းပညာနှင့် ငွေကြေးလိုအပ်ချက်များ ဖြည့်ဆည်းပေးမည်ဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းရှင်များဘက်မှ တာဝန်ကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ဖြင့် ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ ညီနောင်အသင်းပေါင်း(၂၀) တို့ကလည်း စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် တွေ့ကြုံရင်ဆိုင်နေရသော အခက်အခဲများကို အသင်းလိုက် ကိုယ်စားပြုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။

ထို့အပြင် နံနက် ၇ နာရီတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ချောစစ်ဆေးရေးစခန်း(၁၆ မိုင်ဂိတ်)သို့ သွားရောက်၍ စစ်ဆေးရေးစခန်းအတွင်း ဝင်လမ်း/ထွက်လမ်း ခင်းကျင်းပြုပြင်ဆောင်ရွက်နေမှုလုပ်ငန်းများနှင့် စစ်ဆေးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ ကင်းထောက်ရာပြည့်အထိမ်းအမှတ် အောင်မြင်စွာကျင်းပနိုင်မှု ဂုဏ်ပြုပွဲကျင်းပမည်

**ရန်ကုန် မတ် ၂၁**

မြန်မာကင်းထောက်ရာပြည့်အထိမ်းအမှတ်အကြိုအခမ်းအနားကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၇ ရက်နှင့် မြန်မာကင်းထောက်ရာပြည့်အခမ်းအနားများကို ဒီဇင်ဘာ ၂၃ ရက်က ရန်ကုန်မြို့ရှိ တက္ကသိုလ်များ စိန်ရတုခန်းမ၌ ကျင်းပခဲ့ရာ ယင်းအခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော အဖွဲ့အစည်းအသီးသီးနှင့် ပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲကျင်းပရန် မြန်မာနိုင်ငံကင်းထောက် အဖွဲ့ချုပ်က စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယင်းအစီအစဉ်အရ မြန်မာနိုင်ငံကင်းထောက်ရာပြည့်အထိမ်းအမှတ် အခမ်းအနားတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည့် အဖွဲ့အစည်းအသီးသီးနှင့် ပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲကို မတ် ၂၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ တက္ကသိုလ်များ စိန်ရတုခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကင်းထောက်လူငယ်မောင်မယ်များက ကင်းထောက်ဂုဏ်ရည်သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး၊ မြန်မာနိုင်ငံကင်းထောက်ကြီး တစ်ဦး၊ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှ အမျိုးသားကင်းထောက်ချုပ်ဒေါက်တာတင်ညို၊ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်တို့က အမှာစကားပြောကြားမည်ဖြစ်သည်။

ထို့နောက် မြန်မာကင်းထောက်ရာပြည့်အထိမ်းအမှတ်အခမ်းအနား ဗီဒီယိုမှတ်တမ်းပြသကာ မြန်မာကင်းထောက်ရာပြည့် အခမ်းအနားတွင် ပါဝင်ကူညီခဲ့ကြသည့် သက်ကြီးဝါရင့်ကင်းထောက်ကြီးများ၊ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန စသည့်အဖွဲ့အစည်းများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ ဂီတအနုပညာများဖြင့် ဖျော်ဖြေခဲ့ကြသော ကျောင်းသားကျောင်းသူများနှင့် ဆုရကျောင်းသားများ၊ တက္ကသိုလ်ကင်းထောက်များ အလှူရှင်များအား ဂုဏ်ပြုအထိမ်းအမှတ် ပစ္စည်းများနှင့် မှတ်တမ်းများ ပေးအပ်မည်ဖြစ်သည်။

**ဦးလတ်**

# ကန့်ဘလူမြို့ ငှက်ပျောတိုင်းကျေးရွာသစ် အလက(ခွဲ)မှ အလယ်တန်းပြဆရာနှင့် အမှုကိုပေါ်လွင်အောင်စစ်ဆေးမှုမပြုသူ ကျွန်းလှပညာရေးမှူးနှင့်အဖွဲ့အား ဌာနဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြင်းထန်စွာအရေးယူရန် တိုင်းအစိုးရညွှန်ကြား

**မုံရွာ မတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ငှက်ပျောတိုင်းကျေးရွာသစ် အလယ်တန်းကျောင်းခွဲမှ အလယ်တန်းပြကျောင်းဆရာ ဦးဇော်မျိုးအောင်သည် ဆရာ၏ ဂုဏ်သိက္ခာနှင့် မညီသော အပြုအမူကျင့်ကြံခဲ့သည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ပညာရေးဌာနတွင် ဆက်လက်တာဝန်ထမ်းဆောင်ရန် လုံးဝမသင့်လျော်သည့်အတွက် ဦးဇော်မျိုးအောင်ကို ဌာနဆိုင်ရာ စည်းကမ်းစည်းမျဉ်းများနှင့်အညီ ပြင်းထန်စွာအရေးယူရန်နှင့် မူလအမှုကို ပေါ်လွင်အောင် စစ်ဆေးမှုမပြုနိုင်ခဲ့သည့် ကျွန်းလှမြို့နယ်ပညာရေးမှူး ဦးအောင်ရီ ခေါင်းဆောင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို စည်းမျဉ်း စည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်ရန် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က တိုင်းဒေသကြီး ပညာရေးမှူးရုံးသို့ အကြောင်းကြားထားကြောင်း တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက တိုင်းဒေသကြီး လွှတ်တော်တွင် မေးမြန်းချက်ကို ဖြေကြားသည်။

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့တွင် ကန့်ဘလူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးချစ်က ကန့်ဘလူမြို့နယ် ငှက်ပျောတိုင်းကျေးရွာသစ် အလယ်တန်းကျောင်းခွဲတွင် ကျောင်းဆရာ ဆရာမသစ်များကို ယခုလာမည့် ပညာသင်နှစ်တွင် အချိန်မီအစားထိုးနိုင်ရန် အစီအစဉ် ရှိ မရှိ သိရှိလိုကြောင်းမေးခွန်းကို လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

"ကျောင်းဆရာ ဦးဇော်မျိုးအောင်ဟာ သတ္တမတန်းနဲ့ အဋ္ဌမတန်းကျောင်းသူလေးတွေကို နေ့စဉ်ကာယိန္ဒြေ ပျက်ပြားအောင် ပြုလုပ်ခဲ့တဲ့ကိစ္စ ဖြစ်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၄ ရက်မှာ ကျောင်းသား ကျောင်းသူမိဘများရဲ့တိုင်ကြားမှုနဲ့အတူ ကျေးရွာအုပ်ချုပ်ရေးမှူးရဲ့တိုင်ကြားချက်တွေကြောင့် ကန့်ဘလူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အမြန်ဆုံးဆောင်ရွက်ဖို့နဲ့ မှန်ကန်ရင် အရေးယူဆောင်ရွက်သွားဖို့ ဆောင်ရွက်ပြီးစီးမှုတွေကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၁ ရက်မှာ ပြန်လည်တင်ပြဖို့ အောက်တိုဘာ ၁၉ ရက်စွဲနဲ့ စာထုတ်ပြီး ပညာရေးမှူးရုံးကို အကြောင်းကြားခဲ့ပါတယ်။ အဲဒီအကြောင်းကြားစာကြောင့် ကန့်ဘလူမြို့နယ် ပညာရေးမှူးရုံးက အောက်တိုဘာ ၂၄ ရက်မှာ ရှေးဦးစုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့ပြီး တာဝန်ယူစစ်ဆေးခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာမှာ ကာယကံရှင် ကျောင်းသူလေးများရဲ့ ထွက်ဆိုချက်ကို လျစ်လျူရှုပြီး ကျောင်းဆရာရဲ့ထွက်ဆိုချက်နဲ့အတူ ကျောင်းဆရာ ဦးဇော်မျိုးအောင်မှာ အပြစ်မရှိလို့ အစီရင်ခံစာမှာ ရေးသားထားတာကို တွေ့ရပါတယ်။ ကျောင်းဆရာ ဦးဇော်မျိုးအောင်ဟာ အင်္ဂလိပ်နဲ့ သင်္ချာဘာသာရပ်ကို သင်ကြားတဲ့ဆရာဖြစ်ပြီး အကယ်၍ ကျောင်းဆရာပြောင်းသွားရင် အဲဒီနေရာမှာ ကျောင်းဆရာအစားထိုး မပေးနိုင်မှာကို မိဘတွေက စိုးရိမ်ပူပန်ခဲ့ကြတယ်။ ဒါပေမယ့် တိုင်ကြားတဲ့ရက် အောက်တိုဘာ ၁၄ ရက်က စစ်ဆေးတဲ့ အောက်တိုဘာ ၂၅ ရက်အထိ ရှေးဦးစုံစမ်းစစ်ဆေးရေးအဖွဲ့က ဖြေရှင်းဆောင်ရွက်ပေးခဲ့တဲ့ သဘောထားမှတ်ချက်တွေမှာ တိုင်ကြားမှုသည် တိုင်ကြားသူများက တစ်စုံတစ်ရာ မကျေနပ်မှုကြောင့် တိုင်ကြားခြင်းဖြစ်ပြီး တိုင်ကြားခံရသူ အလယ်တန်းပြဆရာတွင် အပြစ်မရှိကြောင်း အဆိုပါဆရာကို ငှက်ပျောတိုင်းကျေးရွာသစ် အလယ်တန်းကျောင်းခွဲ၌ ဆက်လက်ထားရှိပါက ဆက်လက်တိုင်ကြားနေမည်ဖြစ်၍ အခြားကျောင်းသို့ ပြောင်းရွှေ့ပေးသင့်ကြောင်း မှတ်ချက်ပေးခြင်းတို့ကြောင့် ထပ်မံတိုင်ကြားခဲ့ရာမှာ ခရိုင်ပညာရေးမှူးက ပညာရေးဌာနက ထပ်မံစုံစမ်းစစ်ဆေးတဲ့အခါ အလယ်တန်းပြကျောင်းဆရာကို စာသင်နှစ်မပြီးခင်မှာ ကျောင်းကခွင့်ရက်ရှည်ပေးပြီး အနားယူခိုင်းတယ်လို့ သိရပါတယ်။ အဲဒီလို ခွင့်ရက်ရှည်ပေး အနားယူစေတဲ့ ကျောင်းဆရာ ဦးဇော်မျိုးအောင်နေရာမှာ အခု စာသင်နှစ်ပြီးချိန်အထိ အစားထိုးရောက်လာတာမရှိတဲ့အတွက် သတ္တမတန်းနဲ့ အဋ္ဌမတန်း ကျောင်းသား ကျောင်းသူတွေ အင်္ဂလိပ်နဲ့ သင်္ချာဘာသာရပ်သင်ယူမှုဟာ အခက်အခဲတွေနဲ့ ကြုံနေရတယ်လို့ မိဘတွေဆီကနေ သိရပါတယ်"ဟု ဒေါ်ခင်မျိုးချစ်က ပြောကြားသည်။ ငှက်ပျောတိုင်းကျေးရွာသစ် အလယ်တန်းကျောင်းခွဲ၌ လစ်လပ်လျက်ရှိသော အလယ်တန်းပြကျောင်းဆရာနေရာတွင် မူဘောင်နှင့်ကိုက်ညီသည့် လျှောက်ထားသူရှိလျှင် အမြန်ဆုံးခန့်ထားပေးသွားမည်ဖြစ်ကြောင်း လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက လွှတ်တော်တွင် ကတိပြုဖြေကြားခဲ့သည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# တိုင်းကညနရုံးအနီး သံသုမာလမ်းမပေါ် ယာဉ်သုံးစီးတိုက်ပြီး ယာဉ်ကြောပိတ်ဆို့မှုဖြစ်

**ရန်ကုန် မတ် ၂၁**

ယနေ့မွန်းတည့် ၁၂ နာရီခန့်က ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ဘက်မှ တောင်ဥက္ကလာပဘက်သို့ သံသုမာလမ်းမအတိုင်း မောင်းနှင်လာသော လိုက်ထရပ်ယာဉ်၊ စူဇူကီးအမျိုးအစား သစ်တင်ယာဉ်နှစ်စီးနှင့် တောင်ဥက္ကလာပဘက်မှ သင်္ဃန်းကျွန်းဘက်သို့ သံသုမာလမ်းမအတိုင်း မောင်းနှင်လာသော လင့်ခရူဇာကိုယ်ပိုင်ယာဉ်သည် တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိ၍ ယာဉ်သုံးစီး တိုက်မိမှုဖြစ်ပွားခဲ့သည်။



ယာဉ်သုံးစီးဆင့်တိုက်မှုဖြစ်ပွားသည့် မော်တော်ယာဉ်များ

ဖြစ်စဉ်မှာ တောင်ဥက္ကလာပဘက်မှ သင်္ဃန်းကျွန်းဘက်သို့ သံသုမာလမ်းမအတိုင်း မောင်းလာသော 3B/---- လင့်ခရူဇာ ကိုယ်ပိုင်ယာဉ်သည် ရှေ့မှယာဉ်တစ်စီးကို ရှောင်လိုက်ရာမှ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိစဉ် သင်္ဃန်းကျွန်းဘက်မှ တောင်ဥက္ကလာပဘက်သို့ သံသုမာလမ်းမအတိုင်း မောင်းနှင်လာသော 8D/---- လိုက်ထရပ်ယာဉ်နှင့် 4I/---- စူဇူကီးသစ်တင်ယာဉ်တို့ တိုင်းကညနရုံးအနီး စီမံကိန်း(၂) ရတနာလမ်းသွယ်ရှေ့ သံသုမာလမ်းမပေါ်၌ တိုက်မိမှုဖြစ်ပွားခဲ့ရာ လင့်ခရူဇာကား ရှေ့ ဘန်ဘာပြုတ်ထွက်ပျက်စီးခဲ့ပြီး လိုက်ထရပ်ယာဉ်မှာ ရှေ့မီးခွက်နှင့် ဝဲဘက်မီးခွက်ပြုတ်ထွက်ပြီး ဆူဇူကီးသစ်တင်ယာဉ်မှာ ဝဲဘက်တံခါး ပျက်စီးမှုဖြစ်ပွားခဲ့သည်။

"ယာဉ်ကြောကျပ်တဲ့ တိုင်းကညနရုံးရှေ့ဖြစ်၍ နှစ်ဖက်ယာဉ်တွေ ပိတ်ဆို့မှုဖြစ်ပွားခဲ့ပြီး ရတနာလမ်းနဲ့ သံသုမာလမ်းဆုံးနေရာ ဖြစ်တဲ့အတွက် မီးပွိုင့်ယာဉ်ထိန်းရုံး ထားပေးပေမယ့် ယာဉ်ထိန်းရဲမရှိခိုက် ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ခဲ့တယ်"ဟု ကညနရုံးမှ တာဝန်ရှိသူနှင့် ဒေသခံပြည်သူများက ပြောကြားသည်။

**တင်ကြည်(သင်္ဃန်းကျွန်း)**

# မောင်တောမြို့နယ် အပ်ကျာကျေးရွာအနီး စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ လဘော်ဇား ရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ယမန်နေ့ညနေပိုင်းက အပ်ကျာကျေးရွာအနီးမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၄၀၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည် ။

ရဲတပ်ဖွဲ့ဝင်များသည် ယမန်နေ့ ညနေ ၃ နာရီခွဲခန့်က အပ်ကျာကျေးရွာအတွင်း လှည့်ကင်းဆောင်ရွက်စဉ် ကျေးရွာအနောက်ဘက်လယ်ကွင်းအနီး မသင်္ကာသူ သုံးဦးတွေ့ရှိသဖြင့် သွားရောက်စစ်ဆေးရာ ၎င်းတို့က အထုပ်တစ်ထုပ်ကို ပစ်ချထွက်ပြေးသွားသဖြင့် အထုပ်ကို ဖွင့်ဖောက်စစ်ဆေးရာ အဝါရောင်တိပ်ဖြင့် ပတ်ထားသည့် အထုပ် ငါးထုပ်အတွင်းမှ စုစုပေါင်း ငွေကျပ် ၉၈၈ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၄၀၀ ကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

ထွက်ပြေးသွားသူများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**တိုင်းပြည်တိုးတက်သာယာဖို့ မူးယစ်ဆေးကို ရှောင်ရှားစို့**

# လေဆိပ် ၁၀ ခုတို့မှ ဝင်ရောက်လာမည့် ခရီးသည်များ အီလက်ထရွန်နစ်ပစ္စည်း သယ်ဆောင်မှုကို အမေရိကန်ပိတ်ပင်

**ဝါရှင်တန် မတ် ၂၁**

ထရန့်အစိုးရအဖွဲ့သည် အကြမ်းဖက်မှုများ၏ ခြိမ်းခြောက်မှုအန္တရာယ်ကို တုံ့ပြန်သည့်အနေဖြင့် အရှေ့အလယ်ပိုင်းဒေသနှင့် မြောက်အာဖရိကဒေသရှိ လေဆိပ် ၁၀ ခုတို့မှ အမေရိကန်ပြည်ထောင်စုသို့ ဝင်ရောက်လာမည့် ခရီးသည်များ သယ်ဆောင်လာမည့် ကြီးမားသည့် အီလက်ထရွန်နစ်ပစ္စည်းမှန်သမျှကို ပိတ်ပင်သည့် စည်းမျဉ်းသစ်များချမှတ်မှုကို အင်္ဂါနေ့တွင် အတည်ပြုလိုက်ကြောင်း သိရသည်။

ပြည်တွင်းလုံခြုံရေး ဌာနသည် ဂျော်ဒန်၊ တူရကီ၊ ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ကူဝိတ်၊ မော်ရိုကိုနှင့် ကာတာနိုင်ငံများမှ အမေရိကန်ပြည်ထောင်စုသို့ ဝင်ရောက်လာမည့် ခရီးသည်များထံမှ ဆဲလ်ဖုန်းထက် အရွယ်အစားကြီးမားသည့် တက်ပလက်၊ စားပွဲတင်ဒီဗီဒီစက်၊ လက်ပ်တော့နှင့် ကင်မရာပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လတ်တလောတွင် အီလက်ထရွန်နစ်ပစ္စည်း အကြီးစားသယ်ဆောင်မှုကို ပိတ်ပင်လိုက်ပြီဖြစ်သည့် လေဆိပ်များမှာ အာမန်၊ ကိုင်ရို၊ ကူဝိတ်၊ ဒိုဟာ၊ ဒူဘိုင်း၊ အစ္စတန်ဘူလ်၊ ကာဆာဘလန်ကာ၊ မော်ရိုကို၊ ရီယာ့ဒ်၊ ဂျက်ဒါနှင့် ဆော်ဒီအာရေဗျလေဆိပ်များ ဖြစ်ကြောင်း သိရသည်။

အာဏာပိုင်များ၏ ပြောကြားချက်အရ အီလက်ထရွန်နစ်ပစ္စည်း သယ်ဆောင်မှုကို ပိတ်ပင်လိုက်သည့် ဥပဒေထုတ်ပြန်မှုသည် သမ္မတ ဒေါ်နယ်ထရန့်က အစ္စလာမ့်စ်နိုင်ငံခြောက်နိုင်ငံအား ခရီးသွားလာခွင့် ပိတ်ပင်ရန် ကြိုးပမ်းခဲ့မှုနှင့် လုံးဝသက်ဆိုင်ခြင်းမရှိဟု ဆိုသည်။

ပြည်တွင်းလုံခြုံရေးဌာန ပြောရေးဆိုခွင့်ရှိသူက အစိုးရသည် သီးခြားနိုင်ငံများအပေါ် ပစ်မှတ်ထားခြင်းမရှိဟုပြောကြားခဲ့သည်။ မည်သည့်လေဆိပ်များအားပိတ်ပင်မှုပြုလုပ်မည်ကို ဆုံးဖြတ်ရန်အတွက် စစ်ရေး၊ နိုင်ငံရေးဆိုင်ရာ အကဲဖြတ်အဖွဲ့ကို အားထားခဲ့ရကြောင်း ၎င်းက ပြောကြားခဲ့သည်။

ခရီးသည်များအနေဖြင့် ၎င်းတို့၏ လက်ဆွဲအိတ်များအတွင်း လက်ပ်တော့များ၊ တက်ဘလက်များ၊ ဒစ်ဂျစ်တယ်ကင်မရာများနှင့် အခြားကြီးမားသည့် အီလက်ထရွန်နစ်ပစ္စည်းများ ထည့်သွင်းယူဆောင်လာခွင့်ရှိတော့မည်မဟုတ်ကြောင်း၊ လက်ကိုင်ဖုန်းများနှင့် အတည်ပြုချက်ပေးထားသည့် ဆေးပစ္စည်းကိရိယာများသာ တားမြစ်ချက်မှ ကင်းလွတ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတားမြစ်ချက်သည် ရိုင်ယယ်ဂျော်ဒန်နီယယ်လေကြောင်းလိုင်းအပါအဝင် ပြည်ပလေကြောင်းလိုင်းများအပေါ်တွင်သာ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း သိရပြီး အမေရိကန်လေကြောင်းလိုင်းများ မပါဝင်ကြောင်း သိရသည်။



တားမြစ်ရသည့်အကြောင်းရင်းကို ရှင်းလင်းစွာမသိရသေးသော်လည်း လွှန်ခဲ့သည့် သီတင်းပတ်များက အမေရိကန်အစိုးရအနေဖြင့် ခြိမ်းခြောက်မှုတစ်ခု လက်ခံရရှိခဲ့ပြီးနောက် ထိုသို့ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

# တောင်ဆူဒန်တွင် လေယာဉ်တစ်စင်း မီးသတ်ယာဉ်နှင့်တိုက်မိပြီး မီးလောင်ကျွမ်းမှုဖြစ်

**နိုင်ရိုဘီ မတ် ၂၁**

တောင်ဆူဒန်နိုင်ငံရှိ ဝါအူးလေဆိပ်တွင် ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ခရီးသည်လေယာဉ်တစ်စင်း မြေပြင်သို့ ဆင်းသက်စဉ် မြင်ကွင်းမရှင်းလင်းမှုကြောင့် မီးသတ်ယာဉ်တစ်စီးနှင့် တိုက်မိပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကာ ဒဏ်ရာရရှိသူ ၃၇ ဦးရှိခဲ့ပြီး သေဆုံးသူအရေအတွက် မသိရသေးကြောင်း ဂျူဘာရှိ ကုလသမဂ္ဂလုံခြုံရေးဌာန သတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။

လေယာဉ်သည် ပျက်ကျပြီးနောက် မိနစ် ၂၀ ခန့် မီးလောင်ကျွမ်းခဲ့ကြောင်း မျက်မြင်သက်သေများက ပြောသည်။ လေယာဉ်သည် မြေပြင်သို့ ဆင်းသက်စဉ် တိုက်မိပြီး မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒဏ်ရာရသူများသည် ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ အသေအပျောက်စာရင်းကို လက်ရှိအချိန်တွင် မသိရသေးကြောင်း သိရသည်။

လေယာဉ်ပေါ်တွင် လေယာဉ်ဝန်ထမ်းခြောက်ဦးနှင့် ခရီးသည် ၄၃ ဦး လိုက်ပါလာခဲ့ကြောင်း၊ လေယာဉ်ပျက်ကျမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူ ၃၇ ဦး ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ ၎င်းတို့အနက် ၃၁ ဦးမှာ ဆေးရုံမှဆင်းသွားပြီဖြစ်ကာ ဆက်လက်ဆေးကုသမှုခံယူနေသူများမှာ စိုးရိမ်စရာမရှိကြောင်း ဝါအူးပြည်နယ် ပြန်ကြားရေးဝန်ကြီး နိုနာဂွါဒန်နက်စီရိုက ပြောခဲ့သည်။




အဆိုပါ လေယာဉ်သည် တောင်ဆူဒန်မြို့တော်ဂျူဘာမှ နိုင်ငံမြောက်ပိုင်း ဝါအူးမြို့သို့ ပျံသန်းလာခဲ့စဉ်ထိုသို့ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းလေယာဉ်သည် South Supreme Airline ပိုင်လေယာဉ်ဖြစ်ကြောင်း ဒေသခံ မီဒီယာများက ဖော်ပြခဲ့ကြသည်။

လေယာဉ် မတော်တဆဖြစ်သည့်နေရာသည် ဝါအူးရှိ တရုတ်နိုင်ငံသား ငြိမ်းချမ်းရေးတပ်သားများ ရှိနေသည့်နေရာအနီး ဖြစ်ပွားခဲ့သောကြောင့် လေယာဉ်မီးလောင်ပြီးမကြာမီ အခင်းဖြစ်ပွားရာနေရာသို့ ငြိမ်းချမ်းရေးတပ်သားများရောက်လာကာ ကယ်ဆယ်ရေးလုပ်ငန်းများနှင့်မီးငြိမ်းသတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ဆင်ဟွာ)

# တိုယိုတာကားကုမ္ပဏီလက်အောက်ရှိ စက်ရုံတစ်ခုမီးလောင်ကျွမ်းမှုကြောင့် ကားထုတ်လုပ်မှုရပ်ဆိုင်း

**တိုကျို မတ် ၂၁**

ဂျပန်နိုင်ငံအလယ်ပိုင်းတွင် တိုယိုတာ မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီလက်အောက်ရှိ စက်ရုံတစ်ခု၌ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းကြောင့် ကားထုတ်လုပ်မှုရပ်ဆိုင်းသွားခဲ့ကြောင်း သိရသည်။ အာဏာပိုင်များသည် ယင်းကိစ္စအပေါ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

တိုယိုတာမော်တော်ကားထုတ်လုပ်ရေး ကုမ္ပဏီပိုင် အီနာဘီစက်ရုံတွင် မီးလောင်ကျွမ်းမှုသည် တနင်္လာနေ့က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး စက်ရုံ၏အထပ်တစ်ခုရှိ အစိတ်အပိုင်းတော်တော်များများကို မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီအမှုဆောင်အရာရှိ၏ ပြောကြားချက်အရ အဆိုပါစက်ရုံတွင် Alphard နှင့် Vellfire ဇိမ်ခံကားအမျိုးအစားများအပါအဝင် တစ်နှစ်လျှင် မော်တော်ယာဉ်အစီးရေ ၂၀၀၀၀၀ ခန့် ပုံမှန်ထုတ်လုပ်ခဲ့ကြောင်း သိရသည်။ ကားထုတ်လုပ်ရေးအတွက် အရေးကြီးဖြစ်စဉ်များလိုအပ်မှုကြောင့် အဆိုပါ မော်ဒယ်အမျိုးအစားများ ထုတ်လုပ်မှုကို ရွှေ့ပြောင်းထုတ်လုပ်ရန်ခက်ခဲကြောင်း အမှုဆောင်အရာရှိများက ပြောကြားခဲ့သည်။

အာဏာပိုင်များသည့် မီးလောင်ကျွမ်းမှုကြောင့် ထိခိုက်ပျက်စီးမှုအတိုင်းအတာကို ခန့်မှန်းတွက်ချက်လျက်ရှိပြီး ထုတ်လုပ်မှု ပြန်လည်စတင်နိုင်မည့်အချိန်ကို မကြာမီထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(အင်န်အိတ်ချ်ကေ)

## ခရစ်ကတ်အဖွဲ့လိုက်ပါလာသောကားကို တိုက်ခိုက်ခဲ့သည့် စစ်သွေးကြွတစ်ဦးကို အမေရိကန်ဒရုန်းယာဉ်များ လေကြောင်းတိုက်ခိုက်မှုလုပ်ဆောင်

**ကရာချိ မတ် ၂၁**

၂၀၀၉ ခုနှစ်က သီရိလင်္ကာရှိ ခရစ်ကတ်အားကစားအဖွဲ့ကို သယ်ဆောင်လာသည့် ဘတ်စ်ကားတစ်စီး တိုက်ခိုက်မှုတွင်ပါဝင်ခဲ့သည့် ပါကစ္စတန် စစ်သွေးကြွတစ်ဦးအား အမေရိကန်ဒရုန်းယာဉ်တစ်စင်းက လေကြောင်းမှတိုက်ခိုက်ခဲ့ကြောင်း ပါကစ္စတန်လုံခြုံရေးအဖွဲ့သတင်းရင်းမြစ်များနှင့် အစ္စလာမ္မစ်စစ်သွေးကြွအဖွဲ့များက ပြောကြားခဲ့သည်။

စွပ်စွဲမှုများနှင့်ပတ်သက်၍ အာဖဂန်ရှိ အမေရိကန်အာဏာပိုင်များထံမှ မှတ်ချက်ချတုံ့ပြန်မှု ပေါ်ထွက်လာခြင်းမရှိသေးပေ။ ပါကစ္စတန်နယ်စပ်ဖြစ်သည့် အာဖဂန်အနောက်တောင်ပိုင်းပြည်နယ် ပတ်တီကာ၌ တနင်္ဂနွေနေ့က အသေခံဗုံးခွဲသမားများနှင့် အခြားစစ်သွေးကြွသုံးဦးအား အထူးလေ့ကျင့်ပေးခဲ့သည့် ကွာရီမိုဟာမက်ယာစင်အား တင်ဆောင်လာသည့် ကားတစ်စီးကို အမေရိကန်ပြည်ထောင်စုမှ ဒရုန်းယာဉ်တစ်စင်းက တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ကြောင်း ပါကစ္စတန်စစ်ရေး အထူးသတင်းအဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါတိုက်ခိုက်မှုကြောင့် မိုဟာမက်ယာဆင် သေဆုံးသွားကြောင်း အမည်မဖော်လိုသူ အာဏာပိုင်များက ပြောကြားခဲ့ကြောင်း သိရသည်။

(ရိုက်တာ)

# ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲ၊ လူ ၂၃ ဦးထက်မနည်းသေဆုံး

**ဘဂ္ဂဒက် မတ် ၂၁**

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ ဈေးတစ်ခုတွင် ယမန်နေ့က ကားဗုံးတစ်လုံးပေါက်ကွဲခဲ့ရာအနည်းဆုံး ၂၃ ဦးသေဆုံးခဲ့ပြီး ၃၃ ဦး ဒဏ်ရာရခဲ့ကြောင်း ရဲတပ်ဖွဲ့သတင်းရင်းမြစ်တွင် ဖော်ပြခဲ့သည်။

ဘဂ္ဂဒက်မြို့တောင်ဘက်ရှိ ရှီးယိုက်အများစုရှိရာ အေမီလ်ဒေသရှိ လူစည်ကားရာ ဈေးတစ်ခုတွင် ရပ်ထားသောကားတစ်စီးသည် ယမန်နေ့ညနေပိုင်းက ပေါက်ကွဲခဲ့ကြောင်း အမည်မဖော်လိုသည့် သတင်းရင်းမြစ်အရ သိရသည်။

ပြင်းထန်သော ကားဗုံးပေါက်ကွဲမှုကြောင့် အနီးနားရှိ ဆိုင်များစွာနှင့် ဈေးဆိုင်တန်းများအပါအဝင် ကားများနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ကြောင်း သတင်းရင်းမြစ်တွင် ဆက်လက်ဖော်ပြခဲ့သည်။



ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများအား မြို့အတွင်းရှိ ဆေးရုံများနှင့် ဆေးကုသရေးဌာနများသို့ ပို့ဆောင်ပေးခဲ့ပြီး သေဆုံးသူဦးရေ မြင့်တက်လာနိုင်ကြောင်း သိရသည်။

ကားဗုံးဖောက်ခွဲခြင်းကို မည်သည့်အဖွဲ့က လုပ်ဆောင်ခြင်းဖြစ်ကြောင်း မသိရသေးချေ။

(ဆင်ဟွာ)

# ကျုံးအရှေ့ဘက်အခြမ်းတွင် သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ခွင့်လျှောက်ထားသူဦးရေ ပိုမိုများပြား



**မန္တလေး မတ် ၂၁**
မန္တလေးကျုံးမြို့ရိုးသုံးဖက်တွင် သင်္ကြန်ရေကစားမဏ္ဍပ်ဆောက်လုပ်ရန် မတ် ၁၃ ရက်မှ ၂၀ ရက်အထိ လျှောက်ထားခွင့်ပြုခဲ့ရာ ယခုနောက်ဆုံးရက်အထိ လျှောက်ထားသူဦးရေ ၃၀ ရှိပြီး ကျုံးအရှေ့ဘက်ခြမ်းတွင် ဆောက်လုပ်ခွင့်လျှောက်ထားသူ ပိုမိုများပြားနေကြောင်း သိရသည်။

ယခုနှစ် မန္တလေးသင်္ကြန်တွင် ကျုံးမြို့ရိုးလေးခုအနက် ကျုံးတောင်ဘက်ခြမ်းမှလွဲ၍ ကျန်ကျုံးသုံးဖက်တွင် ရေကစားမဏ္ဍပ် ဆောက်လုပ်ခွင့်အား စပေါ်ငွေကျပ်သိန်း ၂၀ သွင်း၍ လေလံစနစ်ဖြင့် လျှောက်ထားခွင့်ပြုခဲ့ရာ မတ် ၁၇ ရက်အထိ ကျုံးအရှေ့ဘက်ခြမ်းတွင် ၂၀၊ အနောက်ဘက်ခြမ်းတွင်ခုနစ်ခုနှင့် မြောက်ဘက်ခြမ်းတွင်သုံးဦး စုစုပေါင်း ၃၀ လာရောက်လျှောက်ထားကြကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

"ကျုံးအရှေ့ဘက်ခြမ်းမှာ လျှောက်ထားသူက ပိုများနေတယ်။ မတ် ၂၃ ရက်မှာ လေလံပွဲပြီးလို့ ဒီအရှေ့ဘက်ခြမ်းမှာ မရတဲ့သူတွေ ကျန်တဲ့ကျုံးနှစ်ဖက်မှာ ပြောင်းပြီးဆောက်ချင်ရင်လည်း ခွင့်ပြုပေးမှာပါ။ မြို့တွင်းမဏ္ဍပ်တွေအနေနဲ့ ကတော့ လက်ရှိမှာ ခြောက်ခုနဲ့ ကန်တော်ကြီးမှာ တစ်ခုဆောက်လုပ်ခွင့် တင်ထားပါသေးတယ်" ဟု ၎င်းကပြောသည်။ မန္တလေးမြို့ကျုံးတောင်ဘက်ခြမ်းဖြစ်သော ၂၆လမ်းတွင် ၆၆လမ်းမှ လမ်း ၈၀ အထိ ယာဉ်မဝင်ရသတ်မှတ်၍ မုန့်ဦးများပြုလုပ်ကာ အဆိုပါ ၂၆ လမ်းတစ်လျှောက်တွင် မြန်မာ့ရိုးရာ ရေကစားခြင်းများ ပြုလုပ်နိုင်ရန် မဏ္ဍပ်ငယ်များ ဆောက်လုပ်ပြီး ရိုးရာအစားအစာရောင်းချသည့်ဆိုင်များလည်း ထားရှိမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

ယခုနှစ် သင်္ကြန်တွင် ခွင့်ပြုထားသည့် ကျုံးသုံးဖက်၌ တစ်ဖက်လျှင် မဏ္ဍပ်ရှစ်ခုစီ ဆောက်လုပ်ခွင့်ပြုထားပြီး ဆောက်လုပ်ခွင့်ရရှိသူများ လိုက်နာရန် စည်းကမ်းချက် ၂၆ ချက်ကို လည်း လျှောက်လွှာတွင် ဖော်ပြထားပြီး ဖြစ်ရာ လေလံရရှိသူများအနေဖြင့် မလိုက်နာပါက လေလံအောင်စာရင်းကို ပယ်ဖျက်ကာ အစားထိုးလုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# စုပေါင်းသွေးလှူဒါန်းပွဲပြုလုပ်မည်

**ရန်ကုန် မတ် ၂၁**
**စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ် ဖောင်ဒေးရှင်း**က ကြီးမှူးပြုလုပ်သော (၆)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန(အမျိုးသားသွေးလှူဘဏ်)၌ ဧပြီ ၂ ရက် နံနက် ၈ နာရီမှ ၁၁ နာရီထိ ပြုလုပ်မည်ဖြစ်ရာ မည်သူမဆိုပါဝင်လှူဒါန်းနိုင်သည်။ သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေးထောက်ပံ့မှုများအပြင် **စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း**မှ ကြက်ဥ ၁၀လုံး၊ အမှတ်တရ UV နေရောင်ခြည်ကာကွယ်သော ထီးတစ်လက်၊ ဦးထုပ်တစ်လုံးနှင့် 100% Cotton T-Shirt တစ်ထည် လက်ဆောင်များဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်သည်။ သွေးလှူဒါန်းမည့်သူများအနေဖြင့် **စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း** ဖုန်း-၀၉-၅၁၃၅၅၁၅၊ ၀၉-၇၈၆၆၇၇၂၉၂ တို့သို့ မတ် ၂၉ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန် မေတ္တာရပ်ခံထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ၂၀၁၇ ခုနှစ် တောင်နှင့်အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်ကုန်စည်ပြပွဲ ကျင်းပမည်

**နေပြည်တော် မတ် ၂၁**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး နိုင်ငံတကာကုန်စည်ပြပွဲများကို သွားရောက်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အရှေ့တောင်အာရှကုန်စည်ပြပွဲနှင့် ကူမင်းကုန်စည်ပြပွဲများအား နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်တွင် ၂၀၁၇ခုနှစ် တောင်နှင့်အရှေ့တောင် အာရှကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော် 2017 South and Southeast Asia Commodity Expo and Investment Fair(SSACEIF) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ Dianchi International Convention Center တွင် ၂၀၁၇ ခုနှစ် ဇွန်လ ၁၂ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ နေပြည်တော်ဖုန်း ၀၆၇-၄၃၀၄၄၇၊ ဖက်(စ်) ၀၆၇-၄၃၀၁၂၈၊ Email:moctradefair @ gmail.com နှင့် ရန်ကုန်ဖုန်း ၀၁-၂၅၄၀၂၄ ၊ Email: itpic.moc@ gmail.com၊ website:www.trade.gov.mm နှင့် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။ **(သတင်းစဉ်)**

# ကလောမြို့နယ်၌ ဓာတ်မြေသြဇာ အခမဲ့ဖြန့်ဝေ

**ကလော မတ် ၂၁**
ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် နန်းနိုင်ကျေးရွာအုပ်စု နန်းနိုင်ကျေးရွာ၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရာတွင် အထောက်အကူဖြစ်စေရန်အတွက် ဓာတ်မြေသြဇာများ အခမဲ့ဖြန့်ဝေပေးအပ်ပွဲကို မတ် ၁၉ ရက်က ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

အခမ်းအနားတွင် ကလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သက်သက်အေးနှင့် ဝန်ထမ်းများက ပိုးသတ်ဆေးစနစ်တကျအန္တရာယ်ကင်းစွာ သုံးစွဲနည်းများအကြောင်းကို ပညာပေးဆွေးနွေးကြပြီး ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေသည်။ ထို့နောက် တာဝန်ရှိသူများက ဓာတ်မြေသြဇာ ၁၅ အိတ်ကို ပေးအပ်ခဲ့ပြီး ထောပတ်နှစ်ရှည်စံပြစိုက်ကွက်တွင် လက်တွေ့သရုပ်ပြပညာပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# စားသုံးရန်မသင့်သောအစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန် ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန်စဉ်ဆက်မပြတ် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါအစားအသောက်များ၌ ခွင့်မပြုဆိုးဆေးများပါဝင်ခြင်းတို့ကြောင့် စားသုံးရန်မသင့်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသောဆိုးဆေးများကို လုံးဝအသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၂၈(က) အရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

**အမှတ်တံဆိပ်နှင့်အစားအသောက်အမျိုးအစားများ**

| စဉ် | အစားအသောက်အမည် | အမှတ်တံဆိပ် | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | ချယ်ရီသီး | Tricer Cherry စာသားပါ | **Orange II (ခွင့်မပြုဆိုးဆေး)** |
| ၂။ | ရောင်စုံဝေဖာချောင်း | အမှတ်တံဆိပ်မပါ | **Rhodamine B (ခွင့်မပြုဆိုးဆေး)** |
| ၃။ | ရောင်စုံဝေဖာလုံး | အမှတ်တံဆိပ်မပါ | **Rhodamine B (ခွင့်မပြုဆိုးဆေး)** |
| ၄။ | တုတ်ထိုးချိုချဉ် | အမှတ်တံဆိပ်မပါ | **Sudan III (ခွင့်မပြုဆိုးဆေး)** |
| ၅။ | လခြမ်းပုံချိုချဉ် | အမှတ်တံဆိပ်မပါ | **Sudan III (ခွင့်မပြုဆိုးဆေး)** |
| ၆။ | ခေါက်မုန့်(ပန်းရောင်) | အမှတ်တံဆိပ်မပါ | **Sudan III (ခွင့်မပြုဆိုးဆေး)** |
| ၇။ | မက်မန်းပေါင်း | အမှတ်တံဆိပ်မပါ | **Rhodamine B (ခွင့်မပြုဆိုးဆေး)** |
| ၈။ | ပဲလိပ်ပြာ | အမှတ်တံဆိပ်မပါ | **Auramine O (ခွင့်မပြုဆိုးဆေး)** |
| ၉။ | တုတ်ထိုးချိုချဉ်(ပြား) | အမှတ်တံဆိပ်မပါ | **Rhodamine B (ခွင့်မပြုဆိုးဆေး)** |
| ၁၀။ | တုတ်ထိုးချိုချဉ်(လုံး) | အမှတ်တံဆိပ်မပါ | **Rhodamine B (ခွင့်မပြုဆိုးဆေး)** |
| ၁၁။ | ဂျယ်လီ(လိမ္မော်ရောင်) | Angry Bird စာသားပါ | **Orange II (ခွင့်မပြုဆိုးဆေး)** |
| ၁၂။ | ငရုတ်ဆီ | Lucky Fish | **Orange II (ခွင့်မပြုဆိုးဆေး)** |
| ၁၃။ | နနွင်းမှုန့် | ပစ်တိုင်းထောင် | **Sudan III (ခွင့်မပြုဆိုးဆေး)** |
| ၁၄။ | အရောင်တင်မှုန့် | ငွေငါး | **Sudan III (ခွင့်မပြုဆိုးဆေး)** |
| ၁၅။ | အရောင်တင်မှုန့် | မင်းထိုက်တန် စာသားပါ | **Sudan III (ခွင့်မပြုဆိုးဆေး)** |
| ၁၆။ | အရောင်တင်မှုန့် | ရွှေကံကောင်း | **Rhodamine B (ခွင့်မပြုဆိုးဆေး)** |
| ၁၇။ | သကြားလုံး | သစ်ဆန်း | **Rhodamine B (ခွင့်မပြုဆိုးဆေး)** |
| ၁၈။ | ဆေးမန်ကျည်း(အစပ်) | ထိုင်းဝမ်း | **Sudan III (ခွင့်မပြုဆိုးဆေး)** |

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**


မင်းထိုက်တန် စာသားပါအရောင်တင်မှုန့်



အမှတ်တံဆိပ်မပါ ရောင်စုံဝေဖာချောင်း


ထိုင်းဝမ်းအမှတ်တံဆိပ်ပါ ဆေးမန်ကျည်း(အစပ်)

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၁**

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၂၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၀၉ စီး၊ သွင်းကုန် ၇၄၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅ စီး၊ သွင်းကုန် ၁၃၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၀ ရက် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၆ သန်းခန့်နှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀ ဒသမ ၉၅၆ သန်းခန့် စုစုပေါင်း ၁၁ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀ ဒသမ ၅၅၆ သန်းခန့် ဖမ်းဆီးရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁၉ ရက်က မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင်မှန်လုံယာဉ်အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ တရားမဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အေးခဲကြက်သား ၁၉၇ ဒသမ ၈ ကီလိုဂရမ်၊ အေးခဲကြက်ကလီစာ ၅၂ ကီလိုဂရမ် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၃၉၄၈ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ပြီး မတ် ၂၀ ရက်က အဆိုပါ အေးခဲကြက်သားနှင့် အေးခဲ ကြက်ကလီစာများအား အများပြည်သူစားသုံးရန်မသင့်သည့်အတွက် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စခန်းဝင်းအတွင်း၌ စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**





# ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုရစာအုပ် ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၄ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု ဝတ္ထုရှည် တတိယဆုရရှိသည့် ကေတုလှနိုင်၏ "ရင်ဆိုင်တိုက်ပွဲ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်သည် မြန်မာနိုင်ငံကို ဂျပန်များ ကျူးကျော်နယ်ချဲ့အုပ်စိုးသော ကာလက အာရှလူငယ်အစည်းအရုံး (တောင်ငူ) ၏ လူငယ်များလှုပ်ရှားမှုကို ဆွတ်ပျံ့ဖွယ် အချစ်ဇာတ်လမ်းနှင့်တွဲဖက်ကာ ရေးသားထားသော စာအုပ်ဖြစ်သည်။ သုတနှင့်ရသကို အချိုးညီစွာ ပေါင်းစပ်ဖွဲ့စည်းပြီး "မိုးဝေ" ဟူသော မျိုးချစ်စိတ်တက်ကြွသည့် လူငယ်လေးတစ်ယောက်ကို အဓိကဇာတ်ဆောင်ပြု၍ အတိတ်က မြန်မာ့နိုင်ငံရေးဘဝထဲတွင် လူငယ်များ တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့ပုံ၊ မိုးဝေ၏ နှလုံးသားမှ ပွင့်လာသော ပန်းကလေးကို တော်လှန်ရေးကြားမှ ပြုစုယုယရပုံများကို ဇာတ်လမ်း၊ ဇာတ်ဆောင်ခိုင်ခိုင်မာမာဖြင့် ရေးသားထားသော စာအုပ်ဖြစ်သည်။ ရောင်းဈေးငွေကျပ် ၂၀၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ဖုန်း-၀၆၇-၄၁၄၆၈၁၊ ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ဖုန်း ၀၂-၃၀၁၈၆ နှင့်အမြို့မြို့ရှိစာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ၊ ကုန်သည် လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန ဖုန်း ၀၁ ၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**




# တစ်ပိုင်တစ်နိုင်ချောင်းမြောင်းရေချိုငါးဖမ်းဆီးမှု ရေလုပ်သားများအဆင်ပြေ

**ရန်ကုန် မတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် လကျ်ာကြီးကျေးရွာအုပ်စု တွံတေး-မအူပင်ကားလမ်းဘေးရှိ ဂို့မြောင်းတစ်လျှောက်တွင် ရေချိုငါးဖမ်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ဒေသခံများဝင်ငွေရရှိလျက်ရှိပြီး ပြည်တွင်းရေချိုငါးစားသုံးမှုအတွက်လည်း တစ်ပိုင်တစ်နိုင်ဖမ်းဆီးမှုဖြင့် အထောက်အကူဖြစ်လျက်ရှိကြောင်း သိရသည်။



"ဒီနှစ်ကုန်ချိန် ၂၀၀ ကျော်ရမယ်လို့ မှန်းတယ်။ နတ်တော်လကနေ ကဆုန်လအထိဖော်တယ်။ အလုပ်သမား ၁၄ ဦးလျှင်တစ်ဦးကိုနေ့စားခငွေကျပ် ၇၀၀၀ ပေးရတယ်။ နံနက် ၆ နာရီမှ ၁၁ နာရီထိပါ။ ဒီတစ်လျှောက်မှာ လေလံတစ်ဦးပဲရှိတယ်။ အများဆုံးက ငါးဖီလာဖမ်းမိတယ်။ ငါးရံ့တော့နည်းတယ်။ ကြည့်မြင်တိုင်ငါးဈေးကို သွင်းတယ်။ ဂျပန်ငါးက ငွေကျပ် ၂၀၀၀ ဈေးနဲ့ ကျန်ငါးက ငွေကျပ် ၄၀၀၀၊ ၅၀၀၀ ဈေးရတယ်။ ဒီရာသီက ချောင်း၊ မြောင်းတွေမှာ ငါးဖမ်းရာသီဆိုတော့ အလုပ်အကိုင်အဆင်ပြေကြတယ်" ဟု ဦးထော်လုက ပြောသည်။

ဂို့မြောင်းအတွင်း ဒိုက်ပင်များအား လူအားဖြင့်ဖယ်ရှား၍ ရေစုပ်ထုတ်ကာနွံအတွင်းမှ ငါးဖီလာ (ဂျပန်ငါး) ငါးရံ့၊ ငါးရှဉ့်၊ ခရုတို့ရရှိပြီး ကြည့်မြင်တိုင်ငါးဈေးသို့တင်ပို့ရောင်းချခြင်းဖြစ်သည်။

"ရန်ကုန်တိုင်းဒေသကြီးရဲ့ ငါးစားသုံးမှုကိုဧရာဝတီတိုင်းဒေသကြီးကပဲ ထုတ်လုပ်ပေးတာပါ။ ငါးလုပ်ငန်းဦးစီးဌာနမှာ ကန်ထရိုက်ဆွဲရတယ်။ တစ်နှစ်ကို ငွေကျပ်သိန်း၁၀၀ ကျော်ပေးရတယ်။ ခတ္တိယတံတားနားကနေ လေးအိမ်စုအဝထိ ဧရိယာအတွင်းမှာ ဖမ်းဆီးရတာပါ။ ငါးဖီလာအများဆုံးရပါတယ်။ ပြည်တွင်းစားသုံးမှုအတွက် ရေချိုငါးကတော့ အမြဲလိုအပ်နေပါတယ်" ဟု တွံတေး-မအူပင်ကားလမ်းဘေးရှိ ဂို့မြောင်းအား လေလံယူထားသောဦးလင်းက ပြောသည်။

ရေချိုငါးဖမ်းရာသီတွင် မအူပင်မြို့နယ်ရှိ ရေချိုငါးမွေးကန်အချို့မှ ငါးဖမ်းဆီး၍ ကြည့်မြင်တိုင် ငါးဈေးနှင့် အအေးခန်းစက်ရုံများသို့ တင်ပို့လျက်ရှိပြီး ချောင်း၊ မြောင်းအတွင်းလေလံရရှိသည့် လုပ်ငန်းရှင်များကလည်း ငါးများဖမ်းဆီး၍ ရန်ကုန်တိုင်းဒေသကြီး၏ ငါးစားသုံးမှု လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည့်နည်းတူ တစ်ပိုင်တစ်နိုင်ရေချိုငါးဖမ်းဆီးမှုဖြင့် ဒေသခံတို့၏ အလုပ်အကိုင်များလည်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**
**ဓာတ်ပုံ-သစ္စာ**

# အာမခံအကြောင်း သိကောင်းစရာဟောပြော

**မိတ္ထီလာ မတ် ၂၁**

မြန်မာ့အာမခံလုပ်ငန်း မိတ္ထီလာခရိုင်ရုံးမှ အာမခံအကြောင်း သိကောင်းစရာ ဟောပြောပွဲကို မတ် ၁၇ ရက်က တောမကျေးရွာအုပ်စု အထက်တန်းကျောင်းတွင် ပြုလုပ်သည်။ အာမခံအကြောင်း စိတ်ဝင်စားသူ စီးပွားရေးလုပ်ငန်းရှင်များ ယာဉ်ပိုင်ရှင်များနှင့် ပြည်သူ ၁၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် မိတ္ထီလာခရိုင် တာဝန်ခံက အာမခံအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့ပြီး မြန်မာ့အာမခံလုပ်ငန်းသည် နှစ်ပေါင်း ၆၅ နှစ် အတွေ့အကြုံရှိသည့် နိုင်ငံပိုင်အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အာမခံရန်ပုံငွေကျပ် သန်းပေါင်း ၁၁၇၁၉၇ ကျော်ရှိကြောင်း သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**




**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7G/4050 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်ရှေ့ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8G/6366 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6E/4158 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ရွာသာကြီး**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9B/4372 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ရွာသာကြီး**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8H/8581 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9G/6307 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8H/3599 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# ဆန်းသစ်သော နည်းပညာများဖြင့် ကြိမ်၊ ဝါးအခြေခံပရိဘောဂများ တိုးမြှင့်ထုတ်လုပ်နိုင်ရန် လိုအပ်

**မြစ်ကြီးနား မတ် ၂၁**

မြန်မာနိုင်ငံ၏ ကြိမ်၊ ဝါးအချောထည် ပရိဘောဂပစ္စည်းများကို နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၀ သန်းခန့်နှင့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃ သန်းခန့်အထိ E U၊ Korea၊ Japan၊ Australia နိုင်ငံများသို့ တင်ပို့နိုင်ခဲ့ပြီး ဖြစ်သော်လည်း ဆန်းသစ်သော နည်းပညာများဖြင့် ကြိမ်၊ ဝါးအခြေခံပရိဘောဂများတိုးမြှင့်ထုတ်လုပ်နိုင်ရန် လိုအပ်လျက်ရှိကြောင်း ကချင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးမှသိရသည်။

မြန်မာနိုင်ငံ၏ ကြိမ်၊ဝါးအချောထည် ပရိဘောဂပစ္စည်းများမှာ နိုင်ငံတကာဈေးကွက်များတွင် ဝယ်လိုအားမြင့်မားနေသော်လည်း ထုတ်လုပ်တင်ပို့နိုင်မှု နည်းပါးနေသေးကြောင်း၊ ကြိမ်၊ဝါးအခြေခံ ပရိဘောဂထုတ်လုပ်မှုနည်းပညာသင်တန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဖွင့်လှစ်၍ တိုးမြှင့်ထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးအောင်မောင်းက ပြောသည်။

ကြိမ်၊ဝါးပရိဘောဂ ကုန်ကြမ်းများကို ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ထုတ်လုပ်လျက်ရှိပြီး ကုန်ချောထုတ်လုပ်မှုကို ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ထုတ်လုပ်လျက်ရှိကြောင်း၊ အဆိုပါ ကုန်ချောထုတ်လုပ်မှုအပိုင်းတွင် ဆန်းသစ်သော နည်းပညာများဖြင့် ထုတ်လုပ်သွားရန်လည်း လိုအပ်လျက်ရှိကြောင်း ၎င်းကပြောသည်။



ယနေ့လူသုံးကုန်ပစ္စည်းများတွင် ပလတ်စတစ်ပစ္စည်းများအား တွင်ကျယ်စွာအသုံးပြုလာကြသော်လည်း အဆိုပါ ပလတ်စတစ်ပစ္စည်းများ ပျက်စီး၍ စွန့်ပစ်သည့်အခါ လွယ်ကူစွာပျက်စီးဆွေးမြည့်နိုင်ခြင်းမရှိဘဲ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့ကို ထိခိုက်ပျက်စီးစေနိုင်သည့်အတွက် ယင်းပလတ်စတစ်ပစ္စည်းများအစား သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့ကို ထိန်းညှိပေးနိုင်သည့် ကြိမ်၊ ဝါးလူသုံးကုန်ပစ္စည်းများကို ပြန်လည် အသုံးပြုလာကြကြောင်း သိရသည်။

"ကြိမ်၊ဝါးနဲ့ ပြုလုပ်ထားတဲ့ လူသုံးကုန်ပစ္စည်းတွေကို ပြည်ပနိုင်ငံကနေဝယ်ယူနေတယ်။ ဝယ်ယူမှုရှိသော်လည်း ထုပ်လုပ်သူနည်းပါးတာရယ် ဈေးကွက်ဝင်ထုတ်လုပ်မှုနည်းပညာ ကျယ်ကျယ်ပြန့်ပြန့်ပေးနိုင်ခြင်း မရှိတာရယ်ကြောင့် ဝယ်လိုအားရှိပေမယ့် ထုပ်လုပ်မှုအားနည်းနေတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ကြိမ်၊ဝါးဖြင့် ပြုလုပ်ထားသော လူသုံးကုန်လက်မှုပစ္စည်းများသည် လက်ရှိဈေးကွက်တွင် အနိမ့်ဆုံး ငွေကျပ် ၁၀၀၀မှ သိန်းဆယ်ချီသည် အထိရောင်းချလျက်ရှိကြောင်း အရောင်းအဝယ်ပြုလုပ် နေသူများထံမှ သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် မတ် ၂၁**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဇန်နဝါရီလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၀၅ ဒသမ ၇၄ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၄၇ ဒသမ ၅၅ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၅၃ ဒသမ ၂၉ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၂၆ ဒသမ ၀၈ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၂ ဒသမ ၇၁ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၅၈ ဒသမ ၇၉ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဇန်နဝါရီလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၇၁၂ ဒသမ ၀၈ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၈၀၅ ဒသမ ၅၀ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၇၆၅ ဒသမ ၅၆ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၇၈၈ ဒသမ ၈၉ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၅၅၄ ဒသမ ၄၅ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၀၂၉ ဒသမ ၆၄ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၃၆ ဒသမ ၃၃ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၃၆၅ ဒသမ ၉၇ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ ၂၂၉၂၀ ဒသမ ၄၂ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃၈၁၁ ဒသမ ၅၂ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။ **(မြန်မာ့အလင်း)**

# ရေစကြိုတွင် ကမ်းပါးပြိုမှုကာကွယ်ရန် ကျောက်စီကမ်းထိန်းနံရံ တည်ဆောက်နေ

**ရေစကြို မတ် ၂၁**

ရေစကြိုမြို့သည် ချင်းတွင်းမြစ်ကမ်းနဖူးတွင် တည်ရှိသည့်အတွက် ချင်းတွင်းမြစ်ရေကြီးတိုင်း မြို့အတွင်းသို့ မြစ်ရေများဝင်ရောက်ခြင်းနှင့် မြစ်ကမ်းပါးပြိုခြင်းအန္တရာယ်နှင့် ကြုံတွေ့ရလျက်ရှိသည်။

အထူးသဖြင့် အမှတ်(၁)ထင်းတန်းရပ်ကွက်တွင် မြေထိန်းနံရံမရှိသည့်အတွက် မြစ်ရေကြီးတိုင်း ရေတိုက်စား၍ ကမ်းပြိုမှုအန္တရာယ်ကို နှစ်စဉ်လိုခံစားနေရသော ရပ်ကွက်ဖြစ်သည်။

အဆိုပါ ရပ်ကွက်တွင် ကမ်းပါးပြိုမှုအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုအစိုးရ ရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ အလျားပေ ၆၃၀ ရှိ steel basket အခြေပြု ကျောက်စီမြေထိန်းနံရံကို တည်ဆောက်လျက်ရှိသည်။



ယင်းလုပ်ငန်းသုံးဆင့်မှာ ရာနှုန်းပြည့်နီးပါးပြီးစီးနေပြီး ကျောက်တန်းတစ်ခုနှင့်တစ်ခုအကြား မြေသားရွေ့လျားမှုမရှိစေရန်အတွက် အောက်ခံမြေသားပေါ်တွင် Poly feld များခင်းလျက်ရှိသည်။ ယင်း Poly feld အပေါ်မှ မြေသားနှင့် သဲများဖို့ပြီး မျက်နှာပြင်ကွန်ကရစ်လောင်း၍ ကျောက်စီမြေထိန်းနံရံကို တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြေထိန်းနံရံကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလစတုတ္ထပတ်မှ စတင်လုပ်ဆောင်ခဲ့ရာ သတ်မှတ်ကာလအတွင်း ပြီးစီးရန် နေ့စဉ်လုပ်သားအင်အား ၁၀၀ ခန့်ဖြင့် ဆောင်ရွက်လျက်ရှိသဖြင့် ဒေသခံများလည်း အလုပ်အကိုင်ရရှိ လျက်ရှိသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

# သတင်းအတိုအထွာ

## မူလတန်းအဆင့် ဗုဒ္ဓဝင်ပြိုင်ပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ ဟင်္သာတမြို့နယ်လုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံ ဆရာတော်ကြီးများဦးဆောင်မှုဖြင့် ယဉ်ကျေးမှုသင်တန်း ဖြစ်မြောက်ရေးအကျိုးတော်ဆောင်အဖွဲ့မှ ကြီးမှူးကျင်းပသော (စတုတ္ထ)အကြိမ်မြောက် မူလတန်းအဆင့် သုတစုံကြွယ် မင်္ဂလာမောင်မယ်ဗုဒ္ဓဝင်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၁၉ ရက်က မိုးကောင်းကျောင်းပရိယတ္တိစာသင်တိုက်ရှိ အောင်ပြည့်ဦးဓမ္မဗိမာန်တော်၌ ကျင်းပခဲ့သည်။

မူလတန်းအဆင့် သုတစုံကြွယ် မင်္ဂလာမောင်မယ် ဗုဒ္ဓဝင်ပြိုင်ပွဲတွင်ဟင်္သာတမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများမှထူးချွန်ကျောင်းသားကျောင်းသူ ၅၀၅ ဦးဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ကျင်းပခဲ့ရာ ၂၀၁၆ခုနှစ်ကကျင်းပခဲ့သည့် သုတစုံကြွယ် မင်္ဂလာမောင်မယ်ဗုဒ္ဓဝင်ပြိုင်ပွဲတွင် ဆုရရှိခဲ့သော မူလတန်းအဆင့်မှ အထူးဆု ၁၁ ဆု၊ နှစ်သိမ့်ဆု ၂၃ ဆုနှင့် အလယ်တန်းအဆင့်မှ အထူးဆု ၁၁ ဆု၊ နှစ်သိမ့်ဆု ၂၂ ဆုရ ကျောင်းသား ကျောင်းသူများအားဟင်္သာတမြို့နယ်လုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံ ဆရာတော်ကြီးများက ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**

## အသိပညာပေး ဆိုင်းဘုတ်တင်ပွဲပြုလုပ်

ရပ်ကွက်၊ ကျေးရွာဒေသခံပြည်သူများ ယာဉ်အန္တရာယ်ကင်း ရှင်းစေရန်ရည်ရွယ်၍ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက် နယ်မြေ(၇) ရန်ကုန်-မန္တလေး ကားလမ်း လမ်းဆုံ မီးပွိုင့်အနီးရှိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာ ပေးဆိုင်းဘုတ်တင်ပွဲအခမ်းအနားကိုမတ်၁၈ရက် ကအဆိုပါနေရာ၌ ကျင်းပသည်။

အဆိုပါဆိုင်းဘုတ်ကို နေပြည်တော် ကောင်စီဝင်(တပ်ကုန်းမြို့နယ်တာဝန်ခံ) ဦးတင်ထွဋ်၊နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနဦးစီးမှူး ဦးအေးသောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် တာဝန်ရှိသူများက ဒေသခံပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မေသုခ**

## မာန်အောင်မြို့နယ်၌ စာပေဟောပြောပွဲကျင်းပ

လူငယ်များကောင်းမွန်သော ကိုယ်ကျင့်တရားဖြစ်ထွန်းလာစေရန်၊ စာပေစွမ်းအားကို တန်ဖိုးထားတတ်လာစေရန်နှင့် ဒေသ၏သဘာဝပတ်ဝန်းကျင်ဆိုင်ရာများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်တတ်စေရန် ရည်ရွယ်ပြီး ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ဒေသခံလူငယ်များနှင့် အဝေးရောက်လူငယ်များပူးပေါင်း၍ မေဃအလင်းတန်းများသို့ စတုတ္ထအကြိမ်မြောက် စာပေဟောပြောပွဲကို မတ် ၁၉ ရက်က မာန်အောင်မြို့ ဈေးတန်း အထက(ခွဲ) ကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် စာရေးဆရာမ စမ်းစမ်းနွဲ့(သာယာဝတီ)က သက်တန့်ရောင်လင်းတန်းများခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာသရဝဏ်(ပြည်)က ကျန်ခဲ့မလား ကျော်တက်မှာလား ခေါင်းစဉ်ဖြင့်လည်းကောင်း ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**သိန်းဇေ(ပြန်/ဆက်)**

# သီးနှံများပျက်စီးမှုအတွက် ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပ

**မိုးမိတ် မတ် ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ် မြို့ကျက်သရေဆောင်ခန်းမ၌ မိုးမိတ်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများပျက်စီးထိခိုက်မှုအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို မတ် ၁၇ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးဆွေသိန်းက အမှာစကားပြောကြားခဲ့ပြီး မိုးမိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်မော်မော်လွင်က ၂၀၁၆ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် မိုးရွာသွန်းမှုကြောင့် စိုက်ပျိုးပြီး စပါးခင်း ၃၄၀၈ ဧက ရေနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ရာ ကျေးရွာပေါင်း ၁၆ အုပ်စုကွင်းပေါင်း ၅၄ ရှိ တောင်သူ ၅၉၅ဦး၏ စပါးစိုက်ဧက ၁၁၂၄ ဧက ပျက်စီးသွားခဲ့ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် မိုးမိတ်၊ မဘိမ်းအပါအဝင် ရှမ်းပြည်နယ်တစ်နယ်လုံးတွင် မိုးစပါး ၁၈၃၁ ဧက၊ အစေ့ထုတ်ပြောင်း ၁၃၉၂ဧက၊ မြေပဲ ခုနစ်ဧက၊ ပဲပုပ် ၄၀၄ ဧက ပျက်စီးမှုဖြစ်ပေါ်ခဲ့ရာ မိုးမိတ်မြို့နယ်အနေဖြင့် စပါးမှာ ပျက်စီးမှုဧကအများဆုံးဖြစ်ကြောင်းနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မိုးမိတ်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှုဒဏ်ခံစားခဲ့ကြသော တောင်သူများအား ပြည်နယ်လျှပ်စစ်၊စွမ်းအင်နှင့် စက်မှုဝန်ကြီး၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

**အနာဂတ်ကမ္ဘာဖွံ့ဖြိုးလှပဖို့ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစို့**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ စတုတ္ထတွဲအဖြစ် " တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" အမည်နှင့် အလင်းသစ်စာအုပ်တိုက်က ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေး မျဉ်းဖြောင့်များစတုတ္ထတွဲ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ရုပ်တု၊ စာမျက်နှာ၊ ကျောက်ထက်အက္ခရာမှ ကင်းဝန်ပုံရိပ်

## ဆူးငှက်

***ယခင်အပတ်မှအဆက်***

မဟာဝန်ရှင်တော်မင်းကြီးက ထားရာနေ စေရာသွားမည်မဟုတ်သော လွှတ်တော်ကို ဆက်လက်အသုံးမပြုလိုတော့ပေ။ ၁၈၈၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒပ်ဖရင် မန္တလေးသို့ လာရောက်သောအခါ အခြေအနေအရပ်ရပ်ကို သုံးသပ်ဆင်ခြင်ပြီးနောက် အထက်မြန်မာနိုင်ငံကို တိုက်ရိုက်သိမ်းပိုက်အုပ်ချုပ်ရန်ပြဋ္ဌာန်းသည်။ လွှတ်တော်ကိုလည်း ဖျက်သိမ်းရမည်ဟု ချမှတ်သည်။ လွှတ်တော်ဝန်ကြီး၊ မှူးကြီးတို့လည်း တန်ခိုးအာဏာမဲ့သွားကြသည်။ ဤသို့ဖြင့် ၁၈၈၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် လွှတ်တော်ကို အပြီးတိုင်ဖျက်သိမ်းလိုက်သည်။ ထိုအခါ ပဒေသရာဇ်ခေတ် အုပ်ချုပ်ရေးယန္တရားလွှတ်တော်သည်လည်း ကွယ်ပျောက်သွားလေသည်။

အင်္ဂလိပ်အာဏာပိုင်တို့သည် လွှတ်တော်ကိုဖျက်သိမ်းသော်လည်း ဩဇာရှိသော ဝန်ကြီး၊ မှူးကြီးဟောင်းများ၏ အကူအညီကို ရယူရန်တစ်နည်းတစ်ဖုံ စီစဉ်ပြန်သည်။ သိမ်းပိုက်စနိုင်ငံသစ်ကို ကွပ်ကဲရန်အတွေ့အကြုံရှိသော ဝန်ကြီး၊ မှူးကြီးဟောင်းများ၏ အကူအညီရရန်လိုကြောင်း အင်္ဂလိပ်ကသဘောပေါက်လေသည်။ ထို့ကြောင့် စိတ်ချရပြီး အသုံးချနိုင်မည့် ဝန်ကြီး၊ မှူးကြီးငါးဦးကို ရွေးချယ်ကာ ၁၈၈၆ ခု၊ ဧပြီ ၁ ရက်နေ့တွင် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းသည်။ ကျန်အရာရှိများကိုမူ ပင်စင်ရိက္ခာချီးမြှင့်ရန် လျာထားသတ်မှတ်ခဲ့သည်။

၁၈၈၆ ခုနှစ် မတ်လ ၁၂ ရက်နေ့စွဲပါ ကာနယ်စလေဒင်၏ မဟာဝန်ရှင်တော်မင်းကြီးထံ အစီရင်ခံစာတွင် ကင်းဝန်မင်းကြီး၊ တောင်ခွင်မင်းကြီး၊ လေှသင်းအတွင်းဝန်၊ တပယင်းဝန်ထောက်တို့ လေးဦးကို အတိုင်ပင်ခံအဖွဲ့တွင် ခန့်ထားသင့်ကြောင်း တင်ပြခဲ့၏။ လစာနှုန်း ထားများအဖြစ် ကင်းဝန်မင်းကြီး ၁၀၀၀ ကျပ်၊ တောင်ခွင်မင်းကြီး ၁၀၀၀ ကျပ်၊ လှေသင်းအတွင်းဝန် ၆၆၆ ကျပ်၊ တပယင်းဝန်ထောက် ၆၆၆ ကျပ်ရရှိစေရန်လည်း ပါရှိ၏။ သို့သော် မဟာဝန်ရှင်တော်မင်းကြီးက အဖွဲ့ဝင်များကို ပြန်လည်ညှိနှိုင်းရွေးချယ်ပြီး ပြင်ဆင်ဖွဲ့စည်းခဲ့လေသည်။ ၎င်းတို့မှာ ကင်းဝန်မင်းကြီးလစာ ၁၀၀၀ ကျပ်၊ တောင်ခွင် မင်းကြီး ၇၅၀ ကျပ်၊ ပင်းအတွင်းဝန် ၅၀၀ ကျပ်၊ ရွှေတိုက် အတွင်းဝန် ၅၀၀ ကျပ်၊ တပယင်းဝန်ထောက်လစာ ၅၀၀ ကျပ် ဟူ၍ဖြစ်၏။

ထိုအဖွဲ့ဝင်များတွင် ကင်းဝန်မင်းကြီးက အသက် ၆၄ နှစ်၊ အမှုထမ်းသက် ၃၄ နှစ်ရှိကာ သစ္စာသမာဓိ၊ လုပ်ရည်ကိုင်ရည်၊ အုပ်ချုပ်ရေးဆိုင်ရာ အသေးစိတ်နားလည်မှုများကို ယုံကြည်စိတ်ချရသောကြောင့်ဟု အကြောင်းပြသည်။ အလားတူ အသက် ၅၈ နှစ်၊ အမှုထမ်းသက် ၃၇ နှစ်ရှိသော တောင်ခွင်မင်းကြီးကို ရွှေတိုက်နှင့်အခွန်တော်ရေးရာများ ကျွမ်းကျင်နားလည်၍၊ အသက် ၅၁ နှစ်၊ အမှုထမ်းသက် ၃၂ နှစ်ရှိ ပင်းအတွင်းဝန်ကို လုပ်ရည်ကိုင်ရည်နှင့် ဗဟုသုတကို လေးစား၍၊ အသက် ၄၀ နှစ်၊ အမှုထမ်းသက် ၁၈ နှစ်ရှိ ရွှေတိုက်အတွင်းဝန်ကို ရွှေတိုက်တော် ထိန်းသိမ်းအုပ်ချုပ်ရေး၊ အခွန်တော်ဘဏ္ဍာရေးတို့ ကျွမ်းကျင်နားလည်၍၊ အသက် ၄၄ နှစ်၊ အမှုထမ်းသက် ၂၇ နှစ်ရှိ တပယင်းဝန်ထောက်ကို အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာစကားများ တတ်မြောက်မှု၊ ဥရောပနိုင်ငံများသို့ ရောက်ပေါက်သိမြင်ဖူး၍စသော အကြောင်းပြချက်များဖြင့် ခန့်ထားခဲ့သည်။ ထိုအတည်ပြုအမိန့်ကို ၁၈၈၆ ခု၊ ဧပြီလ ၃၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

ထိုအဖွဲ့ကို ၁၈၈၆ ခုနှစ်၊ မေလ ၁ ရက်တွင် ဖျက်သိမ်းခဲ့သည်။ ထို့နောက် ကင်းဝန်မင်းကြီးကို ပင်စင်လစာ ၇၅၀ ကျပ်၊ တောင်ခွင်မင်းကြီးကို ၄၅၀ ကျပ်၊ ကျန်ပုဂ္ဂိုလ်သုံးဦးကို ၂၀၀ ကျပ်စီ ပေးကမ်းခဲ့သည်။

မြန်မာနိုင်ငံအထက်ပိုင်း ဗန်ကျီတိုက်အဝင်၊ ဆင်ရှင်မြို့နယ်၊ မင်းတိုင်ပင်မြို့၌ ၁၁၈၃ ခု၊ တပို့တွဲလဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်ခဲ့သော ဣန္ဒိယမဟာအတုလတာရာ သဟာယ C.S.I အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော်ကင်းဝန်၊ သေနတ်ဝန် လယ်ကိုင်းမြို့စား မင်းကြီးသတိုးသုဓမ္မမဟာသက်တော်ရှည်မင်းကြီး ဦးကောင်းသည် မြန်မာသက္ကရာဇ် ၁၂၇၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၃ ရက်၊ ခရစ်နှစ် ၁၉၀၈ ခု၊ ဇွန်လ ၃၀ ရက်၊ အင်္ဂါနေ့အသက် ၈၆ နှစ်၊ ၄ လ၊ ၂၂ ရက်အရတွင် ကွယ်လွန်အနိစ္စရောက်ခဲ့လေသည်။

အသက် ၂၈ နှစ်အရွယ်မှစ၍ မြန်မာမင်းအဆက်ဆက် မင်းမှုထမ်းခဲ့ရာ ၁၃ ကြိမ်တိုင်တိုင် နာမည်အစီးအနင်း၊ အဆောင်အရွက်၊ စားကျေးမြို့ရွာ၊ ရာထူးဌာနန္တရတို့ဖြင့် အဆင့်ဆင့်ခန့်ထားချီးမြှင့် သူကောင်းပြုခံခဲ့ရ၏။ ထို့ပြင် လောကီ၊ လောကုတ္တရာပညာ ဗဟုသုတအစီးအပွားများကို ထောက်ထားမြော်ခေါ်ခြင်းအားဖြင့် ပျို့၊ ကဗျာ၊ လင်္ကာ၊ ချေင်း၊ မော်ကွန်း၊ ရတု၊ ရကန်၊ စကားပြေစာတမ်း၊ ဓမ္မသတ်ကျမ်းများ စီကုံးရေးသားခြင်းများလည်း ပြုခဲ့၏။

'မြန်မာသက္ကရာဇ် ၁၂၄၁ ခုနှစ်တွင် မန္တလေးအနောက်ပြင်



**အတုလဝေယံအတုမရှိကျောင်းတိုက်ကြီး (စစ်မဖြစ်မီကပုံ)**

ရွှေတချောင်းအနောက်ဘက် ဒေးဝန်းရပ်ရှိ မြေရေအလားအားကောင်းသော မင်းပေးမြေပြင်၌ ဗုဒ္ဓဘာသာရဟန်းတော်၊ သံဃာတော်တို့ အမြဲထာဝရသီတင်းသုံးနေခြင်းငှာ ကျောင်းအရံပြုလုပ်ခြင်းနှင့်တကွ သစ်၊ ပျဉ်၊ အုတ်တို့ဖြင့်ပြီးလျက် အသပြာငါးသောင်းကျော်ကုန် ကျောင်းကြီးဆောက်လုပ်ထားပြီးလျှင် ကျောင်းအရံအတွင်း ကျွန်းပင်အများစိုက်ပျိုးဖြစ်ထွန်းသည်ကို အစွဲပြု၍ သာကဝန်ဟူသော ကျောင်းတိုက်အမည်ကို သမုတ်ခေါ်ဝေါ်ခြင်း၊ ပိဋကတ်ကျမ်းဂန်တတ်မြောက်သဖြင့် အကျင့်အာစာရသီလသိက္ခာနှင့် ပြည့်စုံသောဆရာတော်၊ ပုဂ္ဂိုလ်ကျော်တို့ကို အမှူးထား၍ စတုဒိသာအာဂတာနာဂတသံဃိကအဖြစ် ရေစက်သွန်းချလှူဒါန်းခြင်းများကို ဝန်ရှင်တော်ကင်းဝန်မင်းကြီးကိုယ်တိုင် သက္ကစ္စမြောက်အားထုတ်ဆောင်ရွက်တည်ထားပြုစုခဲ့လေ၏'

ကျွန်တော်သည် ကင်းဝန်မင်းကြီးကျောင်းတိုက်၊ အရှေ့ဘက်ဝင်ပေါက်ဘေးအုတ်တိုက်လေးထဲမှ 'ဝန်ရှင်တော်ကင်းဝန်မင်းကြီး၏ ရုပ်အလောင်းကို သရဏဂုံတင်သော စာတမ်း' ကျောက်စာချပ်ကြီးအား ပင့်ကူမျှင်အလိမ်းလိမ်း၊ ဖုန်မှုန့်အဖွေးသားကြားမှ စာလုံးများကို လက်ဖြင့်ပွတ်သတ်ကာ တစ်လုံးချင်း ဖတ်နေရ၏။

ကျောင်းဆောက်လိုက်သောကြောင့် ပျက်စီးသွားသော အုတ်ဂူမှ ကမ္ပည်းကျောက်စာချပ် တစ်ချပ်လည်းအနားမှာ ထောင်လျက်။ တော်သေးသည် ကမ္ပည်းကျောက်စာက ပျောက်မသွားဘဲ သည်နေရာမှာ ထိန်းသိမ်းထားသည်။ သာကဝန်ကျောင်းတော်ကြီး တည်ဆောက်ရေစက်ချလှူဒါန်းခြင်းကို ကျောက်စာထက်မှ ဖတ်ပြီးနောက် စာလုံးများကို ထပ်မံပွတ်သပ်ကြည့်မိပါသည်။

'ကင်းဝန်မင်းကြီးသည် အသက် ၈၇ နှစ်အရွယ်သို့ ရောက်သောအခါ ဇရာဒုဗ္ဗလသင်္ခါရသဘောကို မလွန်ဆန်နိုင်သည်ဖြစ်၍ သက္ကရာဇ် ၇၀ ပြည့်၊ ဝေါဟာရအားဖြင့် ဂိမ္ဟရတု၊ ဒနွေ၊ အလနအားဖြင့် ဝဿာနရတု၊ ဝါဆိုလဆန်း ၃ ရက်၊ ၁၉၀၈ ခု၊ ဇွန်လ ၃၀ ရက်၊ ၃ ဂါနေ့နံနက် ၅ နာရီအချိန်၊ စုတိကမ္မဇရုပ်၊ စံချုပ်ကွယ်လွန်ခြင်းဖြင့် အနိစ္စရောက်လေ၏။ ထိုသို့ ကွယ်လွန်သောအခါ ကြွင်းကျန်ရစ်သော ရုပ်အလောင်းကို ရှေးမြန်မာမင်းတို့လက်ထက်အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော်စစ်သူကြီးသက်တော်ရှည် အမတ်တို့ ကွယ်လွန်ရာသင်္ဂြိုဟ်သည့် အခမ်း အနားနည်း ကြီးကျယ်ကောင်းမွန်စွာ သင်္ဂြိုဟ်ဆောင်ရွက်ထိုက်သည်နှင့်အညီ မြန်မာနိုင်ငံတော်အလုံးကိုစီရင်အုပ်ချုပ်တော် မူရသော ဘုရင်ခံမင်းနှင့်တကွ အစိုးရအရာရှိမင်းတို့က ကွယ်လွန်သူဝန်ရှင်တော်ကင်းဝန်မင်းကြီးအား သနားကရုဏာ မေတ္တာရှေးရှုခြင်းရှိသည်နှင့်အညီ မသာအခမ်းအနားနှင့်စပ်၍ သင်္ဂြိုဟ်ဆောင်ရွက်ရန်စရိတ်တွင် အစိုးရဘဏ္ဍာတော်မှ အသပြာငွေတော်များစွာ ထုတ်ပေးချီးမြှင့်တော်မူခြင်း၊ ချဆောင်သင်္ဂြိုဟ်မည့်ရက်ဖြစ်သော ၁၉၀၈ ခုနှစ် ဇူလိုင် ၁၀ ရက်နေ့၌ လည်း မန္တလေးမြို့ရှိ အစိုးရရုံးတော်များပိတ်ထားခြင်း၊ ကင်းဝန်မင်းကြီးရုပ်အလောင်းကို သင်္ဂြိုဟ်ရပ်သို့ဆောင်ယူသောအခါ အခမ်းအနားအစီအစဉ်၏ရှေ့ဖျား၌ ပုလိပ်မြင်းတပ်ကြပ်မလိုက်ပါခြင်း၊ ချဆောင်သောလမ်းစဉ် တစ်လျှောက်မှာလည်း ပုလိပ်ခြေသည် တပ်ခင်းချင်းစောင့်ကြပ်လိုက်ပါစေခြင်း၊ ဤသို့သော အစီအရင်အခွင့်အရေးတို့ဖြင့် ချီးမြှင့်တော်မူသည် ဖြစ်၍ ကွယ်လွန်သူဝန်ရှင်တော်ကင်းဝန်မင်းကြီး၏ ရုပ်အလောင်းကို မန္တလေးတပ်မြို့တွင်း သုံးဆက်နေအိမ်ကြီးမှ သက္ကရာဇ် ၁၂၇၀ ပြည့်နှစ်ဝါဆိုလဆန်း ၁၃ ရက်ယခုနေ့အခမ်းအနားအစီအစဉ်အတိုင်း ဆောင်ယူခဲ့သဖြင့် မန္တလေးမြို့အနောက်ပြင်ဒေးဝန်းရပ်အကွက်နံပါတ် ၃၇၉ အတွင်းရှိ ဤသာကဝန် ကျောင်းတိုက်သို့ ဆိုက်ရောက်သည့်အတိုင်း ကွယ်လွန်သူမင်းကြီး၏ သက်စေ့ဆရာတော်၊ သံဃာတော် ရှစ်ဆယ့်ခုနစ်ပါးတို့အား အထူးထူးသောဒါနဝတ္ထုတို့ကို လှူဒါန်းပြီးလျှင် သရဏဂုံ ပဥ္စသီလခံယူဆောက်တည်ခြင်း နှင့်တကွ ကွယ်လွန်သူဝန်ရှင်တော်ကင်းဝန်မင်းကြီးအား ဤကုသိုလ်၏ အဖို့ဘာဂကို အမျှရစေခြင်းငှာ အဦးထား၍ ခပ်သိမ်းသောဝေနေယျ သတ္တဝါအပေါင်းတို့အားအမျှဝေပါသည်။ အမျှရကြသည်ဖြစ်စေသော်'

***("တောင်မြောက် အရှေ့အနောက်ထောင့်မတ်မန္တလေး" ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

**အင်္ဂလိပ်အာဏာပိုင်တို့သည် လွှတ်တော်ကို ဖျက်သိမ်းသော်လည်း ဩဇာရှိသော ဝန်ကြီး၊ မှူးကြီးဟောင်းများ၏ အကူအညီကို ရယူရန် တစ်နည်းတစ်ဖုံ စီစဉ်ပြန်သည်။ သိမ်းပိုက်စနိုင်ငံသစ်ကို ကွပ်ကဲရန် အတွေ့အကြုံရှိသော ဝန်ကြီး၊ မှူးကြီးဟောင်းများ၏ အကူအညီရရန် လိုကြောင်း အင်္ဂလိပ်ကသဘောပေါက်၏။**

## လူငယ်ကြက်တောင်ရိုက်ပြိုင်ပွဲ အောင်ကြက်တောင်ကလပ်၌ ကျင်းပမည်

မန္တလေး မတ် ၂၁

မန္တလေးတိုင်းဒေသကြီး ကြက်တောင်ရိုက်ဆပ်ကော်မတီ အောင်ကြက်တောင်ကလပ်နှင် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဖွင့်လှစ်ထားရှိသော နွေရာသီအခြေခံ ကြက်တောင် အားကစားနည်းတွင် သင်တန်းသား၊ သင်တန်းသူလူငယ်များအတွက် လူငယ်ကြက်တောင်ရိုက်ပြိုင်ပွဲကို မတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် အောင်ကြက်တောင်ကလပ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း ခရိုင်အားကာလက်ထောက်ညွှန်ကြားရေးမှူးထံမှ သိရသည်။

အဆိုပါ သင်တန်းကို ချမ်းအေးသာစံမြို့နယ် ပညာရေးကောလိပ်နှင့် မဟာအောင်မြေမြို့နယ်ရှိ အောင်ကြက်တောင်ကလပ်တို့၌ သင်တန်းသား၊ သင်တန်းသူ ၅၀ ကျော်တို့ဖြင့် ဖွင့်လှစ်ထားရှိပြီး တိုင်းဒေသကြီးကြက်တောင်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်ဝင်း၊ နည်းပြဆရာများဖြစ်ကြသည့် အတွင်းရေးမှူး ဦးထွန်းနွယ်လင်း၊ ဦးမြင့်ဆွေ၊ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူတို့မှ ဧပြီလပထမပတ်အထိ အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်-မန်းကိုယ်ပွား**

# လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ပန်ကြား

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ် မတ်လ၊ ဧပြီလနှင့် မေလများ၌ မိုးတိမ်တောင်များ ဖြစ်ပေါ်ပြီး လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ ၂၀၁၆ ခုနှစ်အတွင်း၌ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေကျခြင်း၊ ပြိုကျပျက်စီးခြင်း၊ အမိုးလန်ခြင်းများကြောင့် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခု၊ မြို့နယ်ပေါင်း ၅၉ မြို့နယ်မှ လူဦးရေတစ်သိန်းခွဲခန့် ဘေးဒုက္ခကြုံတွေ့ခဲ့ကာ ၄၄ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိမှုများရှိခဲ့ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုမှတ်တမ်းများအရ တွေ့ရှိရပါသည်။

၂။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဘေးလျော့ပါးစေရေးနှင့် ကြိုတင် ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အရေးပေါ်တုံ့ပြန်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြိုတင်စီမံထားခြင်းတို့ဖြင့်သာ ထိခိုက်ဆုံးရှုံးပျက်စီးမှုများလျော့နည်းသက်သာစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့အစည်းတစ်ရပ်တည်း ဆောင်ရွက်ခြင်းထက်ဆက်နွယ်ပတ်သက်သူအားလုံးအပါအဝင် ပြည်သူလူထုမှ ပူးပေါင်းဆောင်ရွက်မှသာလုပ်ငန်းများ ပိုမိုအောင်မြင်ပါမည်။

**နေအိမ်အဆောက်အအုံများနှင့်စပ်လျဉ်း၍ ပြင်ဆင်ရန်အကြံပြုချက်များ**

၃။ ၂၀၁၇ ခုနှစ် မတ်လ၊ ဧပြီလနှင့် မေလများတွင် ဖြစ်ပွားနိုင်သည့် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုလျော့နည်းသက်သာစေရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်အတူ အောက်ပါလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားရန် အကြံပြုတိုက်တွန်းအပ်ပါသည်-

(က) မိမိတို့နေအိမ်အဆောက်အအုံများ၏ ကြံ့ခိုင်မှုကိုစစ်ဆေးပါ။

(ခ) လေဒဏ်ခံနိုင်စေရေးအတွက် ကန့်လန့်ဖြတ်ဘေးထောက်တန်းများ၊ နံရံထောက်တန်းများ၊ ဒေါက်တိုင်များကို လိုအပ်သည့်နေရာများတွင် ကျားကန်တပ်ဆင်ပါ။

(ဂ) မြေဝင်အိမ်တိုင်များအား ချောင်း၍လှုပ်နေခြင်းရှိ/မရှိစစ်ဆေးပြီး လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍သိပ်သည်းကျစ်လျစ် အောင် မြေကျပ်ပေးပါ။

(ဃ) အိမ်၏အတွဲအဆက်ပြုထားသည့်နေရာအားလုံးကို ချောင်ထွက်မနေအောင်လိုအပ်သလိုဆောင်ရွက်ပါ။ (မူလီကျပ်ခြင်း၊ သံထပ်ပိုးရိုက် ခြင်း -ဥပမာ)

(င) အိမ်အမိုးများကို ခိုင်ခံ့အောင် ပြန်လည်စစ်ဆေးပြင်ဆင်ပါ။ ခေါင်ချုပ် ကန့်လန့်ဖြတ်တန်းများ၊ ရေပြင်ညီချုပ်တန်းများထည့်ပါ။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ငယ်အမိုး ဖြစ်ပါက ဝါးရာဇမတ် ကွက်ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာချည်နှောင်ပါ။

(စ) အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် သွပ်နန်းကြိုးများ အသုံးပြု၍ချည်နှောင်ခြင်း၊ လိုအပ်သောနေရာတွင် သံများထပ်မံ ထပ်ပိုးရိုက်ခြင်းဆောင်ရွက်ပါ။ ချွတ်ယွင်းနေသော အစိတ်အပိုင်းများကို ပြုပြင်အစားထိုးပါ။

(ဆ) အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင် ရှင်းလင်းထားပါ။

(ဇ) အိမ်များကြံ့ခိုင်မှုမထိခိုက်စေရေးအတွက် ကြမ်းခင်းအောက်တွင် ရေမဝပ်စေရန် ဆောင်ရွက်ထားပါ။

**သတိပြုဆောင်ရွက်ရန်များ**

၄။ ပြည်သူများအနေဖြင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်း တိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်လာပါက အောက်ပါ အချက်များကို အထူးသတိပြုလိုက်နာနေထိုင်ကြရန် အကြံပြုအပ်ပါသည်-

(က) လယ်ကွင်း၊ ကွင်းပြင်ထဲနေထိုင်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။

(ခ) မဖြစ်မနေ အိမ်ပြင်သို့ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။ မိမိကိုယ်ကို အကာအကွယ်များပြုလုပ်သွားပါ။

(ဂ) မိုးရွာသွန်းနေစဉ်၊ မိုးခြိမ်းနေစဉ်၊ လျှပ်စီးလက်နေချိန်များတွင် တယ်လီဖုန်းများအသုံးပြုခြင်းရှောင်ကြဉ်ပါ။

(ဃ) တီဗွီ၊ ရေဒီယို၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူနှင့် ကွန်ပျူတာစသည့် လျှပ်စစ်နှင့်ဆိုင်သောပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

(င) သစ်ပင်၊ ဓာတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။

(စ) ရုတ်တရက်တိမ်မည်းလာခြင်း၊ လေပြင်းလာခြင်း၊ မိုးသည်းထန်လာခြင်း၊ မိုးခြိမ်းပြီးအတော်ကြာမှ လျှပ်ပြက်ခြင်း၊ အပူထုထဲတွင် လေအေးများကို ခံစားရခြင်းစသည့် မိုးသီးမုန်တိုင်း၏ လက္ခဏာများအား ဂရုပြုပါ။

**ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ**

၅။ ပြည်သူလူထုများအနေဖြင့် လေပြင်းဘေးအပြင် အခြားသဘာဝဘေးအန္တရာယ်ကြုံတွေ့ပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ အရေးပေါ် ဆက်သွယ်နိုင်ပါသည်-

**ဖုန်းနံပါတ်များ**

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန(ရုံးချုပ်) -၀၆၇-၄၀၄၆၆၆

Hot Line No များ -၀၆၇-၄၀၄၇၇၇

- ၀၆၇-၄၀၄၂၂၂

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## မရင်းကုန်းကျေးရွာမှ ဖရဲစိုက်တောင်သူများအကျိုးအမြတ်နည်းပါး

**မိုးညှင်း မတ် ၂၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် မရင်းကုန်းကျေးရွာရှိ ဖရဲစိုက်တောင်သူများ ယခုနှစ်တွင် ဖရဲသီးအထွက်နှုန်းများပြားသော်လည်း ဝယ်ယူစားသုံးသူနည်းပါးသည့်အတွက် ဖရဲစိုက်တောင်သူများ အကျိုးအမြတ်နည်းပါးကြောင်း သိရသည်။

မိုးညှင်းမြို့ရှိ ကားလမ်းမ ဘေးဝဲယာတွင် ဒေသထွက်ဖရဲသီးရောင်းသော တဲငယ်များစီတန်းလျက်ရှိပြီး ယမန်နှစ်ယခုလိုအချိန်အခါမျိုးတွင် ဝယ်ယူသူ၊ စားသုံးနေသူများဖြင့် စည်ကားနေသော်လည်း ယခုအခါ ဝယ်ယူစားသုံးသူများ နည်းပါးနေသည့်အတွက် အလေအလွင့်များပြားပြီး အမြတ်နည်းပါးကြောင်း မရင်းကုန်းကျေးရွာရှိ ဖရဲသီးစိုက်ကွက် နှစ်ဧကကျော်ကျော် စိုက်ပျိုးထားသည့် ဖရဲစိုက်တောင်သူ ဦးကျော်နိုင်ဝင်းက ပြောသည်။




ဒေသထွက် ဖရဲသီးပေါက်ဈေးနှုန်းမှာ အရွယ်အစားအလိုက် တစ်လုံးငွေကျပ် ၁၀၀၀ မှ ၃၀၀၀ အထိ အစားစားရှိပြီး ယမန်နှစ်ဈေးနှုန်းအတိုင်း ရောင်းချလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## လက်ပန်ခင်ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်

**ကျောက်တံခါး မတ် ၂၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ခင်ကြီးစံပြကျေးရွာအုပ်စု လက်ပန်ခင်ကျေးရွာ၌ မတ် ၁၉ ရက်က ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲ ကျင်းပခဲ့သည်။

ရေးဦးစွာ လက်ပန်ခင်ကျောင်းတိုက်ဆရာတော် ဉူးကာရဏိကမှ ကျေးရွာစာကြည့်တိုက် ဖြစ်ပေါ်လာပုံကို ရှင်းလင်းမိန့်ကြားခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်စန်းတင့်ကစာကြည့်တိုက်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ မနောကြယ်ဖြူစာကြည့်တိုက်အား နိုင်ငံတော်မှ ခွင့်ပြုငွေကျပ်သိန်း၂၀၊ ဆရာတော် သံဃာတော်နှင့် ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်းငွေကျပ်သိန်း ၅၀ ဖြင့် အကျယ်၂၄ ပေ ပတ်လည် အုတ်ညှပ်သွပ်မိုးတစ်ထပ်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## စိုက်ပျိုးစရိတ်ချေးငွေများ ပြန်လည်ပေးဆပ်နေ

**သုံးခွ မတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၅ အုပ်စုမှ တောင်သူများက ၎င်းတို့ချေးယူထားသော မိုးစပါးနှင့် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို သီးနှံပေါ်ချိန်တွင် ပြန်လည်ပေးဆပ်နေ ကြောင်း သိရသည်။

သုံးခွမြို့နယ်၌ ၂၀၁၆-၂၀၁၇ စိုက်ပျိုးရာသီမှ မိုးစပါးစိုက်ဧက ၁၂၀၀၀၀ ကို တစ်ဧကငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် တောင်သူပေါင်း ၁၇၀၀၀ ကို ငွေကျပ်သိန်းပေါင်း ၁၈၀၀၀၀ နှင့်ဆောင်းသီးနှံပဲတီစိမ်းစိုက်ဧက ၁၁၅၀၀၀ အတွက် တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် တောင်သူ ၁၆၀၀၀ ကို ငွေကျပ်သိန်းပေါင်း ၂၃၀၀၀ ကို ထုတ်ချေးပေးထားခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## ရွှေမြို့ကြီးဂိုဏ်းထောက် ဘ/က မူလွန်ကျောင်း၌ ကွန်ပျူတာသင်တန်း အမှတ်စဉ် (၁) စတင်ဖွင့်လှစ်

**တပ်ကုန်း မတ် ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာအုပ်စု ရွှေမြို့ကြီးဂိုဏ်းထောက်ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၌ ကျောင်းသားကျောင်းသူများအား အခမဲ့ကွန်ပျူတာသင်တန်း အမှတ်စဉ် (၁)ကို ယနေ့နံနက်ပိုင်းက စတင်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်လှစ်သင်ကြားမှုနှင့် ပတ်သက်ပြီး “အခုလို သင်တန်းဖွင့်လှစ်သင်ကြားပေးတဲ့အတွက် ခေတ်လူငယ်လေးတွေ တိုးတက်လာတဲ့ ခေတ်စနစ်နဲ့အညီ အိုင်တီနည်းပညာတွေနဲ့ဆက်စပ်၍ အသိပညာ၊ ဗဟုသုတတွေတိုးပွားပြီး ရစေချင်တယ်။ ပညာဆက်လက်လေ့လာဆည်းပူးမယ့် ကျောင်းသား ကျောင်းသူတွေအတွက် အသက်မွေးဝမ်းကျောင်းတစ်ခုအနေနဲ့လည်း တစ်ဖက်တစ်လမ်းက အထောက်အကူရရှိလာမှာဖြစ်ပါတယ်”ဟု ရွှေမြို့ကြီးဂိုဏ်းထောက်ကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏိဿရိယ (သဒ္ဓမ္မဇောတိကဓဇ)က မိန့်ကြားသည်။

အဆိုပါသင်တန်းကို STUDER TRUST ဖောင်ဒေးရှင်းက ထောက်ပံ့လှူဒါန်းသော ကွန်ပျူတာများဖြင့် ကျွမ်းကျင် ဆရာ ဆရာမငါးဦးက ကျောင်းသား ကျောင်းသူ ၇၀ ခန့်အား စတင်သင်ကြားခြင်းဖြစ်သည်။

“STUDER TRUST ဖောင်ဒေးရှင်းက သတ်မှတ်ပေးထားတဲ့အတိုင်း ဘာသာရပ်တွေကို ကျွန်တော်တို့အနေနဲ့ သင်ကြားပို့ချပေးမှာ ဖြစ်ပါတယ်။ သင်ကြားတဲ့အခါမှာလည်း တစ်နေ့ကို အချိန်သုံးချိန်သတ်မှတ်ပြီး အသုတ်လိုက် ခွဲသင်ပေးတယ်။ ကျောင်းတွေဖွင့်တဲ့အချိန်မှာ ဘာသာရပ်တစ်ခုအနေနဲ့ အချိန်တစ်ချိန်သတ်မှတ်ပြီး သင်ကြားပေးဖို့အစီအစဉ်လည်း ရှိပါတယ်။”ဟု ကွန်ပျူတာသင်တန်းဆရာ ကိုမြင့်သူက ပြောသည်။

အဆိုပါ သင်တန်းကို ကျောင်းသား ကျောင်းသူများအပြင် ပြင်ပမှ စိတ်ပါဝင်စားသူတိုင်း အခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-မောင်မွေး**



# အမျိုးသားစာကြည့်တိုက်နှင့် ရှားပါးစာအုပ်များ၏ အနာဂတ်

**ဘိက္ခုသုမန**



စာအုပ်စာပေလောကတွင် ရှာ၍မရနိုင်တော့လောက်အောင် ရှားပါးသွားသည့် စာအုပ်များကို "ဒီစာအုပ်ကတော့ဖြင့် ရွှေထက်ရှားတယ်" ဟု ပြောဆိုလေ့ရှိကြသည်။ ရွှေကပိုက်ဆံပေးပြီး အချိန်မရွေးဝယ်လို့ရနိုင်သည်။ ပျောက်ကွယ်သွားပြီဖြစ်သော စာအုပ်များကတော့ဖြင့် ဝယ်ရဖို့ နေနေသာသာ၊ ရှာတွေ့ဖို့ပင်မလွယ်။ အချို့စာအုပ်များရှာရသည်မှာ ကောက်ရိုးပုံမှာအပ်ပျောက်ရှာရသည်ထက်ပင် ခက်ခဲလှပါသည်။

ကိုယ်တွေ့တစ်ခုကို ပြောပြချင်ပါ သည်။ စာရေးသူသည် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ လောက်က ထင်ရှားကျော်ကြားခဲ့သော ပညာရှင်ဆရာတော်ကြီးတစ်ပါး၏ စာပေများကို ရနိုင်သမျှ ရှာပုံတော်ဖွင့်ခဲ့သည်မှာ ယခုဆိုအနှစ် ၂၀ ကျော်ခဲ့ပါပြီ။ ကျမ်းပေါင်း ၃၀၀ ခန့် ရေးပြုသွားသည်ဟု သိရသော်လည်း ယခုအထိ တွေ့ရှိသမျှကအုပ်ရေ ၂၀ ပင် မပြည့်တတ်ပါ။

ပထမဆုံး ရှာဖွေသည့်နေရာက ပန်းဆိုးတန်းတစ်ဝိုက်က စာအုပ်အဟောင်းဆိုင်များအပါအဝင် တွေ့သမျှမြင်သမျှ လမ်းဘေးစာအုပ်အဟောင်းဆိုင်ကလေးများ၊ ကံကောင်းလျှင် ထိုဆိုင်ကလေးများမှ တစ်အုပ်စ၊ နှစ်အုပ်စရတတ်ပါသည်။ နောက်နောင်ရလိုရငြား ဒီဆရာတော်ကြီးရေးတဲ့ ဒီလိုစာအုပ်တွေ တွေ့ရင်အကြောင်းကြားပါဟုလည်း စာအုပ်ဟောင်းရောင်းသူများထံ အကူအညီတောင်းပါသည်။ သို့သော် မရတော့။ ရသမျှတစ်အုပ်တလေလောက်နှင့်ပင် ကျေနပ်လိုက်ရပါသည်။ စာအုပ်အဟောင်းဆိုင်ကလေးများတွင် ရရှိဖို့ မျှော်လင့်ချက်မဲ့သွားသောအခါ မူလကျမ်းစာရေးသူ ဆရာတော်ကြီးနှင့်ဆက်နွှယ်မှုရှိနိုင်မည့်သူများထံ မေးမြန်းစုံစမ်းကြည့်မိသည်။ နှစ်ကာလတွေကြာခဲ့ပြီဖြစ်လို့ မေးမရတော့။ တချို့ဆို သိပင်မသိကြတော့ပေ။

ရှားပါးစာအုပ်ရှာပုံတော်ခရီး၏ နောက်ဆုံးအားကိုးရာ အားထားရာကား နှစ်ပေါင်းများစွာ တည်ရှိခဲ့သည့် စာကြည့်တိုက်ကြီးများပင် ဖြစ်ပါတော့သည်။ ပထမဦးဆုံး ရန်ကုန်တက္ကသိုလ်ထဲက တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ကို သွားသည်။ ကံကောင်းထောက်မသဖြင့် ထိုစာကြည့်တိုက်မှ လိုချင်နေသော ရှားပါးစာအုပ်သုံး၊ လေးအုပ်ခန့်ရပါသည်။ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ ရှာဖွေပေးသည့်အပြင် scan ဖတ်ပြီး pdf file လုပ်ပေးသဖြင့် စာကြည့်တိုက်မှူးနှင့် စာကြည့်တိုက် ဝန်ထမ်းများကို ကျေးဇူးတင်ရပါသည်။

မကြာခင်က သွားဖြစ်ခဲ့သည့် စာကြည့်တိုက်ကတော့ အမျိုးသားစာကြည့်တိုက်။ နေရာအရွှေ့အပြောင်းတွေများလှသဖြင့် စောစောပိုင်းကဆို အမျိုးသားစာကြည့်တိုက် ဘယ်နေရာမှာ ရှိမှန်းတောင်မသိခဲ့ရ။ နောက်မှ ရန်ကင်းမြို့နယ် သီရိမင်္ဂလာရိပ်သာလမ်းတွင် ရှိကြောင်း၊ တနင်္လာနေ့ တစ်ရက်သာပိတ်ကြောင်း သိရသည်။ နှစ်ခေါက်တိတိသွားပြီး ရှာဖွေရေး လုပ်သည်။ စာရေးသူအမည်နှင့် စာအုပ်အမည်တို့ကို အက္ခရာစဉ်အတိုင်း စဉ်ထားသောကတ်ထူပြားကလေးများ ကြည့်၍ လိုချင်သောစာအုပ်ကို ရှာရဖွေရသည်။

ကံကောင်းချင်တော့ ကတ်ထူပြားကလေးထဲက စာအုပ်စာရင်းမှာလိုချင်နေသော စာအုပ် လေးအုပ်တွေ့သည်။ ထိုလေးအုပ်ကို ဝန်ထမ်းများက သွားရှာပေးပါသည်။ ပျူပျူငှာငှာဖြင့် အကူအညီပေးကြသည့်အတွက် ဝန်ထမ်းများကို ကျေးဇူးတင်ပါသည်။ သို့သော်နှစ်အုပ်ကိုသာ မြင်တွေ့ ခွင့်ရပြီး ကျန်နှစ်အုပ်ကို မြင်တွေ့ခွင့်မရပါ။ ကျန်နှစ်အုပ်မှာ ရှေးကျသော စာအုပ်များဖြစ်၍ သိမ်းထားလိုက်ပြီဖြစ်ကြောင်း၊ ကြည့်ရှုခွင့်မပြုတော့ကြောင်း၊ စာအုပ်စာရင်းကတ်ထူပြားကလေးကို မဖျက်ရသေး၍သာ စာအုပ်စာရင်းထဲမှာ ရှိနေခြင်းဖြစ်ကြောင်း ရှင်းပြပါသည်။ မြင်တွေ့ခွင့်ရသော စာအုပ်နှစ်အုပ်မှာလည်း ၁၉၁၇ ခုနှစ်က စာအုပ်များဖြစ်၍ သိမ်းရမည့်စာရင်းထဲမှာ ပါဝင်ပြီးဖြစ်ကြောင်း၊ သို့သော် မသိမ်းလိုက်မိသေး၍သာ ကံကောင်းလို့ မြင်တွေ့ရခြင်းဖြစ်ကြောင်း ဆိုပါသည်။

စာကြည့်တိုက်တာဝန်ရှိသူ အမျိုးသမီးကို မေးကြည့်မိသည်။

"ဒီလိုဆိုရင် ဆရာမတို့သိမ်းထားပြီးဖြစ်တဲ့ ရှားပါးစာအုပ်တွေကို စာဖတ်သူတွေအနေနဲ့ တွေ့မြင်ခွင့်၊ ဖတ်ရှုခွင့် မရတော့ဘူးပေါ့နော် ဆရာမ"

"ဟုတ်ကဲ့၊ မရတော့ပါဘူးတဲ့။"

"မသိမ်းခင်မှာ သိမ်းမယ့်စာအုပ်ကို Scan ဖတ်ထားပြီး၊ စာအုပ်လာရှာတဲ့သူတွေက မေးလာခဲ့ရင် Scan ဖတ်ထားတာကို ပြပြီးတော့ သူတို့ကူးလိုတာကို Hard Copy၊ Soft Copy အနေနဲ့ ပေးနိုင်ရင်ကောင်းမှာပဲနော် ဆရာမ"

"ဟုတ်ကဲ့၊ ကောင်းပါတယ်။ ဒါပေမယ့် ဒီမှာက Scan ဖတ်တဲ့စက်မရှိပါ" ဘူးတဲ့။

သူမ စကားကကုန်နေပြီ။ ဆက်မေးစရာ ဆက်ပြောစရာ စကားမကျန်တော့ပေ။ Scan ဖတ်ပြီး ကော်ပီပွားထားရန် Scanner တစ်လုံးတောင်မရှိမှတော့ ဘာများဆက်ပြောဖို့ လိုဦးမည်နည်း။ နှမြောစရာကောင်းလိုက်သည့်ဖြစ်ခြင်း။ ဒီအတိုင်းသာဆို ဘယ်သူမှလေ့လာခွင့်မရတော့ဘဲ "ပစ္စည်းသင်္ခါရ၊ လူသင်္ခါရ" ဆိုသည့်အတိုင်း အချိန်ကြာလာသည်နှင့်အမျှ သူ့အလိုလို ဗီရိုကြီးထဲမှာပဲ ပျက်စီးတော့မည်။ ဘယ်သူ့လက်ဝယ်မှာမှ Copy မရလိုက်ဘဲ မျိုးသုဉ်းသလိုဖြစ်တော့မည်။ ဘယ်သူ့မှလည်း မြင်တွေ့ခွင့်မရတော့ဘဲ စာကြည့်တိုက် ဗီရိုကြီးအတွင်းမှာပဲ အကျဉ်းကျခံရပြီး နိဂုံးချုပ်တော့မည်။ ဝမ်းနည်းစရာ ကောင်းပါဘိ၊ နည်းပညာခေတ်ကြီးထဲမှာ Scanner ကလေးတစ်လုံးလောက် တောင်မတတ်နိုင်၍ copy မပွားနိုင်သည့်အတွက် ကာလယန္တရား၏ တိုက်စားမှုနှင့်အတူ ရှားပါးစာအုပ်များ မျိုးသုဉ်းပျောက်ကွယ်ရသောမည့်အရေးမှာ တွေးလေတိုင်း ကြေကွဲစရာကောင်းလှပါသည်။

တချို့သော ရှားပါးစာအုပ်များမှာ အမျိုးသားစာကြည့်တိုက်မှလွဲ၍ အခြားမည်သူထံမှာမှ ရှိဖို့မသေချာတော့ပါ၊ ရှိသည့်တိုင်အောင်လည်း ရှာဖို့မလွယ်ပါ။ ထို့ကြောင့် စာကြည့်တိုက်၏ ရှေးကျသော ရှားပါးစာအုပ်များကို စေတီပုထိုး၌ အဖိုးတန်ပစ္စည်းများ ဌာပနာသွင်းသလို စာပေသုတေသီတွေ ကြည့်ရှုခွင့်၊ လေ့လာခွင့်၊ ကူးယူခွင့် ဆိတ်သုဉ်းသွားအောင်သော့ခတ်သိမ်းခြင်းမျိုး လုံးဝ လုံးဝ မလုပ်စေချင် လုပ်လည်းမလုပ်သင့်ပါ။ စာကြည့်တိုက်သာဖြစ်စေချင် သည်။ စာအုပ်ဌာပနာတိုက် မဖြစ်စေချင်ပါ။ စာကြည့်တိုက် ဟူသော ဝေါဟာရနှင့်အညီ စာဖတ်သူတွေစာပေသုတေသီတွေ တစ်နည်းနည်းဖြင့် ကြည့်နိုင်၊ ဖတ်နိုင်အောင် လေ့လာနိုင်အောင် စီစဉ်ပေးခြင်းမျိုးကိုသာ မြင်တွေ့လိုပါသည်။

ထို့ကြောင့် မေတ္တာရပ်ခံပါရစေ။ (၁)စာကြည့်တိုက်ရှိ စာအုပ်အားလုံးကို မည်မျှပင်ဟောင်းနွမ်းနေပါစေ၊ စာပေသုတေသီများ လေ့လာခွင့်မရတော့အောင် ကန့်သတ်ထိန်းချုပ်လိုက်ခြင်းမျိုး လုံးဝမလုပ်စေချင်ပါ။ (၂)Scanner တစ်လုံး မဖြစ်မနေ ထားရှိပြီး စာပေသုတေသီတို့၏ လိုအပ်သောအခါ (မူရင်းစာအုပ်ထုတ်ပြဖို့ မလိုပါ) Scan ဖတ်ပြီး၊ Hard Copy, Soft Copy အဖြစ်နှင့် ထုတ်ပေးစေချင်ပါသည်။ ဤမျှလောက်သော အနိမ့်ဆုံးလိုအပ်ချက်ကလေးကိုတော့ သက်ဆိုင်သူများက ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

**စာကြည့်တိုက်၏ ရှေးကျသော ရှားပါးစာအုပ်များကို စေတီပုထိုး၌ အဖိုးတန်ပစ္စည်းများ ဌာပနာသွင်းသလို စာပေသုတေသီတွေ ကြည့်ရှုခွင့်၊ လေ့လာခွင့်၊ ကူးယူခွင့် ဆိတ်သုဉ်းသွားအောင် သော့ခတ်သိမ်းခြင်းမျိုး လုံးဝ လုံးဝ မလုပ်စေချင် လုပ်လည်း မလုပ်သင့်ပါ**

# ပခုက္ကူမြို့၌ ကလေးစာပေပွဲတော်ကျင်းပမည်

**ပခုက္ကူ မတ် ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ပခုက္ကူခရိုင် ကလေးစာပေပွဲတော်ကို မတ် ၂၄ ရက်နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ အထက-၂ ပခုက္ကူမြို့၌ ကျင်းပမည်ဖြစ်သည်။




ခရိုင် ကလေးစာပေပွဲတော်၊ က လေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်တွင် ပုံပြောပြိုင်ပွဲ၊ဆေးရောင်ခြယ်ပြိုင်ပွဲများ၊ အရုပ်ဆက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲများ၊ အဖွဲ့လိုက်ဂိမ်းကစားခြင်းများ၊ ကလေးစာဖတ်ခန်း၊ ကလေးစာပေပြပွဲ၊ ကာတွန်းပြခန်း၊ Save the Children ပြခန်းနှင့် အမှတ်တရဓာတ်ပုံရိုက်ကူးနိုင်မည့် 3D ရုပ်ပုံကြီးများ ပြသထားမည် ဖြစ်သည်။ စာအုပ်ဈေးရောင်းပွဲတွင် စိတ်ကူးချိုချိုစာအုပ်တိုက်၊ လူမော် Third Story အဖွဲ့တို့က သုတ/ရသစာအုပ်မျိုးစုံနှင့် ကလေးစာပေပုံပြင်များ ဈေးနှုန်းလျှော့ရောင်းချပေးမည် ဖြစ်သည်။

စိတ်ကူးချိုချိုစာအုပ်တိုက်မှ ကလေးစာပေပွဲတော်အကြိုအဖြစ် ပခုက္ကူမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ မတ် ၁၈ ရက်မှ ၂၂ ရက်အထိ စာအုပ်များရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ကိုဇော် ( ဓာတု )**

# ပြင်ဦးလွင်၌ လမ်းဘေးပန်းခုံများစမ်းသပ်ပြုလုပ်

**ပြင်ဦးလွင် မတ် ၂၁**

ပြင်ဦးလွင်မြို့ သာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ မြို့အဝင်မန္တလေး-လားရှိုးလမ်းတစ်လျှောက်နှင့် ပန်းခုံများစမ်းသပ်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ယခုပြုလုပ်လျက်ရှိသော ပန်းခုံများကို မြို့အဝင် အဝိုင်းမှစတင်၍ မြို့အထွက် မုန်ဦးအထိပြုလုပ်သွားမည်ဖြစ်ပြီး ပန်းခုံထဲတွင် ရာသီပေါ်ပန်းအလှများ၊ ပန်းခုံဘေးဝဲယာတို့တွင် မြက်ခင်းစိမ်းများနှင့် အမြဲစိမ်းပင်တို့ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် ယခုပြုလုပ်နေသည့်ပန်းခုံများကို နမူနာအဖြစ် စမ်းသပ်ပြုလုပ်ခြင်းဖြစ်ပြီး နောင်ဘဏ္ဍာရေးနှစ်များ၌ မြို့တွင်းရှိ အဓိကကျသော လမ်းများကိုဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် မြို့တွင်း၌ တစ်မြို့လုံးသာယာလှပစေရန်အတွက် ပန်းခုံ၊ ပန်းခင်း၊ ပန်းခြံငယ်တို့ကိုလုပ်ဆောင်သွားမည့်အပြင် လမ်းမီးများတပ်ဆင်၍ မြို့အလှကို နေ့ညမပြတ်ဖော်ဆောင်သွားမည်ဖြစ်ကြောင်းသိရပြီး မကြာမီကာလအတွင်းတွင်လည်း ပြင်ဦးလွင်မြို့တွင်း မန္တလေး-လားရှိုးလမ်းမကြီးကို ယခုထက်တိုးချဲ့ဖောက်လုပ်ဆောင်လျက် နိုင်ငံကူးသွားလာ နိုင်လွန်ကတ္တရာလမ်းမကြီးအဖြစ် ဆောင်ရွက်သွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

ပြင်ဦးလွင်မြို့သည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လွယ်ကူသော သာယာလှပသည့်တောင်စခန်းမြို့တစ်မြို့ဖြစ်ပြီး နှစ်စဉ်နှစ်တိုင်းပြည်တွင်း ပြည်ပမှခရီးသွားဧည့်သည်များစဉ်ဆက်မပြတ်လာရောက် လည်ပတ်လျက်ရှိ ကြောင်းသိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# တောင်ဥက္ကလာပ မြို့နယ်၌ စာအုပ်လှူဒါန်းပွဲကျင်းပ

**ရန်ကုန် မတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်းရှိ Good Times စားတော်ဆက် မင်္ဂလာခန်းမ၌ မတ် ၁၉ ရက်က ကျင်းပသော မြန်မာနိုင်ငံ စာရေးဆရာအသင်း(တောင်ဥက္ကလာပမြို့နယ်)၏ အသင်းဝင်ဖြစ်သော စာရေးဆရာကြီး ကပ္ပတိန်သာစိန်၏ ဝတ္ထုတိုပေါင်းချုပ်နှင့် ဆောင်းပါးပေါင်းချုပ်စာအုပ်များ မိတ်ဆက်ပွဲ နှင့် တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းနှင့် ရောဝတီတိုင်းဒေသကြီး၊ ရခိုင်သဟာရအသင်းတို့ စာအုပ်များလှူဒါန်းပွဲကျင်းပရာ မြန်မာနိုင်ငံစာရေးဆရာအသင်းတောင်ဥက္ကလာပမြို့နယ် ဥက္ကဋ္ဌဦးအောင်ကြည်(အောင်ကြည်ညွန့် တက္ကသိုလ်)က အမှာစကားပြောကြားသည်။

ထို့နောက် ဆရာကြီးကပ္ပတိန်သာစိန် ရေးသားသောစာအုပ်များကိုလှူဒါန်းရာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် ရောဝတီတိုင်းဒေသကြီး၊ ရခိုင်သဟာရအသင်းမှ အမှုဆောင်များဖြစ်သော ဦးမြင့်ကျော်၊ ဦးထွန်းလှိုင်၊ ကပ္ပတိန်မျိုးဇော်ဦးတို့ထံသို့စာရေး ဆရာကြီးကပ္ပတိန်သာစိန်က ၎င်းရေးသားသောဝတ္ထုတိုပေါင်းချုပ်နှင့် ဆောင်းပါးပေါင်းချုပ်စာအုပ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ဝင်းမြင့်ထွန်း(တောင်ဥက္ကလာ)**

# အီတလီ၊ စပိန်တို့ အောင်ပွဲရရှိမယ့် ၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲ ဥရောပဇုန်ပွဲစဉ်




၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲတွေရဲ့ ဥရောပဇုန် ခြေစစ်ပွဲတွေကို မတ် ၂၄ ရက်မှာ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ ဥရောပဇုန်ရဲ့ အုပ်စု(D)မှာ ဂျော်ဂျီယာနဲ့ ဆားဘီးယား၊ ဩစတြီးယားနဲ့ မော်လ်ဒိုဗာ၊ အိုင်ယာလန်နဲ့ ဝေလတို့ ကစားမှာဖြစ်ပြီး အုပ်စု(G)မှာ အီတလီနဲ့ အယ်လ်ဘေးနီးယား၊ လက်ချင်စတိန်းနှင့် မက်ဆီဒိုးနီးယား၊ စပိန်နဲ့ အစ္စရေးတို့ ပွဲတွေလည်း ကစားကြမှာ ဖြစ်ပါတယ်။

**ဂျော်ဂျီယာနှင့် ဆားဘီးယား**

ဂျော်ဂျီယာအသင်းဟာ လောလောဆယ်မှာတော့ စုစည်းမှု အားမကောင်းသေးပါဘူး။ ဂျော်ဂျီယာတို့က နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ဂျော်ဒန်နဲ့ အိုင်ယာလန်တို့ကို ရှုံးပြီး ဥဇဘက်ကစ္စတန်၊ မော်လ်ဒိုဗာ၊ ဝေလအသင်းတွေကိုတော့ သရေပွဲကစားထားနိုင်ပါတယ်။ ဆားဘီးယားတို့ရဲ့ ခြေစွမ်းကတော့ တည်ငြိမ်နေပြီး ရလဒ်ကောင်းလည်း ရရှိနေပါတယ်။ အထူးသဖြင့် ဆားဘီးယား ကွင်းလယ်နဲ့ ခံစစ်ပိုင်းအားကောင်းမှုက ဂျော်ဂျီယာတို့ ရှုံးပွဲကြုံသွားရနိုင်ပါတယ်။

**ဩစတြီးယားနှင့် မော်လ်ဒိုဗာ**

ဒီနှစ်သင်းရဲ့ လက်ရှိခြေစွမ်းက ကွာဟမှု သိပ်မရှိပါဘူး။ ဩစတြီးယားရဲ့ အားနည်းချက်က တိုက်စစ်မှူးတွေ ဂိုးသွင်း အဆုံးသတ်မှုအားနည်းတာဖြစ်ပါတယ်။ မော်လ်ဒိုဗာတို့ရဲ့ အားသာချက်က အခုနောက်ဆုံး ကစားခဲ့တဲ့ သုံးပွဲမှာ ပွဲတိုင်း ဂိုးသွင်းနိုင်ပြီး ကွင်းလယ်ကစားအားလည်းကောင်းနေပါတယ်။ နှစ်သင်းစလုံး ကြိုးစားအားထုတ်မှု တူညီတာကြောင့် သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

**အိုင်ယာလန်နှင့် ဝေလ**

အခုဖွဲ့စည်းထားတဲ့ အိုင်ယာလန်အသင်းရဲ့ ခြေစွမ်းက အကောင်းဆုံးပုံစံရရှိနေပါတယ်။ အိုင်ယာလန်ဟာ နောက်ဆုံးကစားခဲ့တဲ့ ဩစတြီးယား၊ မော်လ်ဒိုဗာ၊ ဂျော်ဂျီယာနဲ့ အိုမန်အသင်းတွေကို နိုင်ပွဲတွေဆက်တိုက် ရယူထားပြီး အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပါတယ်။ ဝေလတို့ကတော့ အသင်းလိုက် ကစားအားကောင်းအောင် ကြိုးစားနေရဆဲဖြစ်တာမို့ ဒီပွဲမှာ အိုင်ယာလန်တို့ပဲ နိုင်ပွဲရသွားပါလိမ့်မယ်။

**အီတလီနှင့် အယ်လ်ဘေးနီးယား**

ဂျာမနီနဲ့ စပိန်ကို သရေကစားပြီး လက်ချင်စတိန်း၊ မက်ဆီဒိုးနီးယားနဲ့ အစ္စရေးအသင်းတွေကို အနိုင်ကစားခဲ့တဲ့ အီတလီအသင်းဟာ တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်း စွမ်းအားလည်းကောင်းမွန်သလို ခံစစ်လည်း တောင့်တင်းခိုင်မာပါတယ်။ စပိန်နဲ့ အစ္စရေးအသင်းတွေကို ရှုံးပွဲဆက်တိုက်ကြုံတွေ့ခဲ့ရတဲ့ အယ်လ်ဘေးနီးယားတို့ကတော့ အဝေးကွင်းဆိုပေမယ့် တိုက်စစ်မှူးတွေ ဂိုးပေါက်ပျောက်ဆုံးနေတာမို့ အီတလီတို့ပဲ နိုင်ပွဲရသွားမှာပါ။

**စပိန်နှင့် အစ္စရေး**

အသင်းလိုက်စုစည်းမှုနဲ့ ခြေစွမ်းတည်ငြိမ်မှုရရှိနေတဲ့ စပိန်တို့က အခုတလော ရလဒ်တွေကောင်းနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ စပိန်တိုက်စစ်မှူးတွေက ၁၇ ဂိုးအထိ သွင်းယူနိုင်ခဲ့တာမို့ အစ္စရေးတို့ သိပ်တော့မလွယ်ပါဘူး။ အစ္စရေးဟာ ခြေစွမ်းကောင်းပြန်ရနေပြီး နိုင်ပွဲတွေဆက်နေပေမယ့် စပိန်ကို အသာစီးရအောင် ကစားဖို့ မလွယ်ပါဘူး။ စပိန်တို့ နိုင်ပွဲဖြစ်သွားပါလိမ့်မယ်။

**တူရကီနှင့် ဖင်လန်**

အုပ်စု(I)မှာ တူရကီတို့လည်း ကစားသမားတွေရဲ့ စုစည်းမှု အင်အားခိုင်မာမှု မရှိသေးတာမို့ ရလဒ်တွေမကောင်းသေးပါဘူး။ တူရကီတို့က ခံစစ်အခြေပြုကစားနေတာမို့ ပြိုင်ဘက် ဖင်လန်တို့ ခက်ခဲပါလိမ့်မယ်။ ဖင်လန်တို့က ခြေစွမ်းကျဆင်းနေပြီး အသင်းလိုက် နားလည်မှု အားနည်းနေဆဲဖြစ်တာမို့ ဒီပွဲမှာ တူရကီတို့ အောင်ပွဲခံသွားပါလိမ့်မယ်။

**ခရိုအေးရှားနှင့် ယူကရိန်း**

အုပ်စု(I)မှာပါတဲ့ ခရိုအေးရှားရဲ့ ခြေစွမ်းက အံ့အားသင့်စရာကောင်းနေပါတယ်။ ကိုဆိုဗို၊ ဖင်လန်၊ အိုင်စလန်နဲ့ မြောက်အိုင်ယာလန်အသင်းတွေနဲ့ ကစားခဲ့ရာ နိုင်ပွဲတွေချည်းရယူနိုင်ခဲ့ပါတယ်။ ယူကရိန်းရဲ့ ခြေစွမ်းကလည်း ဆားဘီးယားလိုအသင်းကို နှစ်ဂိုးပြတ် အနိုင်ရအောင် ကြိုးစားနိုင်ခဲ့တာမို့ ဒီပွဲက အကြိတ်အနယ်နွှဲရမယ့်ပွဲပါပဲ။ ခံစစ်ခိုင်မာသိပ်သည်းတဲ့ ခရိုအေးရှားတို့ပဲ ဒီပွဲမှာ အသာစီးရသွားပါလိမ့်မယ်။

**ကိုဆိုဗိုနှင့် အိုင်စလန်**

အုပ်စု(I)မှာ ကိုဆိုဗိုတို့ ခြေစွမ်းအား အနည်းဆုံးအသင်းဖြစ်နေပါတယ်။ တိုက်စစ်မှူးတွေရဲ့ စွမ်းဆောင်မှု ကျဆင်းနေသလို ဂိုးလည်း မသွင်းနိုင်ကြပါဘူး။ ခံစစ်ပိုင်းကလည်း အားနည်းချက်များနေတာမို့ ဒီပွဲမှာ အိုင်စလန်တို့ပဲ နိုင်ပွဲရသွားပါလိမ့်မယ်။ ။

◆ မိုးမြင့်လင်းလက် ◆

## အာဆင်နယ်မှာ နည်းပြဆက်လုပ်လိုတဲ့ ဝင်းဂါး



အာဆင်နယ်နည်းပြဝင်းဂါးအနေနဲ့ ဝေဖန်မှုတွေ မြင့်တက်နေသော်လည်း နည်းပြအဖြစ် ဆက်လက်လုပ်ကိုင်သွားဖို့ ဆုံးဖြတ်ထားတယ်လို့ ဆိုပါတယ်။ ဝင်းဂါးနဲ့ အာဆင်နယ်အသင်းတို့ဟာ ဒီနှစ်ရာသီအကုန်မှာ စာချုပ်သက်တမ်းကုန်ဆုံးမှာ ဖြစ်ပါတယ်။ ဝင်းဂါးဟာ အာဆင်နယ်အသင်းနဲ့အတူ ၂၁ နှစ်ကြာနည်းပြလုပ်ခဲ့သူဖြစ်ပါတယ်။ နှစ်တွေကြာခဲ့ပြီဖြစ်သော်လည်း နည်းပြအဖြစ် ဆက်လက်လုပ်ကိုင်လိုသေးတယ်လို့ ဝင်းဂါးက ဆိုပါတယ်။ မကြာသေးမီ သီတင်းပတ်အတွင်း ဝင်းဂါးအနေနဲ့ အမ်းမရိတ်မှ ထွက်ခွာဖို့ စီစဉ်နေတယ်လို့ သတင်းတွေ ထွက်ပေါ်ခဲ့ပြီးနောက် ဝင်းဂါးက တုံ့ပြန်ပြောဆိုခဲ့ခြင်း ဖြစ်ပါတယ်။ ဝင်းဂါးက သူ့အနေနဲ့ ရာသီကုန်စာချုပ်သက်တမ်းပြည့်သော်လည်း ဆက်လက်ပြီး နည်းပြတာဝန်အလုပ်ကို လုပ်ကိုင်သွားဖို့ ဆုံးဖြတ်ထားတယ်လို့ ဆိုပါတယ်။ နည်းပြ ဝင်းဂါးဟာ ပရီမီယာလိဂ် နံပါတ် ၄ နေရာမှ အပြင်ထွက်လာပြီးနောက် ပရိသတ်တွေရဲ့ ဝေဖန်မှုတွေ မြင့်တက်ခဲ့ပါတယ်။ ဒီအတောအတွင်းမှာ ဒေါ့မွန်နည်းပြ သောမတ်တွန်ကဲ အာဆင်နယ်နည်းပြဖြစ်လာလိမ့်မယ်လို့ သတင်းတွေ ထွက်ပေါ်ခဲ့ပြန်ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

## ယူရိုပါလိဂ်ဖလားကို ပိုနှစ်သက်တယ်ဆိုတဲ့ မော်ရင်ဟို

မော်ရင်ဟိုက ပရီမီယာလိဂ်မှာ နံပါတ် ၄ နေရာဝင်ခြင်းထက် ယူရိုပါလိဂ်ဖလား ဆွတ်ခူးနိုင်ခြင်းကို ပိုပြီးနှစ်သက်တယ်လို့ ဆိုပါတယ်။ မန်ယူအသင်းဟာ မစ်ဒယ်ဘရော့ကို တနင်္ဂနွေနေ့က သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီးနောက် စက်တင်ဘာလနောက်ပိုင်းမှာ ပထမဆုံးအကြိမ် ပဥ္စမနေရာကို တက်လာနိုင်ခဲ့ပါတယ်။ မော်ရင်ဟိုက ကွင်းထဲမှာ သူ့ကစားသမားတွေရဲ့ အောင်ပွဲခံမှုကို ချီးကျူးအားပေးခဲ့ပါတယ်။ သို့ပေမယ့် မန်ယူအသင်းအနေနဲ့ နံပါတ် ၄ နေရာဝင်ဖို့ ဆက်လက်အရှိန်မြှင့် ကစားသွားမယ်လို့ အခိုင်အမာပြောဆိုလိုက်ပါတယ်။ မော်ရင်ဟိုက ယူရိုပါလိဂ်ဖလားဆွတ်ခူးနိုင်မှုကို ပိုပြီးနှစ်သက်တယ်လို့ ဆိုပါတယ်။ မန်ယူအသင်းအနေနဲ့ လာမယ့်လမှာ ယူရိုပါလိဂ် ကွာတားဖိုင်နယ်ပွဲအဖြစ် အန်ဒါလက်အသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ ကျွန်တော်ကတော့ ယူရိုပါလိဂ်ဖလား ဆွတ်ခူးနိုင်တာကို ပိုပြီးကြိုက်နှစ်သက်ပါတယ် ဘာဖြစ်လို့လဲဆိုတော့ ယူရိုပါလိဂ်ဖလားရတဲ့အသင်းဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမှာဖြစ်နေလို့ဖြစ်ပါတယ်လို့ မော်ရင်ဟိုက ဆိုပါတယ်။

## သောမတ်မူလာရဲ့ ၂၅၀ မြောက် ဘွန်ဒက်စ်လီဂါပွဲ




ဘိုင်ယန်မြူးနစ်အသင်းဟာ မွန်ချန်ဂလာဘတ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရလိုက်ပြီးနောက် ဒုတိယနေရာမှ လစ်ဇစ်အသင်းထက် ၁၃ မှတ်အသာနဲ့ ဦးဆောင်လာနိုင်ပါတယ်။ ဒီပွဲမှာ ဘိုင်ယန်မြူးနစ်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကိုတော့ သောမတ်မူလာက သွင်းယူပေးခဲ့ပါတယ်။ ဒီဂိုးဟာ သောမတ်မူလာရဲ့ ဘွန်ဒက်စ်လီဂါပွဲပေါင်း ၂၅၀ မြောက် ပါဝင်ကစားမှု အထိမ်းအမှတ် ဂိုးဖြစ်တယ်လို့ ဆိုပါတယ်။ ကွင်းလယ်ကစားသမား သောမတ်မူလာဟာ သူ့ရဲ့ ဒီဂိုးဟာ ယခုနှစ်အတွင်း သွင်းယူခဲ့တဲ့ ဒုတိယမြောက်ဂိုးဖြစ်ပါတယ်။ ဘွန်ဒက်စ်လီဂါမှာ ဂိုးအများဆုံး သွင်းထားသူတွေကတော့ လီဝမ်ဒေါ့စကီးဖြစ်ပြီး စုစုပေါင်း ၂၁ ဂိုး သွင်းယူထားပါတယ်။ ဒေါ့မွန်အသင်းမှ အော်ဘာမီရန်းကလည်း ၂၁ ဂိုး အပြိုင်သွင်းယူထားပါတယ်။ သောမတ်မူလာဟာ တီယာဂိုရဲ့ ဖြတ်တင်ဘောကို ခေါင်းနဲ့ထိုးပြီး လှပစွာ သွင်းယူသွားခဲ့ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းဟာ ဒီပွဲအနိုင်ရလဒ်ကြောင့် ဇယားထိပ်မှာ ၁၃ မှတ်အသာနဲ့ ဦးဆောင်လာနိုင်ပါတယ်။ လာမယ့်အပတ်မှာ အောဂစ်ဘတ်အသင်းနဲ့ကစားရမှာဖြစ်တဲ့အတွက် နိုင်ပွဲတွေ ဆက်လက်ရရှိနိုင်မယ့် အနေအထားဖြစ်ပါတယ်။

# ကမ်းပါးပြို၍ရွှေ့ပြောင်းရသောနေအိမ်များအတွက် မြေအတည်တကျရ၍ အိမ်များဆောက်လုပ်လျက်ရှိ



**တွံတေး မတ် ၂၁**
ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရွှေလှေချောင်(တွံ)ကျေးရွာတွင် မြစ်ကမ်းပါးပြိုကျမှုကြောင့် အိမ်ခြေ ၃၀ မှ နေရာပြောင်းရွှေ့နေထိုင်ခဲ့ကြရကာ အဆိုပါ အိမ်ထောင်စုများအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် မြေနေရာများ အတည်တကျ ချထားပေးခဲ့၍ ယခုအခါ နေအိမ်များ ဆောက်လုပ်နေကြပြီဖြစ်ကြောင်း သိရသည်။

နေရာပြောင်းရွှေ့ရသော အိမ်ထောင်စုများအတွက် မြေနေရာများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရက မတ် ၁ ရက်က သတ်မှတ်ချထားပေးခဲ့ခြင်းဖြစ်ကြောင်း၊ မြေအကျယ် ၁ ဒသမ ၇၃ ဧကပေါ်တွင် အိမ်ထောင်စု ၃၀ အတွက် အလျား ပေ ၃၀၊ အနံ ပေ ၆၀ ရှိ မြေကွက် ၃၀ သတ်မှတ်၍ မဲနှိုက်နေရာချထားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ပြောင်းရွှေ့နေထိုင်ရသူများအတွက် မြေဝယ်ယူပေးသဖြင့် ယာယီပြောင်းရွှေ့နေထိုင်ကြသူ ပြည်သူများအတွက် များစွာအဆင်ပြေစေကြောင်း သိရသည်။ မြစ်ကမ်းပါးပြိုကျမှုတွင်ပါဝင်၍ ရွှေ့ပြောင်းနေထိုင်ရသော အိမ်ထောင်စုတစ်ခုမှ ဦးမွှေးမွှေးက "ကျွန်တော်တို့ မြေမရခင်က တွံတေး-အုန်းပင်ချောင်း-ရွှေလှေချောင်(တွံ)မြေသားလမ်း (ကားလမ်း)မပေါ်မှာ တာဝန်ရှိသူတွေက ယာယီနေရာ ချထားပေးခဲ့ပါတယ်။ အခုအခါမှာတော့ ကိုယ်ပိုင်မြေနေရာ ပြန်ရတဲ့အတွက် ကျွန်တော်တို့ မိသားစု အိမ်ပြန်ဆောက်နေပါပြီ။ အခုလိုမြေနေရာရရှိတဲ့အတွက် တာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

မြစ်ကမ်းပါးပြိုကျမှုတွင် ပါဝင်သော အိမ်ထောင်စုများမှာ မိမိတို့ရရှိသော မြေကွက်များတွင် ကိုယ်ပိုင်အိမ်ရာများကို မြေကွက်ရရှိသည့် မတ် ၁ ရက်နေ့မှာပင် စတင်ဆောက်လုပ်ခဲ့ကြရာ ယခုအချိန်တွင် အချို့မှာ နေအိမ်ဆောက်လုပ်ပြီးစီး၍ နေထိုင်နေကြပြီဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့ပေါ်ရပ်ကွက်များတွင် လိုက်လံသတိပေးကြေညာ

**ဆိပ်ဖြူ မတ် ၂၁**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဒေသခံပြည်သူများအား မြို့နယ်မီးသတ်တပ်ဖွဲ့က မြို့တွင်းလှည့်လည်သတိပေးကြေညာမှုများ မတ် ၁၉ ရက် ညပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပူပြင်းခြောက်သွေ့သော ရာသီသို့ ရောက်ရှိလာပြီဖြစ်၍ ဒေသခံပြည်သူများ၏ အသက်၊ အိုးအိမ်၊ ပစ္စည်းဥစ္စာများနှင့် နိုင်ငံပိုင်ပစ္စည်းများ မီးဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရန်အတွက် မီးဘေးကြိုတင်ကာကွယ်ရန် သတိပေးမှုများကို မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးအောင်ဇော်လင်း ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက လိုက်လံ သတိပေးကြေညာခြင်းဖြစ်သည်။



ဆိပ်ဖြူမြို့နယ် မီးသတ်တပ်ဖွဲ့အနေဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများနှင့် မီးဘေး ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများ လိုက်လံစစ်ဆေးခြင်းကို မြို့ပေါ်ရပ်ကွက်များတွင်သာမက ကျေးရွာများအထိ ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးရာတွင် မီးသုံးစွဲမှုနှင့် ပတ်သက်၍ ဒေသခံပြည်သူများ ဆောင်ရန်/ရှောင်ရန်အချက်များ၊ လျှပ်စစ်သုံးစွဲရာတွင် မီးဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# မြစိမ်းရောင်ကျေးရွာများအား မတည်ငွေများထုတ်ပေး

**ပြည် မတ် ၂၁**
ပြည်မြို့နယ် မိန်းမရဲကျေးရွာအုပ်စု မိန်းမရဲကျေးရွာအား စတုတ္ထအကြိမ် မြစိမ်းရောင်လည်ပတ်ရန်ပုံငွေ ပြန်လည်ထပ်မံထုတ်ပေးခြင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းရရှိခဲ့သည့် 'မော်ဇာကျေးရွာအုပ်စု တောင်လုံးညိုကျေးရွာအား တတိယအကြိမ် မြစိမ်းရောင်လည်ပတ်ရန်ပုံငွေ ပြန်လည်ထပ်မံထုတ်ပေးခြင်းတို့ကို မတ်လ ဒုတိယပတ်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်စီမံကိန်းတာဝန်ခံဝန်ထမ်းများအဖွဲ့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာများတွင် မြစိမ်းရောင်အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ မတည်ငွေဖြင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေး မြူရေးလုပ်ငန်းများ ဆောင်ရွက်အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကျောင်းကုန်းမြို့တွင် မီးဖို မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**ကျောင်းကုန်း မတ် ၂၁**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ အမှတ်(၂)ရပ်ကွက်ရှိ နေအိမ်တစ်အိမ်တွင် မတ် ၁၉ ရက် ည ၈ နာရီခွဲခန့်က မီးဖို မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှု ဖြစ်ပွားခဲ့သည်။

ဦးကြည်စိန်(၅၅နှစ်) ပိုင်ဆိုင်သည့် နီကိုမုန့်တိုက် အနောက်ဘက်မီးဖို၏ မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကာ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းငြှိမ်းသတ်ခဲ့မှုကြောင့် မီးဖိုခန်းတစ်ခန်းသာ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မီးကို ပေါ့ဆစွာအသုံးပြုသူ ဦးကြည်စိန်အား ကျောင်းကုန်းမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ကလိန်အောင်မြို့ ဆံတော်ရှင်စေတီတော် တပေါင်းပွဲတော်တွင် ရိုးရာလက်ဝှေ့ပြိုင်ပွဲများ ထည့်သွင်းကျင်းပ

**ကလိန်အောင် မတ် ၂၁**
တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ သမိုင်းဝင်ဆံတော်ရှင်စေတီတော်၏ အကြိမ်(၇၀)မြောက် ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော်ကို စေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပလျက်ရှိရာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကိုလည်း မတ် ၁၈ ရက်က စတင်ကျင်းပကြောင်း သိရသည်။

မြန်မာ့ရိုးရာလက်ဝှေ့ပညာရပ်များ တိမ်ကောပပျောက်ခြင်းမရှိဘဲ ဒေသအတွင်းရှိ ရွှတ်ပုန်းသီးလက်ဝှေ့ဝါသနာရှင်များ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ လက်ဝှေ့ပြိုင်ပွဲ ကျင်းပပေးခြင်းဖြစ်ပြီး ဆုကြေးအနေဖြင့် ဂေါပကအဖွဲ့ရန်ပုံငွေမှ ချီးမြှင့်မည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ရင်ထံမှ သိရသည်။

လက်ဝှေ့ပြိုင်ပွဲကို ကလိန်အောင်မြို့ အမှတ်(၁)ရပ်ကွက် ဘောလုံးကွင်း၌ ကျင်းပပြီး အနယ်နယ်အရပ်ရပ်မှ လာရောက်ကြည့်ရှုကြသည့် လက်ဝှေ့ဝါသနာရှင်များဖြင့် စည်ကားလျက်ရှိသည်။ ပထမနေ့ ရိုးရာအောင်လံ အုပ်စုပြိုင်ပွဲတွင် စူပါရေချမ်း(မျိုးဆက်သစ်ကလပ်)နှင့် လင်းထက်(တိုက်ဂါးကလပ်)၊ အောင်သူဟိန်း(တိုက်ဂါးကလပ်)နှင့် စောဇာနည်(အဇန်းချားကလပ်)၊ ရိုးမသပြေ(မျိုးဆက်သစ်ကလပ်)နှင့် သူရအောင်(တိုက်ဂါးကလပ်)တို့ ယှဉ်ပြိုင်ကြပြီး ကြားအထူးစိန်ခေါ်ပွဲ ငါးပွဲကိုလည်း ကျင်းပခဲ့သည်။

မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို မတ် ၁၈ ရက်မှစ၍ ခြောက်ရက်တိုင် ကျင်းပမည်ဖြစ်ပြီး ကလပ်ငါးခုမှ လက်ဝှေ့သမားများပါဝင်ယှဉ်ပြိုင်ကြကြောင်း၊ ပြိုင်ပွဲများအဖြစ် ရိုးရာအောင်လံ အုပ်စုပြိုင်ပွဲ၊ ရိုးရာအောင်လံ အကြိုဗိုလ်လုပွဲနှင့် ရိုးရာအောင်လံ ဗိုလ်လုပွဲများ ပါဝင်ပြီး နေ့စဉ် ကြားအထူးစိန်ခေါ်ပွဲ ငါးပွဲစီလည်း ပါဝင်မည်ဖြစ်ကာ နောက်ဆုံးနေ့ပွဲစဉ်တွင် စောငါးမန်း (မြန်မာ)နှင့် ပါဝိ(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဒေသဖွံ့ဖြိုးရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသခံပြည်သူများ ဆွေးနွေး

**အမ်း မတ် ၂၁**
ရခိုင်ပြည်နယ် အမ်းမြို့နယ် ကျောက်မြောင်းကျေးရွာအုပ်စုအတွင်းမှ ကျေးလက်နေပြည်သူများအား ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုဝန်ကြီး ဦးကျော်လွင်၊ လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်းတို့ပါဝင်သောအဖွဲ့ မတ် ၁၉ ရက်က သွားရောက်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးခဲ့သည်။

ကျောက်မြောင်းကျေးရွာနှင့် ရေကောင်းချိန်ကျေးရွာတို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ဒေသ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ဒေသခံပြည်သူများကလည်း စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျောင်းဆောင်သစ်ဆောက်လုပ်ရေး စသည့် လိုအပ်ချက်များကို တင်ပြခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကျောက်မြောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် မုခ်ဦးနှင့် နတ်လမ်းပြုလုပ်ရန် ကျပ်သိန်း ၂၀၊ ရေကန်ခြံစည်းရိုးကာရန် ကျပ် ၂၅ သိန်း၊ ရေကောင်းချိန်ကျေးရွာ ဆိပ်ကမ်းဆင်းလမ်းပြုပြင်နိုင်ရန် ကျပ် ၁၅ သိန်း၊ သိမ်တည်ဆောက်ရန် ကျပ် ၂၅ သိန်းနှင့် စည်တောင်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းခြံစည်းရိုးပြုလုပ်ရန် ကျပ် ၁၈ သိန်းတို့ကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကော်မတီများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**




# စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများနှင့်တွေ့ဆုံဆွေးနွေး

**အထက်မင်းလှ မတ် ၂၁**
သရက်ခရိုင် မင်းလှမြို့နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေးအတွက် ကျေးရွာအုပ်စုများမှ ဒေသခံတောင်သူများအား တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုးမြင့်နှင့် တာဝန်ရှိသူများက မဲဇလီတောကျေးရွာ၌ မတ် ၁၉ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုးမြင့်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ တာဝန်ရှိသူများက ဝန်ကြီး၏ ပြောကြားချက်များအပေါ် ထပ်ဆင့်ဆွေးနွေးကာ မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပြည်သူများသိရှိထားသင့်သည့် ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ပေးနေမှု များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် ဆွေးနွေးပွဲ တက်ရောက်လာကြသည့် တောင်သူများထဲမှ တောင်သူအချို့က မိမိတို့ဒေသတွင် တွေ့ကြုံနေရသည့် စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲများကို တင်ပြဆွေးနွေးခဲ့ပြီး သက်ဆိုင်ရာဌာနများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**ကိုသက်(အထက်မင်းလှ)**

# ဆိုင်ကယ်စီးဦးထုပ်မဆောင်း၍ သေဆုံးသူဦးရေက ဦးထုပ်ဆောင်း၍စီးစဉ် သေဆုံးမှုထက် ၁၁ ဆ ပိုများ

**သတင်းဆောင်းပါး-မျိုးဝင်းထွန်း(မုံရွာ)**



ယာဉ်စည်းကမ်း ပညာပေးကာလအတွင်းက ဆိုင်ကယ်စီးဦးထုပ်များ ဖြန့်ဝေပေးစဉ်

စစ်ကိုင်းတိုင်းဒေသကြီးတွင် လေးလအတွင်း ဆိုင်ကယ်မတော်တဆမှုကြောင့် သေဆုံး၊ ဒဏ်ရာရမှုများကို လေ့လာသုံးသပ်ရာတွင် ဆိုင်ကယ်စီးဦးထုပ်ဆောင်းလျက် သေဆုံးသူမှာ လေးဦးသာရှိပြီး ဆိုင်ကယ်စီးဦးထုပ်မဆောင်း၍ သေဆုံးသူမှာ ၄၄ ဦးရှိကြောင်း မှတ်တမ်းများအရ သိရသဖြင့် ဆိုင်ကယ်စီးသူအများစုမှာ ဦးထုပ်ဆောင်းသည့်အလေ့အထ အားနည်းနေခြင်းကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးခြင်းများ ဖြစ်ပွားနေခြင်းဖြစ်ကြောင်း တွေ့ရသည်။

"ဆိုင်ကယ်စီးသူများ အန္တရာယ်ကင်းဝေးစေရေးအတွက် ဦးထုပ်ဆောင်းရန် ပညာပေးမှုများ ပြုလုပ်ထားပြီးဖြစ်ရာ ဦးထုပ်မဆောင်းသူများအား အရေးယူမှုများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သန့်နိုင်က မော်တော်ဆိုင်ကယ်စီးနင်းသူတွေအနေနဲ့ ဆိုင်ကယ်စီးဦးထုပ်မဆောင်းရတဲ့ ဇစ်မြစ်ကိုကြည့်ရင် ဦးထုပ်မရှိလို့ မဆောင်းတာထက် မဆောင်းချင်လို့ကို မဆောင်းတာကို တွေ့ရတယ်။ ဦးထုပ်ရှိလျက် ဆောင်းရကောင်းမှန်းသိအောင် ပညာပေးရမှာဖြစ်ပြီး ပညာပေးတာကို ကာလအရှည်ကြီး လုပ်ပြီးနေပါပြီ။ ဖမ်းဆီးတာကိုလည်း ဆက်ပြီးအရှိန်မြှင့်သွားပါမယ်။ စည်းကမ်း မလိုက်နာသူ ဆိုင်ကယ်စီးသူတွေအနေနဲ့ ဥပဒေရဲ့အဆုံးအဖြတ်ကို ရင်ဆိုင်ရယူဖို့ပဲရှိတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတွေအနေနဲ့ အများပြည်သူသိအောင် ချပြ ရှင်းလင်းထားဖို့ လိုပါတယ်"ဟု ပြောသည်။

မော်တော်ဆိုင်ကယ် စီးနင်းသူများအတွက် ဦးထုပ်များရှိစေရန် မော်တော်ဆိုင်ကယ်အရောင်းဆိုင်များက မော်တော်ဆိုင်ကယ်ဝယ်ယူသူတိုင်းအား ဦးထုပ်နှစ်လုံးစီပေးရန် ညွှန်ကြားထားသော်လည်း ကွင်းဆင်းစိစစ်မှုအရ မပေးသောဆိုင်များ၊ တစ်လုံးသာပေးသောဆိုင်များကို တွေ့ရသဖြင့် လိုအပ်သလို အရေးယူဆောင်ရွက်ခြင်းနှင့်အတူ ကြပ်မတ်နှိုးဆော် သတိပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်းလည်း ဝန်ကြီးက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယာဉ်မတော်တဆဖြစ်ပွားမှုမှာ ၂၀၁၆ နိုဝင်ဘာမှ ၂၀၁၇ ဖေဖော်ဝါရီအထိ လေးလတာအတွင်း ၆၀၃ မှု ဖြစ်ပွားခဲ့ပြီး အမျိုးသား ၇၂၄ ဦး၊ အမျိုးသမီး ၂၈၃ ဦး ဒဏ်ရာရရှိကာ အမျိုးသား ၁၁၈ ဦး အမျိုးသမီး ၂၉ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

မတော်တဆမှုများကို စိစစ်ချက်အရ မော်တော်ယာဉ်မတော်တဆမှုက ၁၂၃ မှုရှိပြီး အမျိုးသား ၂၁ ဦး၊ အမျိုးသမီးငါးဦး သေဆုံးကာ အမျိုးသား ၁၄၈ ဦး၊ အမျိုးသမီး ၈၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဆိုင်ကယ်အချင်းချင်းတိုက်မှုမှာ ၂၉၂ မှုရှိပြီး အမျိုးသား ၅၁ ဦး၊ အမျိုးသမီး ၁၃ ဦး သေဆုံးကာ အမျိုးသား ၃၇၀၊ အမျိုးသမီး ၉၀ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ဆိုင်ကယ်နှင့် ကားတိုက်မှုက ၁၁၁ မှု ဖြစ်ပွားခဲ့ပြီး အမျိုးသား ၂၉ ဦး၊ အမျိုးသမီးလေးဦး သေဆုံးကာ အမျိုးသား ၁၀၈ ဦး အမျိုးသမီး ၄၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ မော်တော်ဆိုင်ကယ် သီးခြားတိမ်းမှောက်မှုက ၇၇ မှု ဖြစ်ပွားခဲ့ပြီး အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ခုနစ်ဦး သေဆုံးကာ အမျိုးသား ၉၈ ဦး၊ အမျိုးသမီး ၆၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်မတော်တဆမှုပေါင်း ၆၀၃ မှု အနက် နေ့အချိန်ဖြစ်ပွားမှုမှာ ၃၅၅ မှုနှင့် ညအချိန် ဖြစ်ပွားမှုမှာ ၂၄၈ မှုရှိပြီး မတော်တဆမှုများ ဖြစ်ပွားခြင်းအကြောင်းရင်းကို ပြန်လည်သုံးသပ်ရာတွင် ယာဉ်မောင်း၏အပြစ်ကြောင့် ၅၁၇ မှု၊ လမ်းဖြတ်ကူးသူ၏ ပေါ့ဆမှုကြောင့် ၄၆ မှု၊ ယာဉ်စက်ချွတ်ယွင်းမှုကြောင့် အမှု ၄၀ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ။

## သတင်းတိုများ

### ဘွဲ့တံဆိပ်တော်ရဆရာတော်အား ပြည်မြို့၌ ဂုဏ်ပြုပူဇော်

နိုင်ငံတော်မှ ချီးမြှင့်ဆက်ကပ်သော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် အပ်နှင်းခြင်းခံရသည့် ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်မှ တိုက်ကြပ်ဆရာတော် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) သံဃနာယကအဖွဲ့အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တသြဘာသသည် နေပြည်တော်မှ ပြည်မြို့သို့ မတ် ၁၆ ရက်က ပြန်လည်ကြွရောက်လာရာ ဆရာတော်အား ပြည်မြို့သူမြို့သားများက စည်ကားသိုက်မြိုက်စွာ ကြိုဆို၍ ဂုဏ်ပြုပူဇော်ခဲ့ကြကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**

### ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်လှစ်

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ခင်ကြီးကျေးရွာအုပ်စု လက်ပံခင်ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး မနောကြယ်ဖြူစာကြည့်တိုက် ဖွင့်ပွဲကို မတ် ၁၉ ရက်က ကျင်းပခဲ့ရာ စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီ နာယကဆရာတော်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အလှူရှင်များက စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။ အဆိုပါစာကြည့်တိုက်ကို နိုင်ငံတော်မတည်ငွေ ကျပ်သိန်း ၂၀ နှင့် ပြည်သူများ စုပေါင်းထည့်ဝင်ငွေ ကျပ်သိန်း ၃၀ ဖြင့် တည်ဆောက်ခဲ့ပြီး အလျား ၂၄ ပေ၊ အနံ ၂၄ ပေ ကျယ်ဝန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### ကားတံခါးဖြင့်တိုက်မိ၍လမ်းဘေးတွင်ရပ်နေသူဦးခေါင်းပြတ်သေဆုံးမှုဖြစ်

နွားထိုးကြီးမြို့မရဲစခန်းအပိုင် မြင်းခြံ-မန္တလေးကားလမ်းပေါ် မိုင်တိုင်(၁၇/၁)နှင့် (၁၇/၂)ကြား၌ ခရီးသည်တင်ယာဉ်၏ ဘော်ဒီအောက်တံခါးရွက်နှင့် ရိုက်မိ၍ လမ်းဘေးတွင်ရပ်နေသူတစ်ဦး ဦးခေါင်းပြတ်သေဆုံးမှု မတ် ၁၉ ရက် နံနက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ရန်ကုန်-နွားထိုးကြီးယာဉ်လိုင်းမှ ခရီးသည်တင် YUTONG ယာဉ်ကို နိုင်ကိုဝင်း မောင်းနှင်လာစဉ် ယာဉ်၏ညာဘက်ခြမ်း တူးဘောက်စ်တံခါးရွက်မှာ အပြင်သို့သုံးပေခန့်ထွက်နေရာမှ လမ်း၏ညာဘက်ခြမ်းတွင် စကားရပ်ပြောနေသော မိုးကန်ရွာနေ ကိုအောင်ဇော်မိုးအား တံခါးရွက်စောင်းနှင့် နောက်မှ ရိုက်မိ၍ ဦးခေါင်းပြတ်ကာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း နိုင်ကိုဝင်းအား နွားထိုးကြီးမြို့မရဲစခန်း၌ ဖမ်းဆီးအမှုဖွင့်ကာ အမှုကို ရဲအုပ်သိန်းထွန်းကျော်က စစ်ဆေးလျက်ရှိကြောင်း သိရသည်။
**ခင်ဇာမွန်မြင့်(ဥပဒေ)**

### သူနာပြုကျောင်းဝင်းအတွင်း ညအချိန်ပုန်းလျှိုးဝင်ရောက်သူနှစ်ဦးကို ဖမ်းမိ

ကရင်ပြည်နယ် ဘားအံမြို့ရှိ သူနာပြုသင်တန်းကျောင်းဝင်းအတွင်း မတ် ၁၆ ရက် ညအချိန်တွင် ပုန်းလျှိုးကျော်နင်းဝင်ရောက်ခဲ့သည့် လူငယ်နှစ်ဦးကို ဖမ်းဆီးရမိခဲ့၍ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ မတ် ၁၆ ရက် ည ၁၀ နာရီခွဲခန့်က သူနာပြုကျောင်းဝင်း အုတ်တံတိုင်းကိုကျော်၍ အမျိုးသားနှစ်ဦးဝင်ရောက်လာသည်ကို သင်တန်းသူတစ်ဦးကတွေ့၍ ကျောင်းအုပ်ဆရာမကြီးထံ အကြောင်းကြားကာ ကျောင်းအုပ်ဆရာမကြီးက ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များကို ထပ်ဆင့်အကြောင်းကြားပြီး ကျောင်းဝင်းအတွင်း လိုက်လံရှာဖွေဖမ်းဆီးခဲ့၍ ကျောင်းဝင်းအတွင်းဝင်ရောက်သူ သူရဦး(၁၈ နှစ်)နှင့် ရန်ငြိမ်းနောင်(၁၇ နှစ်)တို့အား ဖမ်းမိခဲ့ခြင်းဖြစ်ပြီး ၎င်းတို့နှစ်ဦးအား အရေးယူပေးရန် ကျောင်းအုပ်ဆရာမကြီးက ဘားအံမြို့မရဲစခန်း၌ အမှုဖွင့်တိုင်ကြားထား၍ ဘားအံမြို့မရဲစခန်းမှ ဒုရဲအုပ်ရွှေရည်အောင်က စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မင်းသူ၊ ထွန်းထွန်းထွေး (ဘားအံ)**

## ခိုကိုးရာမဲ့တိရစ္ဆာန်လေးများကယ်ဆယ်ရေး ရန်ပုံငွေပန်းချီပြပွဲကျင်းပ

**ရန်ကုန် မတ် ၂၁**

ခိုကိုးရာမဲ့တိရစ္ဆာန်လေးများအား ကယ်ဆယ်ရေးအတွက် ရန်ပုံငွေပန်းချီပြပွဲကို ရန်ကုန်မြို့ (၄၃)လမ်း(အလယ်ဘလောက်) ရှိ 43 Art Gallery ၌ မတ် ၁၈ မှ ၂၀ ရက်အထိ ကျင်းပခဲ့ပြီး ပန်းချီဆရာ ၅၄ ဦးက ရေးဆွဲထားသည့် ပန်းချီကား ၁၀၆ ကားကို ချိတ်ဆွဲပြသရောင်းချခဲ့ရာ ပန်းချီကား ၅၀ ခန့် ရောင်းချခဲ့ရကြောင်း ပန်းချီပြခန်းပိုင်ရှင် ဦးဆန်းအောင်က ပြပွဲနောက်ဆုံးနေ့တွင် ပြောကြား သည်။

ပန်းချီပညာရှင်များအဖွဲ့က စုပေါင်း၍ ပြသရောင်းချခြင်းဖြစ်ပြီး ပန်းချီကားရောင်းရငွေများကို ရန်ကုန်မြို့ မန္တလေးမြို့ ပြည်မြို့နှင့် ပြင်ဦးလွင်မြို့တို့ရှိ ခိုကိုးရာမဲ့တိရစ္ဆာန်လေးများ ကယ်ဆယ်ရေးစခန်း ၂၀ မှ ခွေး၊ ကြောင်လေးများအတွက် ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း ပြပွဲတွင် ပန်းချီကားများပါဝင်ပြသသူ ပန်းချီဆရာမ ဒေါ်ခင်သီတာရီက ပြောသည်။

အဆိုပါပြပွဲတွင် ပြသရောင်းချသော ပန်းချီကားများ၏ဈေးနှုန်းမှာ တစ်ကားလျှင် ကျပ်ငါးသောင်းမှ နှစ်သိန်းအထိရှိပြီး ထက်ဝက်ဈေးနှုန်းဖြင့်သာ ရောင်းချပေးခြင်းဖြစ်ကြောင်းနှင့် ပန်းချီပြပွဲကို နောက်နှစ်များတွင်လည်း ဆက်လက်ကျင်းပပြီး လှူဒါန်းနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။
**ဖိုးသန့်**



## တိရစ္ဆာန်သန်းခေါင်စာရင်း ရှေ့ပြေးကောက်ယူရေးသင်တန်း မြစ်သားမြို့နယ်၌ဖွင့်လှစ်

**မြစ်သား မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဆောင်ရွက်မည့် တိရစ္ဆာန်သန်းခေါင်စာရင်း ကောက်ယူရေးအတွက် ရှေ့ပြေး သင်တန်း အမှတ်စဉ်(၇/၂၀၁၇)ကို ကသဲကုန်းကျေးရွာ ဓမ္မာရုံ၌ မတ် ၂၀ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



သင်တန်းဖွင့်ပွဲတွင် မြစ်သားမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုင်းသန်းလွင်က အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမို့မို့ခိုင်က တိရစ္ဆာန်သန်းခေါင်စာရင်းကောက်ယူရေး ရှေ့ပြေးသင်တန်း ဖွင့်လှစ်ခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာတင်မောင်လင်းက တိရစ္ဆာန်သန်းခေါင်စာရင်း ကောက်ယူရာတွင် အသုံးပြုရမည့် ပုံစံဇယားမှ လူတွေ့မေးမြန်းခြင်း၊ ဖြေကြားသူနှင့် အိမ်ထောင်စုများ၊ တိရစ္ဆာန်ကောင်ရေ၊ သားဖောက်တိရစ္ဆာန်အမ မွေးမြူထားရှိမှု၊ နွားနို့ရရှိမှု၊ သားစပ်ခြင်းဆိုင်ရာများ၊ စီးပွားဖြစ် ကြက်/ဘဲ မွေးမြူခြင်း၊ မွေးမြူရေးခြံများနှင့် ပျားမွေးမြူရေးဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းတို့ကိုလည်းကောင်း၊ အချက်အလက်များ ကောက်ယူရာတွင် တွေ့ကြုံရနိုင်သည့် အခက်အခဲများကိုလည်းကောင်း အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။

သင်တန်းသို့ စာရင်းကောက်ယူရေး သင်တန်းသား ၅၈ ဦး တက်ရောက်ခဲ့ကြပြီး ကသဲကုန်းကျေးရွာကို အခြေပြု၍ ပတ်ဝန်းကျင်ကျေးရွာ ၂၁ ရွာရှိ ပြည်သူများ မွေးမြူထားသော တိရစ္ဆာန်များကို ကောင်ရေ စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။
**ရဲဝင်းထွန်း(မြစ်သား)**

# ရေစကြိုမြို့နယ် ကုန်းရင်းအိုးပွဲတော်ကို စည်ကားစွာကျင်းပခဲ့



**ရေစကြို မတ် ၂၁**
ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် စဉ့်ကိုင်ကျေးရွာအုပ်စု ကုန်းရင်းကျေးရွာ၌ အိုးပွဲတော်ကို မတ် ၁၆ ရက်မှ မတ် ၂၀ ရက်အထိ ကျင်းပခဲ့ရာ အိုးပွဲတော်သို့ လာရောက်ကြည့်ရှု ဝယ်ယူကြသော ဒေသခံပြည်သူများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။

အဆိုပါ အိုးပွဲတော်ကို ကုန်းရင်းကျေးရွာရှိ အမေရေယာဉ်နတ်နန်းကို အကြောင်းပြု၍ နှစ်စဉ်ကျင်းပလေ့ရှိပြီး အိုးပွဲတော်တွင် မြေထည်ပစ္စည်းများဖြစ်သော ရေအိုးအမျိုးမျိုး၊ မြေအိုးအမျိုးမျိုး၊ မြေစလောင်းဖုံးများ၊ မြေထည် အိုးခွက်ပစ္စည်းများ၊ အိုးပုတ်ချိုးရုပ်စသည့် ကလေးကစားစရာများ၊ မြေဖြင့်ပြုလုပ်ထားသည့် အရုပ်များ၊ ဆန်ကော ဆန်ခါများစသည့် လက်မှုပစ္စည်းအမျိုးမျိုးတို့ကို ပခန်းကြီး၊ သက်ရွာ၊ မြောက်ပြင်စသည့် ကျေးရွာများမှ ကိုယ်တိုင်ပြုလုပ်ရောင်းချသူများက တိုက်ရိုက်လာရောက်ရောင်းချကြကြောင်း၊ ဈေးနှုန်းချိုသာသောကြောင့် အနယ်နယ်အရပ်ရပ်မှ လာရောက် ဝယ်ယူကြသူများဖြင့် နှစ်စဉ်စည်ကားသော ပွဲတော်ဖြစ်ပြီး ယခုနှစ်တွင်လည်း စည်ကားခဲ့ကြောင်း သိရသည်။

“ပွဲကတော့ နှစ်စဉ်ကျင်းပနေတာကြာပါပြီ။ မင်းတုန်းမင်းလက်ထက် မတိုင်ခင်ကတည်းက အခုလိုပဲ စည်စည်ကားကားကျင်းပခဲ့ကြတာလို့ ရှေးလူကြီးတွေပြောခဲ့လို့ သိရပါတယ်။ ဒီနေရာမှာ အမေရေယာဉ်နတ်နန်းကို နန်းပွားအနေနဲ့ ထိန်းသိမ်းခဲ့တာကတော့ အဘွားအပါအဝင် မျိုးဆက်လေးဆက်ရှိပါပြီ။ မျိုးရိုးစဉ်ဆက် ရိုးရာဓလေ့ကို ထိန်းသိမ်းခဲ့ပါတယ်” ဟု အသက် ၇၃ နှစ်ရှိပြီဖြစ်သော နတ်နန်းထိန်းအဘွားဒေါ်ကံရိုက အစဉ်အလာပွဲကျင်းပခဲ့ပုံကို ရှင်းပြသည်။

အိုးပွဲတော်ကို ကျင်းပရာ ကုန်းရင်းကျေးရွာသည် စဉ့်ကိုင်ကျေးရွာအုပ်စုအတွင်းတွင် ပါဝင်သော်လည်း စဉ့်ကိုင်ကျေးရွာနှင့် အနည်းငယ်အလှမ်းကွာဝေး၍ အိမ်ခြေ ၁၂ အိမ်ခန့်သာရှိသည့် ကျေးရွာငယ်လေးဖြစ်ကာ သီးခြားကွဲနေလျက်ရှိပြီး တစ်နှစ်တစ်ကြိမ်ကျင်းပသည့် အိုးပွဲတော်ရောက်မှသာလျှင် လူစည်ကားရာနေရာ ဖြစ်လာလေ့ရှိကြောင်း သိရသည်။

အိုးပွဲတော်တွင်ရောင်းချသည့် မြေထည် ပစ္စည်းများကို ကိုယ်တိုင်ပြုလုပ်၍ လာရောက်ရောင်းချသည့် ဈေးသည်ပေါင်း ၈၀ကျော်ခန့်ရှိပြီး ပွဲအတွင်းရောင်းချနိုင်ရန် ဆိုင်နေရာငှားရမ်းခ၊ မြေနေရာငှားရမ်းခ စသည်တို့ကို ပေးဆောင်ရခြင်းမရှိဘဲ အလွတ်ရောင်းချကြရခြင်းကြောင့် ရောင်းချသူများအနေဖြင့် ပစ္စည်းများကို အခြားပွဲဈေးများထက် ဈေးနှုန်းချိုသာစွာ ရောင်းချနိုင်ခြင်းကြောင့် ဒေသတွင်းကျေးရွာများမှ ပြည်သူများအနေဖြင့်လည်း အိုးပွဲတော် ဖြစ်မည့်အချိန်ကို စောင့်ဆိုင်းလျက် မြေထည်ပစ္စည်းများနှင့် ဆန်ကောဆန်ခါစသည့် လက်မှုပစ္စည်းများကိုလာရောက်ဝယ်ယူကြလေ့ရှိကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# စက်မှုဇုန်စီမံကိန်းပါ လယ်ယာမြေများအတွက် လျော်ကြေးငွေပေးအပ်

**ပုဏ္ဏားကျွန်း မတ် ၂၁**
ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်တွင် အမှတ်(၂၂) ပုဏ္ဏားကျွန်းစက်မှုဇုန်စီမံကိန်းဆောင်ရွက်ရန် လျာထားမြေနေရာများတွင် ပါဝင်သည့် ဒေသခံတောင်သူများ၏ လယ်ယာမြေများအတွက် ပြည်နယ်အစိုးရအဖွဲ့မှ တတိယအကြိမ်မြောက် မြေယာလျော်ကြေးငွေပေးအပ်ပွဲကို ပုဏ္ဏားကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းဝေးခန်းမ၌ မတ် ၁၉ ရက်က ကျင်းပခဲ့သည်။

မြေယာလျော်ကြေးငွေပေးအပ်ပွဲတွင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်က အမှာစကားပြောကြားပြီး ပုဏ္ဏားကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးက လယ်ယာမြေလျော်ကြေးပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြေယာများ ပါဝင်သွားသည့် တောင်သူများအား လျော်ကြေးငွေများကို ပြည်နယ်အစိုးရ တာဝန်ရှိသူများက ပေးအပ်ခဲ့ရာ လယ်တစ်ဧကလျှင် ကျပ် ၂၅ သိန်းနှုန်း၊ စားကျက်မြေတစ်ဧကလျှင် ကျပ် ၁၀ သိန်းနှုန်းဖြင့် လယ်ယာမြေဆုံးရှုံးနစ်နာသူ တောင်သူ ၂၇ ဦးအား တစ်ဦးချင်းပိုင်ဆိုင်မှုဧကအလိုက် လျော်ကြေးငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# စစ်ကိုင်း ဇေယျာသီရိရုပ်ရှင်ရုံကိစ္စကို လွှတ်တော်က အတည်ပြုဆုံးဖြတ်

**စစ်ကိုင်း မတ် ၂၁**
စစ်ကိုင်းမြို့၏ တစ်ခုတည်းသောရုပ်ရှင်ရုံဖြစ်သည့် ဇေယျာသီရိရုပ်ရှင်ရုံ ပြန်လည်ပြသရန် တိုင်းဒေသကြီးလွှတ်တော်၌ အဆိုတင်သွင်းထားမှုကို လွှတ်တော်က အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ကျင်းပပြီးစီးခဲ့သော ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် စစ်ကိုင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စုမြတ်ထက်က ဇေယျာသီရိရုပ်ရှင်ရုံနှင့်ပတ်သက်၍ ရုပ်ရှင်ရုံကို ဝယ်ယူစဉ်က ချုပ်ဆိုခဲ့သော စာချုပ်ပါစည်းကမ်းချက်များအတိုင်း မူလလုပ်ငန်းဖြစ်သော ရုပ်ရှင်လုပ်ငန်းအဖြစ် ပြန်လည်ပြုလုပ်၍ ရုပ်ရှင်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း အဆိုကို မတ် ၂၀ ရက် လွှတ်တော်တွင် ကိုယ်စားလှယ်ငါးဦးက ဆွေးနွေးပြီး လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

“စစ်ကိုင်းမြို့မှာ တစ်ခုတည်းရှိတဲ့ ဇေယျာသီရိရုပ်ရှင်ရုံမှာ ရုပ်ရှင်ပြန်လည်ပြသပေးဖို့ တင်သွင်းဆွေးနွေးတဲ့အဆိုဖြစ်ပါတယ်။ ၁၉၇၁ ခု မေ ၁ ရက်မှာ ရုပ်ရှင်ရုံဖွင့်ခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းပိုင် ရုပ်ရှင်ရုံကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရဲ့အစည်းအဝေးအမှတ်(၁/၂၀၁၁)ရဲ့သဘောတူဆုံးဖြတ်ချက်နဲ့ ဝယ်ယူသူကို ကျပ်သန်း ၄၁၀နဲ့ နောက်ကျကြေးငွေ ကျပ် ၁၇၆၁၃ သန်း၊ စုစုပေါင်း ကျပ် ၄၂၇၆၁၃ သန်းနဲ့ ဦးဉာဏ်ဝင်းနဲ့ ဦးမောင်မောင်ဦးတို့ဆီကို အပြီးအပိုင်ရောင်းချခဲ့တာပါ။ ရောင်းချတုန်းကချုပ်ဆိုခဲ့တဲ့စာချုပ်မှာ ဝယ်ယူသူတာဝန်အဖြစ် အချက်ခုနစ်ချက်ပါရှိပြီး အဲဒီအချက်တွေကို သိရှိနားလည်သဘောပေါက်ပြီး လိုက်နာပါမယ်လို့သဘောတူ လက်မှတ်ထိုးထားပေမယ့် ဇေယျာသီရိရုပ်ရှင်ရုံမှာ ရုပ်ရှင်မပြသတာဟာ ၂၀၁၁ ခုနှစ်ကနေ အခုထိဖြစ်ပါတယ်။ အဲဒါကြောင့် ရုပ်ရှင်ရုံကို ဝယ်တုန်းကချုပ်ခဲ့တဲ့ စာချုပ်စည်းကမ်းတွေအတိုင်း ရုပ်ရှင်လုပ်ငန်းအဖြစ် ပြန်ပြီးပြသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးဖို့ တိုင်းဒေသကြီးအစိုးရကို တိုက်တွန်းထားတာပါ”ဟု လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုမြတ်ထက်က ပြောသည်။

တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းကလည်း ရုပ်ရှင်ရုံကိုရောင်းချစဉ်က လွှဲပြောင်းရယူသည့် ပုဂ္ဂိုလ်သည် လက်ရှိလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ပါမည်ဟု စည်းကမ်းချက် အတိအကျပါရှိကြောင်း၊ သို့သော် ဝယ်ယူစဉ်ကတည်းကပင် ရုပ်ရှင်ပြသခြင်းမရှိခဲ့ကြောင်း၊ စည်းကမ်းချက်အရ ရုပ်ရှင်ရုံ အဆောက်အအုံများကို အဆင့်မြှင့်ပြုပြင်တည်ဆောက်မည်ဆိုပါက လူဦးရေအချိုးအစားအရ ပရိသတ်ကြည့်ရှုနိုင်မည့် ရုပ်ရှင်ရုံကိုလည်းကောင်း၊ ရုံစနစ်တွဲများဖြင့်လည်းကောင်း ဆောက်လုပ်ခွင့်အမိန့်ရသည့်နေ့မှစ၍ တစ်နှစ်အတွင်း ပြီးအောင်ဆောက်ရမည်ဟုလည်း ပါရှိကြောင်း၊ ထိုအချက်ကိုလည်း လုပ်ဆောင်ထားသည်ကို မတွေ့ရကြောင်း၊ စာချုပ်ပါစည်းကမ်းချက်များကို ပျက်ကွက်ပါက အရေးယူခံရမည်ဟု ပါရှိသည့်အတွက် စည်းကမ်းပျက်သည့် ဇေယျာသီရိရုပ်ရှင်ရုံကို အရေးယူနိုင်ရန် သက်ဆိုင်ရာဌာနသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ကယန်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်စလုံး-လတိန် ကျေးရွာချင်းဆက်လမ်းတွင် ကတ္တရာခင်း

**ဖယ်ခုံ မတ် ၂၁**
ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် ခေါင်းအိကျေးရွာအုပ်စုရှိ တောင်စလုံး-လတိန် ကျေးရွာချင်းဆက်လမ်းကို ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တောင်စလုံး-လတိန်လမ်းသည် ဖယ်ခုံ×ခေါင်အိ×လွယ်လုံ×လတိန်×လအိ× ပီကင်းလမ်းပေါ်တွင် တည်ရှိပြီး အရှည် ၀ ဒသမ ၄ မိုင်ရှိကာ ရန်ပုံငွေကျပ် ၄၄ ဒသမ ၀၉ သန်းဖြင့် ကတ္တရာခင်းခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများပြီးစီးပါက ကျေးရွာပေါင်း ၅၀ ရှိ အိမ်ခြေ ၃၀၀၀ ကျော်မှ လူဦးရေ ၁၅၀၀၀ ကျော်၏ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန် အကျိုးပြုမည်ဖြစ်ကြောင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းများကို ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ(နည်းပညာ) ဦးဇော်မင်းထွန်းနှင့် ဖယ်ခုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီဌာနမှ အင်ဂျင်နီယာများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုထွေး(ဖယ်ခုံ)**





# ဆယ်ဘွဲ့ရဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲကျင်းပ

**မိတ္ထီလာ မတ် ၂၁**
နိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းသည့် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် အပါအဝင် ဘွဲ့တံဆိပ်တော် ၁၀ ခု ရရှိထားသည့် သဒ္ဓမ္မဝံသာရုံ ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနန္ဒဝံသအား ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနားဖြင့် ဂုဏ်ပြုပူဇော်ပွဲကို မိတ္ထီလာမြို့နန်းတော်ကုန်းရပ်ကွက် နဂါးရုံမဟာဗောဓိစေတီတော် ပညာဓိကတန်ဆောင်း၌ မတ် ၂၀ ရက်က ကျင်းပခဲ့သည်။

ပူဇော်ပွဲတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကိုးနဝင်းပရိယတ္တိစာသင်တိုက်ဆရာတော်က သီလချီးမြှင့်ပြီး ဆယ်ဘွဲ့ရဆရာတော်၏ ထေရုပ္ပတ္တိကို ရမည်းသင်းမြို့ သောဘိတာရာမ ဗောဓိကုန်းကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတက ဖတ်ကြားလျှောက်ထားသည်။ ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးစိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ ခရိုင်သာသနာရေးမှူး ဦးကိုကိုအောင်နှင့် တပည့် ဒါယကာ ဒါယိကာမများက သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့သည်။

သဒ္ဓမ္မဝံသာရုံကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနန္ဒဝံသသည် နိုင်ငံတော်အစိုးရက (၁/၂၀၁၇) အမိန့်ကြော်ငြာစာအမှတ်ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းရာတွင် ရရှိခဲ့သည့် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် အပါအဝင် ဝိနယဝိဒူဘွဲ့(၁၉၉၃)၊ သာသနဓဇဓမ္မာစရိယဘွဲ့(၁၉၉၄)၊ ဒီဃနိကာယဝိဒူဘွဲ့(၁၉၉၇)၊ မဇ္ဈိမနိကာယဝိဒူဘွဲ့(၂၀၀၂)၊ အဘိဓမ္မဝိဒူ(၁)ဘွဲ့(၂၀၀၃)၊ သံယုတ္တနိကာယဝိဒူဘွဲ့(၂၀၀၆)၊ သာသန ဓဇသီရိပဝရ ဓမ္မာစရိယဘွဲ့(၂၀၀၈)၊ အင်္ဂုတ္တရနိကာယဝိဒူဘွဲ့(၂၀၀၉)၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့(၂၀၁၁) တို့ကို ရရှိထားကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ကလေးတရားစခန်းနှင့် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**မြင်းမူ မတ် ၂၁**
ကျောင်းသား ကျောင်းသူ ကလေးငယ်များ လိမ္မာယဉ်ကျေးရန်နှင့် ဗုဒ္ဓဘာသာအကြောင်း သိရှိနားလည်ပြီး လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ရည်ရွယ်လျက် ကလေးတရားစခန်းနှင့် ယဉ်ကျေးလိမ္မာသင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ ပဋ္ဌာနတာရုံစာသင်တိုက်၌ မတ် ၂၀ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ကလေးငယ်များအား ဘုရားဝတ်ပြုခြင်း၊ တရားရှုမှတ်ခြင်းနှင့် ဗုဒ္ဓစာပေများကို မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင် သစ္စဝေဒဂူ ယဉ်ကျေးလိမ္မာသင်တန်းမှ ဆရာတော်၊ သံဃာတော်များနှင့် ဆရာ ဆရာမများက မတ် ၂၉ ရက်အထိ ၁၀ ရက်ကြာ သင်ကြားပို့ချမည်ဖြစ်ကာ သင်တန်းသို့ ကျောင်းသားကျောင်းသူ ကလေးငယ် ၅၀၀ ကျော် တက်ရောက်သင်ကြားကြောင်း သင်တန်းတာဝန်ရှိသူ ဒေါက်တာသန်းထွန်း(မြင်းမူ)ထံမှ သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**



## သတင်းတို

### ကိုယ့်အားကိုယ်ကိုး ကျေးရွာမြေသားလမ်းသစ်ဖွင့်

မြန်အောင်မြို့နယ် ဆင်သေကျေးရွာအုပ်စု ရေသိုး-ကျောက်တောင် ကိုယ့်အားကိုယ်ကိုး မြေသားလမ်းသစ် ဖွင့်ပွဲကို မတ် ၁၉ ရက်က ကျင်းပခဲ့ရာ ရေသိုးကျေးရွာ ရပ်မိရပ်ဖတစ်ဦးက လမ်းဖြစ်မြောက်ရေးဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေတို့က လမ်းရေရှည်တည်တံ့ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် ဆင်သေကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က ကျေးဇူးတင်စကား ပြောကြားပြီး လမ်းသစ်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ) ဦးထွန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

# ကုန်သွယ်မှုပမာဏများပြားလာသော နယ်စပ်ဒေသဖရဲဈေးကွက်

**လွယ်ဂျယ် မတ် ၂၁**

ကချင်ပြည်နယ် လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏသည် တစ်နေ့ထက်တစ်နေ့ တိုးတက်များပြားလျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဒေါ်လာသန်း ၇၆ ဒသမ ၉၅၈ ၊ ၂၀၁၆-၂၀၁၇ မတ် ၁၆ ရက်အထိ ဒေါ်လာသန်း ၁၀၉ ဒသမ ၅၈၄ ရရှိခဲ့သည်။ ကုန်သွယ်ရေးစခန်း လွယ်ဂျယ်တွင် ဖရဲသီးတင်ပို့မှုသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ တန်ချိန် ၂၀၉၂၂ တန်ဖိုး ဒေါ်လာသန်း ၂ ဒသမ ၅၃၁ ရရှိခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ် ၁၆ ရက်အထိတန်ချိန် ၅၁၄၃၃ တန်ဖိုး ဒေါ်လာသန်း ၅ ဒသမ ၅၀၄ ရရှိခဲ့သည်။ မန်စီမြို့နယ်၊ မိုးမောက်မြို့နယ်တို့နှင့် စစ်ကိုင်း တိုင်းဒေသကြီး ကောလင်းမြို့တို့၌ ဖရဲသီးစိုက်ပျိုးမှုကေ ပိုမိုများပြားလာပြီး ယခင်နှစ်က ဖရဲဈေးကွက်သည် အကောင်းစားဖရဲ ၁၂ ဘီးကားတစ်စီးကို ယွမ်လေးသောင်းကျော်အထိ



ရှိခဲ့ပြီး လတ်တလောအခြေအနေတွင် တရုတ်နှင့်မြန်မာနိုင်ငံတို့တွင် မိုးရွာသွန်းပြီး ရာသီဥတုပြောင်းလဲမှုကြောင့် ဈေးကွက်တွင် အကောင်းစားဖရဲသီး ကားတစ်စီးကို ယွမ် သုံးသောင်းမှ နှစ်သောင်းခွဲအထိ ဈေးများကျဆင်းလျက်ရှိသည်။

ဖရဲ စိုက်ပျိုးခြင်းသည် ရာသီပေါ်သီးနှံများတွင် အလားအလာကောင်းသော သီးနှံဖြစ်ခြင်းကြောင့် ဖရဲစိုက်တောင်သူများအနေဖြင့် ဈေးကျဆင်းမှုဖြစ်ပေါ်ရာတွင် တွက်ခြေမကိုက်ကြောင်း လွယ်ဂျယ်နယ်စပ် ဖရဲဈေးကွက်မှ သိရသည်။ **ရင်ငြိမ်းပန်း**

# ဒက္ခိဏသီရိမြို့နယ်၌ ကျေးရွာသစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် မတ် ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကိုရီးယားနိုင်ငံ (KOICA) ကွိုက်ကာမှ ကျေးရွာသစ်စီမံကိန်း SMU ဆေးမားလ်အူအွန်ဒုံစီမံကိန်းသည် ကျေးရွာများတွင် ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်၊ ရန်အောင်မြင်ကျေးရွာအုပ်စု၊ ရွာမကျေးရွာသည်လည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။

ရွာမကျေးရွာ၌ အိမ်ခြေ ၁၂၄ အိမ်ရှိပြီး ၂၀၁၆ ခုနှစ်မှစတင်၍ SMU ဆေးမားလ်အူအွန်ဒုံ ကျေးရွာသစ် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်တွင် ပြည်သူများ၏ လူမှုဘဝ သိသိသာသာ တိုးတက်လာလျက်ရှိကြောင်းလည်း တွေ့မြင်ရသည်။

ကျေးရွာသစ်စီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ ကျေးလက်နေဒေသခံများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးပွားရေးစသည့် ရည်ရွယ်ချက် ၃ ရပ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ ရွာမကျေးရွာ SMU ဥက္ကဋ္ဌ ဦးနေလင်းက “ကျွန်တော်တို့ ကျေးရွာအနေနဲ့ SMU ကျေးရွာသစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုကို ၂၀၁၆ ခုနှစ်က အသင်းဝင် ၁၃၄ ဦးနဲ့ စတင်ဆောင်ရွက်ခဲ့ပါတယ်။ အကောင်အထည်ဖော်တဲ့ ပထမနှစ်မှာပဲ ကျေးရွာက တစ်ပိုင်တစ်နိုင် ပျံ့ကျဈေးသည် ခုနစ်ဦး၊ အငယ်စားမွေးမြူရေးလုပ်ငန်းဖြစ် သည့် ကြက်၊ ဝက်၊ နွား မွေးမြူလုပ်ကိုင်သူ ၁၂၄ ဦး၊ စိုက်ပျိုးတောင်သူ လေးဦးတို့ကို လုပ်ငန်းအပေါ်မူတည်၍ အရင်းအနှီးထုတ်ချေးပေးခဲ့ပါတယ်။ ပထမဘဏ္ဍာနှစ်မှာပဲ ကျေးရွာအတွင်း ဘုံပိုင်ရေငုတ် ၁၄ ခု၊ ပေ ၂၀ မြင့် ရေစင်ကြီးတစ်ခု၊ ပေ ၇၆၂ ရှိ ရွာလယ်လမ်းမကြီးကို ကွန်ကရစ်လမ်းခင်းပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဧပြီ ၁ ရက်မှစတင်ကာ ကျေးရွာအတွင်း ဒုတိယလမ်းကို အရှည် ပေ ၉၀၀၊ အကျယ် ၁၂ ပေ၊ ထုခြောက်လက်မရှိ ကွန်ကရစ်လမ်းကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်”ဟု ပြောကြားသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ကျောက်ဆည်မြို့ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ၌ ရှေးဦးပြုစုခြင်းနှင့် အသိပညာပေးဟောပြော

**ကျောက်ဆည် မတ် ၂၁**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးသည် နိုင်ငံတစ်ဝန်းလုံးရှိ ဘေးအန္တရာယ်ကျရောက်လွယ်သူများနှင့် ဘေးဒုက္ခရောက်နေသူများအတွက် အများပြည်သူတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်သည့် ကရုဏာလုပ်ငန်းများကို အချိန်အခါမရွေးလုပ်ဆောင်သော ထိပ်တန်းအဖွဲ့အစည်းဖြစ်လာစေရန် ရည်ရွယ်၍ ကျန်းမာရေးမြှင့်တင်ခြင်း၊ ရောဂါဘေးတားဆီးခြင်း၊ ဘေးဒုက္ခရောက်နေသူများအား ကူညီပေးခြင်းများဆောင်



ရွက်လျက်ရှိရာ ကျောက်ဆည်မြို့ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ၌ မတ် ၁၉ ရက်က ပန်းခြံသို့လာရောက်အပန်းဖြေသူများ၊ ကြက်ခြေနီလုပ်ငန်းများ သိရှိစေရန်အတွက် ရှေးဦးပြုစုခြင်းနှင့် အသိပညာပေး ဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကြက်ခြေနီ တပ်ရင်းမှူး ဦးသန်းဦးနှင့်တပ်ဖွဲ့ဝင်များက ကြက်ခြေနီလုပ်ငန်းများအကြောင်းနှင့် လက်ရှိလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအကြောင်း ပြန်လှန်မေးခွန်းများ ဆွေးနွေးရာ မြန်မြန်နှင့်မှန်မှန် ဖြေဆိုနိုင်သူများကို မြို့နယ်ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဒေါက်တာမျိုးဝဏ္ဏအောင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက လက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

## မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်၊ မြန်မာနှစ်ဆန်း( ၁ )ရက်နေ့ ဇီဝိတဒါန ငါးလွှတ်နိုင်ရန် ငါးသားပေါက်များရောင်းချပေးမည်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာနှစ်ဆန်း (၁) ရက်နေ့တွင် ဇီဝိတဒါန ငါးလွှတ်ကုသိုလ်ပြုနိုင်ကြပါရန် ငါးကျည်း၊ ရွှေဝါ ငါးကြင်း၊ ရောင်စုံငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးခုံးမနှင့် တီလားပီးယားငါးသားပေါက်များကို မြန်မာနှစ်ဆန်း (၁)ရက်နေ့တွင် အောက်ပါနေရာများ၌ ရောင်းချပေးသွားမည်ဖြစ်သည်-

| | | |
|---|---|---|
| နေပြည်တော် | - | ရေဆင်းငါးလုပ်ငန်းစခန်း |
| ရန်ကုန်မြို့ | - | ရွှေတိဂုံစေတီတော်၊ သွေးဆေးကန်၊ ကမ္ဘာအေးကုန်းမြေမင်္ဂလာကန်တော်ကြီး၊ စွယ်တော်မြတ်စေတီတော်၊ ကျောက်တော်ကြီးဘုရား၊ သာဓုကန်ဘုရား |
| မန္တလေးမြို့ | - | ကျုံးမြို့ရိုးတောင်ဘက် ×၂၆ လမ်း၊ မတ္တရာမြို့နယ် ရွှေတချောင်းမြောင်း |
| ပဲခူးမြို့ | - | ရွှေသာလျောင်းဘုရားကြီး၊ လိပ်ပြာကန် |
| ဟသ္သာတမြို့ | - | ဦးပါရဲဘုရား |
| ပုသိမ်မြို့ | - | မြို့တော်ခန်းမရှေ့ ရေကြည်ဦးဘုရား |
| ဇန်းမော် | - | ဇန်းမော်ငါးလုပ်ငန်းစခန်း၊ သိမ်တော်ကြီးဘုရား |

၂။ ကြိုတင်မှာယူလိုသူများသည် အောက်ပါငါးလုပ်ငန်းစခန်းများသို့ ဆက်သွယ်ဝယ်ယူနိုင်မည်ဖြစ်သည်-

| | | |
|---|---|---|
| ရေဆင်းငါးလုပ်ငန်းစခန်း (နေပြည်တော်) | -ဖုန်း | ၀၉-၂၅၀၂၀၇၇၃၇ |
| လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်း (ရန်ကုန်) | -ဖုန်း | ၀၉-၄၀၀၄၄၄၅၀၅ |
| လှော်ကားငါးလုပ်ငန်းစခန်း (ရန်ကုန်) | -ဖုန်း | ၀၉-၂၅၄၄၈၅၇၉၈ |
| ပုသိမ်ကြီးငါးလုပ်ငန်းစခန်း (မန္တလေး) | -ဖုန်း | ၀၉-၄၀၂၅၂၅၄၂၇ |
| ပဲခူးငါးလုပ်ငန်းစခန်း | -ဖုန်း | ၀၉-၂၅၀၀၆၆၃၆၃ |
| သနပ်ပင်ငါးလုပ်ငန်းစခန်း | -ဖုန်း | ၀၉-၄၂၈၃၃၉၁၀၄ |
| ဟသ္သာတငါးလုပ်ငန်းစခန်း | -ဖုန်း | ၀၉-၇၈၀၅၉၃၀၉၁ |
| မတ္တရာငါးလုပ်ငန်းစခန်း | -ဖုန်း | ၀၉-၄၄၀၅၁၈၀၀၀ |
| ဝိုင်းမော်ငါးလုပ်ငန်းစခန်း | -ဖုန်း | ၀၉-၄၀၀၀၅၀၈၇၈ |
| ဇန်းမော်ငါးလုပ်ငန်းစခန်း | -ဖုန်း | ၀၉-၂၅၈၆၈၂၈၅၁ |
| ပုသိမ်ငါးလုပ်ငန်းစခန်း | -ဖုန်း | ၀၉-၄၀၂၅၀၆၃၅၁ |

၃။ အဆိုပါဇီဝိတဒါန ငါးလွှတ်ကြရာတွင် ဤဌာနမှအမိန့်ကြော်ငြာစာအမှတ် ၅/ ၂၀၀၁ ဖြင့် တားမြစ်ထုတ်ပြန်ထားသော အာဖရိကငါးခူသားပေါက်များ ရောင်းချခြင်း၊ ဝယ်ယူ ခြင်း၊ လွှတ်ခြင်းများ မပြုလုပ်ကြရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# စက်မှုနှင့်အသက်မွေးပညာ ရွှေ့လျားသင်တန်းဖွင့်

**ရေစကြို မတ် ၂၁**

စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနသင်တန်းကျောင်းများကြီးကြပ်ရေးဌာနလက်အောက်ရှိ အမှတ်(၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) မှ စက်မှုနှင့်အသက်မွေးသင်တန်း အမှတ်စဉ်(၃၉) စိုက်ပျိုးရေးသုံးအင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းဖွင့်ပွဲကို မတ် ၂၀ ရက်က ရေစကြိုမြို့ စိတ္တသုခ အထကခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်သောင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်မြင်တို့က အမှာစကားများပြောကြားကြပြီး အမှတ်(၄) စက်မှု သင်တန်းကျောင်း(ပခုက္ကူ) ကျောင်းအုပ်ကြီး ဦးရဲထွဋ်ဇော်မှ သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ ၊အမှတ်(၄)စက်မှုသင်တန်းကျောင်း(ပခုက္ကူ) မှ ကျောင်းအုပ်ကြီးနှင့်သင်တန်းဆရာများ၊ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။ စိုက်ပျိုးရေးသုံးအင်ဂျင်နှင့် မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း အမှတ်စဉ် (၃၉) သို့သင်တန်းသား သင်တန်းသူ(၃၅)ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တပတ်နှစ်ပတ်ဖြစ်ကြောင်း သိရသည်။ **ဖေထွန်းဇော်(ရေစကြို)**

# ညောင်တိုကျေးရွာမှ သဘော်စိုက်တောင်သူများ ယခုနှစ်သီးနှံဈေးကောင်းရ၍ ပိုမိုတွက်ခြေကိုက်

**သာစည် မတ် ၂၁**

မိတ္ထီလာခရိုင် သာစည်မြို့နယ် ညောင်တိုကျေးရွာမှ သဘော်စိုက်တောင်သူများ ယခုနှစ်သီးနှံဈေးကောင်း၍ ပိုမိုတွက်ခြေကိုက်ကြောင်း သိရသည်။

“ဒီနှစ်ကဈေးလည်းကောင်း၊ အထွက်နှုန်းလည်းကောင်း၊ အသီးလည်းလှတော့ ပိုပြီးတွက်ခြေကိုက်ပါတယ်။ မိုးနည်းနည်းများလို့ အပင်အနည်းငယ် နာတာလောက်ပဲရှိပါတယ်။ သဘော်စိုက်မယ်ဆိုရင် မြေပြုပြင်၊ မျိုးစေ့ဝယ်၊ ပျိုးထောင်၊ ပျိုးထောင်ရက်က လေးဆယ့်ငါးရက်သားအထိထားရပါတယ်။ ပြီးမှ စတင်စိုက်ပျိုးရပါတယ်။ တစ်ဧကကို အပင်ခြောက်ရာကျော် ခုနစ်ရာလောက်စိုက်ကြပါတယ်။ တစ်ဧကကို စစိုက်တဲ့အချိန်ကနေ စဆွတ်တဲ့အချိန်အထိ ငွေကျပ်ငါးသိန်း လောက်ကုန်ပါတယ်။ ရတာကတော့ သီးနှံဈေးနှုန်းအထွက်နှုန်းပေါ်မူတည်ပြီး ဈေးကောင်းရင်ကောင်းသလို ရပါတယ်။ စိုက်ကေများရင် ပိုကိုက်ပါတယ်။ အသီးကတော့ သုံးလအတွင်း ဆယ်ကြိမ်ကျော် ဆွတ်ရပါတယ်”ဟု ညောင်တိုကျေးရွာမှ သဘော်စိုက် ပျိုးသောကိုစိုးဦးက ပြောပြသည်။

ညောင်တိုကျေးရွာသည် ခရမ်းချဉ်၊ ကျောက်ဖရုံ၊ပဲသီး၊ ရုံးပတီသီး၊ ဘူးသီးနှင့် ချဉ်ပေါင်ရွက်စသည့် သီးနှံစုံစိုက်ပျိုးကြပြီး စတင်စိုက်ပျိုးချိန်မှ သီးနှံပေါ်ချိန်အထိ အချိန်ကာလကြာရှည်သော်လည်း အရင်းနည်း၍ အမြတ်များသော သဘော်ကိုပိုမိုအားထား စိုက်ပျိုးကြကြောင်း သိရသည်။ **ထွန်းထွန်း(သာစည်)**

ကျေးရွာသစ်တော၊
ထင်းမျှော်အိမ်တိုင်၊
လှိုင်လှိုင်ရဖို့၊
စိုက်ပျိုးစို့။


telenor
eASY ဘောလ်
ပြန်လာပြီ
ဗုဒ္ဓဟူးနေ့တိုင်း Eload နဲ့ ဖုန်းငွေဖြည့်ပြီး
၅၀% အထိ အပိုလက်ဆောင် ရယူလိုက်ပါ
ငွေဖြည့်(ကျပ်)
အပိုရငွေ
အသုံးပြုနိုင်သောကာလ
၁,၀၀၀ – ၂,၉၉၉
၁၀%
၃ ရက်
၃,၀၀၀ – ၄,၉၉၉
၂၀%
၃ ရက်
၅,၀၀၀ – ၉,၉၉၉
၃၀%
၃ ရက်
၁၀,၀၀၀ နှင့်အထက်
၅၀%
၃ ရက်
သတိမှတ်ချက်များ
■ ဖုန်းငွေဖြည့်ကတ်၊ အပိုလက်ဆောင်ပါဝင်ပြီးဖြစ်သော မော်ငွေဖြည့်ကတ်ဖြင့် ဖြည့်ခြင်းအတွက် အကျုံးမဝင်ပါ။
■ အပိုလက်ဆောင်၏သက်တမ်းမှာ ဖုန်းငွေဖြည့်သည့် ရက်မှစ၍ (၃) ရက်အတွင်း ကုန်ဆုံးပါမည်။
■ အပိုလက်ဆောင်များကို တယ်လီနောအချင်းချင်း ဖုန်းခေါ်ဆိုခြင်း၊ SMS ပေးပို့ခြင်း၊ သုံးသလောက်ပေး အင်တာနက်အသုံးပြုခြင်းများအတွက် အသုံးပြုနိုင်ပါသည်။

**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**
**စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ဘီအေ)သင်တန်းနှင့်**
**ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ပီအေ)**
**သင်တန်းအတွက်**

## လျှောက်လွှာခေါ်ယူခြင်း

၁။ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင်ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။
(က) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ဘီအေ) အမှတ်စဉ်(၁၄) သင်တန်း၊
(ခ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ပီအေ) အမှတ်စဉ်(၁၄) သင်တန်း

၂။ အဆိုပါမဟာဘွဲ့သင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။
(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခု တက်ရောက်သူ မဖြစ်စေရ။
(ဂ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်တက်ရောက်နိုင်သူ ဖြစ်ရမည်။
(ဃ) စီမံခန့်ခွဲမှုအတွေ့အကြုံရှိသူကို ဦးစားပေးမည်။
(င) ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဌာန၏ အချိန်ပြည့်သင်တန်း တက်ရောက်ရန် ခွင့်ပြုချက်တင်ပြနိုင်သူဖြစ်ရမည်။

၃။ သင်တန်းတက်ရောက်လိုသူများသည် ရေးဖြေစာမေးပွဲနှင့် နှုတ်ဖြေစာမေးပွဲ ဖြေဆိုရပါမည်။ ရေးဖြေစာမေးပွဲများတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၄။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို သင်တန်းရေးရာဌာနတွင် ၂၄-၃-၂၀၁၇ ရက်မှ စ၍လည်းကောင်း ဝယ်ယူနိုင်ပါသည်။

၅။ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့ (အမ်ဘီအေ) သင်တန်းနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာမဟာဘွဲ့(အမ်ပီအေ)သင်တန်း ဝင်ခွင့် ရေးဖြေစာမေးပွဲအတွက် လျှောက်လွှာများကို ၉-၅-၂၀၁၇ရက် နောက်ဆုံးထား၍ မိတ္ထီလာစီးပွားရေးတက္ကသိုလ် သင်တန်းရေးရာဌာနတွင် လာရောက်တင်သွင်းရပါမည်။

၆။ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့ (အမ်ဘီအေ)သင်တန်းနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာမဟာဘွဲ့(အမ်ပီအေ)သင်တန်း ဝင်ခွင့် ရေးဖြေစာမေးပွဲကို ၁၃-၅-၂၀၁၇ရက် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် ကျင်းပပါမည်။

၇။ ဝင်ခွင့်ဖြေဆိုရန် သင်တန်းကာလအတွင်း နေထိုင်ရေးစီစဉ်ပေးမည်ဖြစ်ပါသည်။

၈။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့သင်တန်း တက်ရောက်မှုအချိန်စာရင်းမှာ အပတ်စဉ် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့တိုင်း ဖြစ်ပါသည်။

၉။ သင်တန်းများနှင့်ပတ်သက်၍ အောက်ပါဌာနများတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။
(က) ပါမောက္ခချုပ်ရုံးခန်း ၀၆၄-၃၉၂၈၅၊ ၀၉-၂၀၀၀၄၅၀၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊
(ခ) ဌာနမှူး၊ သင်တန်းရေးရာဌာန၊ ၀၆၄-၃၉၂၇၈၊ ၀၉-၄၀၂၆၆၂၃၃၃၊ ၀၉-၉၆၄၆၆၂၃၃၃၊ ၀၉-၇၇၈၇၅၁၆၅၁ မိတ္ထီလာစီးပွားရေးတက္ကသိုလ်။

**(အေးဇော်)**
**ဌာနမှူး**
**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**

---

**ညှိနှိုင်းဈေးနှုန်းဖြင့် မြေကွက်ကျယ်အမြန်ရောင်းမည်**
**စီးပွားရေးလုပ်ငန်းတိုးချဲ့လုပ်ကိုင်ရန်အကောင်းဆုံး**
ကျောက်ဖြူအထူးစက်မှုဇုံသို့ သွားရာတခုတည်းသောလမ်းမကြီး
စေတီယရပ်ကွက်၊ ကုမ္ပဏီရေး၊ လေယာဉ်ကွင်းအနီး၊ ပင်လယ်ကမ်းခြေအနီး
ရှေ့မျက်နှာ(၁၃၀)ပေ နောက်(၂၄၀)ပေ၊
အုတ်တံတိုင်း ကာရံပြီး၊ ရေ၊ မီးအစုံ ချိုသာသောဈေးနှုန်းဖြင့်
အမြန်ရောင်းမည်။ ဦးရာလူရမည်။
စုံစမ်းရန် - ၀၉၅၀၀၀၆၇၃၊ ၀၉၅၁၅၁၅၇၆၊ ၀၉၅၁၅၄၁၆၄

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၅)ရပ်ကွက်၊ အကွက်အမှတ်(က-၂)၊ ဦးပိုင်အမှတ်(၈၀-ခ)၊ ၆၉×၇၀၊ မနော်ဟရီ×စိန်ပန်းလမ်းကြားရှိ ဦးမြအေး အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်ဖုံဆွေးမေ ၉/မရမ(နိုင်)၀၇၈၂၁၅ မှ မြို့ကွက်သစ်နေရာချထားရေး ငွေရပြေစာ၊ မြေဖိုး၊ လမ်းဖိုးပေးသွင်းခြင်းငွေရ ပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ဒဂုံမြို့သစ်

**အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်**
**တောင်ပိုင်း၊**
**မြောက်ပိုင်းများရှိ**
**မြေကွက်များကို**
**ဈေးကောင်းပေးဝယ်သည်။**
**ဖုန်း-၀၉-၈၆၂၃၁၈၈**
**ဖုန်း-၀၉-၅၀၈၄၁၂၉**

---

**ပထမဦးဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည့်**




---

## တက်နေဝန်း

**အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း**
**(10'/14')Box ကားများဖြင့်**
**လုပ်သားအပြီးအစီး**
**ဝန်ဆောင်မှုပေးသည်။**
**09-442076599**
**09-400448695**
**09-33100721**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီ အိမ်ရာ၊ လုံးချင်းတိုက်အမှတ်(၁၉)ကို မူလအမည်ပေါက် ဒုတိယဗိုလ်မှူးကြီး တင်လေးမောင်ထံမှ တရားဝင်စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်အေးအေးပြုံး ၁၃/တကန(နိုင်)၁၂၈၄၀ အမည်ဖြင့် မြေငှားရန် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားမူရင်းများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---



## ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးမှုန့်

လေငန်းဖမ်း၍ ကိုယ်တစ်ခြမ်းလေဖြင်း၊ ပါးရွဲ့ခြင်း၊ လေဖြန်းခြင်း၊ ခြေလက်ထုံကျဉ်ကိုက်ခဲခြင်း ဖြစ်လျှင်လိမ်းနိုင်ပါသည်။

Certificate TH09/3125 — Certificate TH06/3966.01

ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက်

## အကောင်းဆုံး နံပါတ် (၁) MNZ ငွေရေစက် နှင့် လုံခြုံစိတ်အေးရစေမည့် MNZ မီးခံသေတ္တာ



World Class Product Award ရရှိထားပြီး

mnz Bill Counter & Safe

ငွေရေစက်မှာ MNZ တစ်မျိုးတည်းသာ ဖြစ်ပါသည်။

မီးခံသေတ္တာမှာ MNZ တစ်မျိုးတည်းသာ ဖြစ်ပါသည်။

01-8603121, 09-32070000 | 02-68771, 09-31495346 | Capital Hypermarket ၊ 09-73191094

Distributed by URANUS

CALL NOW! 09.43198034

## KMD Institute

Since 1986

(မြေနီကုန်းစင်တာတွင်သာ လာရောက်အပ်နှံရပါမည်။)

OK$ အကောင့်ဖြင့် ပထမဆုံးသင်တန်း လာရောက်အပ်နှံသူ (၁၅၀) အတွက်အထူးအစီအစဉ်...

Discount 20,000/-KS

Application Course သင်တန်းများအတွက်သာ

မတ်လ (၂၄) ၂၀၁၇ တစ်ရက်တည်းသာ

OK$ အကောင့်ဖွင့်လိုပါက တစ်ခါတည်းဖွင့်ပေးပါမည်

HOT LINE 09 262 600450

## BLUE DIAMOND CEMENT

ဘလူးဒိုင်းမွန်းဘိလပ်မြေ

BLUE DIAMOND CEMENT — STRENGTH FOREVER



ဘလူးဒိုင်းမွန်းဘိလပ်မြေကို ကိုရီးယားမှ ထိပ်တန်းအင်ဂျင်နီယာများနှင့် ကျွမ်းကျင်ပညာရှင်များ၏ လမ်းညွှန်မှုဖြင့် မြန်မာပြည်တွင် ဝုဏ်ယူဝင့်ကြွားစွာ ထုတ်လုပ်ပါသည်။

WWW.BLUEDIAMONDCEMENT.COM | 09-777-777-688 | WWW.FACEBOOK.COM/BLUEDIAMONDCEMENT

## ခေတ်မီမြေအုတ်ရိုက်စက် ရပြီ

09 4200 35882

09 4200 35884

## အောင်သရဖူ

အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

09254009334, 09254009335, 09254009336

## Home — Since 1996

၁၀၀% ရေစိုခံ / ခြံမစား

သကြန်ပွဲတော်အကြိုအထူး



အခန်းဖွဲ့ ၃ ကျင်း — 3'x3' အလူမီနီယံ ဆလိုက်တံခါး ၁ ပေါက် လက်ဆောင်

FREE

09-79 700 70 70

09-79 700 70 80

## ကောင်းဝေ KAUNG WAI

Course in driving skills for all adults.

Ph- 09 73213416, 09 73056208, 09 250166727

Ph- 09 453204065, 09 453204067, 09 43157424

Ph- 09 795662540, 09 254767928, 09 780977536

အင်္ဂလိပ်ဖောင်းကြွပျောက် ကျောက်ထားခြင်း

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ဆုံးခြင်း — Zhineng 110 ... Moe Eadiare Myint Co.Ltd

## ဝမ်းနည်းကြေကွဲခြင်း

သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)-ဒေါ်မြင့်မြင့်ရီတို့၏မိခင် ဒေါ်တင်ရွှေ အသက်(၉၉)နှစ်သည် ၁၉-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၅း၃၀နာရီတွင် ကျောက်ပန်းတောင်းမြို့၊ မြို့မရပ်ကွက်၊ ဈေးတန်းလမ်း၊ အမှတ် ၅၉ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူရဦးမြင့်မောင်(ပြည်ထောင်စုဝန်ကြီး-ငြိမ်း)နှင့်ဇနီး ဒေါ်အေးအေးထွန်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**

### ဒေါ်တင်ရွှေ

**အသက်(၉၉)နှစ်**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို-ဒေါ်မြင့်မြင့်ရီတို့၏မိခင် ဒေါ်တင်ရွှေ အသက်(၉၉)နှစ်သည် ၁၉-၃-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၅း၃၀နာရီတွင် ကျောက်ပန်းတောင်းမြို့၊ မြို့မရပ်ကွက်၊ ဈေးတန်းလမ်း၊ အမှတ် ၅၉ နေအိမ်၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစုများ**
**အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**

### ဒေါ်သိန်းညွန့် (လယ်ဝေး)

**အသက်(၈၉)နှစ်**

ဗိုလ်မှူးကြီးရဲမြင့်(ငြိမ်း)၊ ဒေါ်ခင်ခင်တော်(ခရိုင်တရားသူကြီး၊ငြိမ်း)တို့၏ မိခင်သည် ၁၈-၃-၂၀၁၇ရက်တွင် လယ်ဝေးမြို့နယ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ်(၂၀)မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ပါမောက္ခ ဦးနော်မန်လှ

**ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ ခွဲစိတ်ကုပညာဌာန**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**
**အသက်(၇၄)နှစ်**

ဆရာကြီး ပါမောက္ခ ဦးနော်မန်လှသည် ၁၀-၃-၂၀၁၇ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Surgical Society, MMA**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ပါမောက္ခ ဦးနော်မန်လှ

**ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ ခွဲစိတ်ကုပညာဌာန**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**
**အသက်(၇၄)နှစ်**

ဆရာကြီး ပါမောက္ခ ဦးနော်မန်လှသည် ၁၀-၃-၂၀၁၇ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ခွဲစိတ်ကုပညာဌာန၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်စန်းမြင့်

**အသက်(၇၁)နှစ်**

မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီး ဦးညီညီစိုးနှင့်ဇနီး ကူးမာသွင်တို့၏ ချစ်လှစွာသောမိခင်သည် ၂၁-၃-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်**
**တရားသူကြီးများ**
**ပြည်နယ်တရားရေးဦးစီးမှူးနှင့်ပြည်နယ်အတွင်းရှိ**
**တရားရေးအရာရှိများ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ကြူကြူ အသက်(၆၄)နှစ်

**B.Sc (Chemistry) Q.**
**စိန့်ဖလိုးမီးနားကျောင်းသူဟောင်း(၁၉၇၂)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးအေးငွေ-ဒေါ်ကြည်မြင့်)တို့၏သမီးငယ်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (Rose Garden) အိမ်ရာနေ ဦးကျော်မြင့်-ဒေါ်ခင်ရှုယဉ်တို့၏သမီးချွေးမ၊ ဦးညွန့်တင်-(ဒေါ်အမာစိန်)၊ (ဦးစံလှဘော်)-ဒေါ်ခင်ဆွေမြင့်၊ (ဦးမြင့်သိန်းထွန်း)-ဒေါ်ရီရီငွေ၊ ဦးကျော်ကျော်-ဒေါ်ဖြူဖြူဝင်း၊ (ဦးမင်းသူ)-ဒေါ်အေးအေးဇော်တို့၏ညီမအငယ်ဆုံး၊ ဒေါက်တာဇော်ဝင့်-ဒေါက်တာဝေဝေ၊ ဒုတိယဗိုလ်ချုပ်ကြီးညိုစော-ဒေါ်စမ်းစမ်းအေး၊ ဦးမင်းကြည်-ဒေါ်အိကေခိုင်တို့၏ချစ်လှစွာသောအစ်မကြီး၊ ရန်ကုန်မြို့၊ ပါရမီလမ်း၊ မြန်မာ့အမျိုးသားလေကြောင်းအိမ်ရာနေ ဒုတိယဗိုလ်မှူးကြီးထင်လင်း(ငြိမ်း) တပ်မတော်(လေ)၊ လေယာဉ်မှူးကြီး၊ ဘုတ်အဖွဲ့ဒါရိုက်တာ(မြန်မာ့အမျိုးသားလေကြောင်း)၏ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးလင်းအောင်ဇော်(ငြိမ်း)၊ မောင်လင်းထက်ဇော်၊ မောင်လင်းထူးအောင်(မန်နေဂျာ၊ Ajishin Japanese Restaurant)-မရွှန်းလက်ပိုင်၊ ဦးစိုးထက်သူ-ဒေါ်အေးဥမ္မာအောင်(Ruby Mart Ygn)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မသြမြတ်ရတီခေတ်၊ မောင်လင်းဒီပါပိုင်၊ မဆုသျှားလှဲ့စိုးတို့၏အဖွားသည် ၂၀-၃-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်ဆွေ သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ပါရမီလမ်းနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ကြူကြူ

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ ပါရမီလမ်း၊ မြန်မာ့အမျိုးသားလေကြောင်းအိမ်ရာနေ ဒုတိယဗိုလ်မှူးကြီးထင်လင်း(ငြိမ်း) တပ်မတော်(လေ)လေယာဉ်မှူးကြီး၊ ဘုတ်အဖွဲ့ဒါရိုက်တာ(မြန်မာ့အမျိုးသားလေကြောင်း)၏ ချစ်လှစွာသောဇနီး ဒေါ်ကြူကြူသည် ၂၀-၃-၂၀၁၇ရက်(တနင်္လာနေ့)ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်စဉ်(၁၈)ဗိုလ်လောင်းသင်တန်းသားများ၊**
**စစ်တက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ကြူကြူ

**အသက်(၆၄)နှစ်**

မြန်မာအမျိုးသားလေကြောင်းကုမ္ပဏီလီမိတက်မှ ဒါရိုက်တာအဖွဲ့ဝင်ဖြစ်သူ လေယာဉ်မှူးကြီး ဦးထင်လင်း၏ချစ်လှစွာသောဇနီး ဒေါ်ကြူကြူ အသက်(၆၄)နှစ်သည် ၂၀-၃-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အရာရှိချုပ်နှင့်ဝန်ထမ်းမိသားစု**
**မြန်မာအမျိုးသားလေကြောင်း**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ဖွားကြည် (သထုံ)

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ပဏ္ဍိတလမ်း၊ အမှတ် ၁၁နေ ဒေါ်ဝေဝေမာ(Director of Ooredoo Myanmar)၏မိခင်ကြီး ဒေါ်ဖွားကြည်သည် ၁၇-၃-၂၀၁၇ရက်(သောကြာနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥပဒေပညာဌာန**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**

## ဒေါ်စိန်ငွေမြင့် (B.Sc Chem)

**(အောင်ချမ်းသာရွှေဆိုင်-သမဂ္ဂ)**
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ တိုက် ၅၊ အခန်း ၁၀၅နေ (ဦးစံသိန်းမြင့်-ဒေါ်ကြင်မြ)တို့၏သမီး၊ (ဦးမျိုးသိန်း)-ဒေါ်တင်တင်အေး၊ (ဗိုလ်မှူးချုပ်မျိုးသန့်-ဒေါ်ခင်လေးတင့်)၊ (ဦးတင်အုန်း-ဒေါ်ခင်မျိုးဝင်း)တို့၏တူမ၊ ဦးတင်မောင်-ဒေါ်ခိုင်ခိုင်ရီ၊ (ဦးမြင့်မောင်)-ဒေါ်ခင်ခင်၊ ဦးကျော်ဝင်း(ခ)သက်နိုင်-ဒေါ်ရွှေငွေမြင့်တို့၏ညီမ၊ ဒေါက်တာသိန်းဝင်း-ဒေါ်ခင်မိုးသွယ်တို့၏အစ်မ၊ ဦးတင်ထွဋ်ခိုင်၊ ဦးအောင်ထွဋ်ခိုင်-ဒေါ်တင်တင်ညို၊ (ဦးနိုင်ထွဋ်ခိုင်)-ဒေါ်မြစန္ဒာအောင်၊ ဒေါက်တာကောင်းမွန်ခိုင်၊ ဦးအောင်ကျော်မိုး၊ ဦးဖြိုးကျော်သူ၊ Sky Tang-ဒေါ်အေးမြသန္တာ၊ ဒေါက်တာမြဇာနည်ကျော်တို့၏အဒေါ်သည် ၂၁-၃-၂၀၁၇ရက် နံနက် ၇နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်ဆန်း

**ရွှေမင်းသျှင်ကုမ္ပဏီ**
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ ဒါဘာ A.B သီရိဇေယျာလမ်း၊ အမှတ် ၃၀နေ ဒေါ်မြင့်မြင့်ခိုင်(ခ)ဒေါ်ဂျူစီ၏ခင်ပွန်း၊ မောင်ဝင်းမြင့်ထွန်း-မသင်းသင်းလှဲ့၊ မောင်သန့်ဇော်လင်း-မခိုင်သန္တာထက်၊ မရွှန်းလပြည့်ဖြိုး၊ မောင်စိုးကျော်ထက်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၀-၃-၂၀၁၇ရက်(တနင်္လာနေ့) ည ၉း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်ဆွေများအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဇော်ဝင်း

**တပ်မတော်မှတ်တမ်းရုံး(ဟ)(၂)**
**ဒုအရာခံဗိုလ်(ငြိမ်း)**
**အသက်(၆၁)နှစ်**

ရွှေပေါက်ကံမြို့သစ် (၁၄/၅/၂၈၆)၊ နေမျိုးသီဟလမ်းနေ (ဦးမြင့်သိန်း)-ဒေါ်စန်းတင့်တို့၏သား၊(ဦးစိုးနိုင်)၊ (ဦးသန့်ဇင်)-ဒေါ်ငွေငွေမြင့်၊ဦးစိုးသန့်၊(ဦးလင်းမောင်မောင်)-ဒေါ်သီတာဝင်း၊ကိုအောင်မျိုးကျော်တို့၏အစ်ကို၊ မောင်အုပ်သာကျော်၊ မောင်လင်းသိန်းစိုးတို့၏ဘကြီးသည် ၂၁-၃-၂၀၁၇ရက် နံနက် ၈း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၃-၂၀၁၇ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအင်ပို့(ခ)ဦးကိုလတ်

**ရွှေပြည်သာမြို့နယ်**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်**
**ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ**
**အသက်(၆၀)**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မဟာမြိုင်လမ်း၊ ပန်းခြံ (၆)၊ အမှတ် ၉/၂/၃၁၅(က)နေ(ဦးတီရင်-ဒေါ်ရှုရန်)တို့၏သား၊ဦးမောင်ကို-(ဒေါ်အေးသန်း)တို့၏သားသမက်၊ ဒေါ်မိုးမိုးခိုင်၏ ခင်ပွန်း၊ ကိုထွန်းလွင်-မစန်းစန်းမော်၊ ကိုတင်အောင်စိုး-မနုနုဝင်းတို့၏အစ်ကိုသည် ၉-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည ၁၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်နီလာချို

**(အထက်တန်းပြ)**
**အထက(၂)စမ်းချောင်း**
**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ပုသိမ်လမ်း၊ တိုက် ၄၁-A၊ ငါးလွှာနေ ဦးချစ်မောင် (ပြည်နယ်ပညာရေးမှူး၊ ငြိမ်း)-ဒေါ်သန်းမြင့်တို့၏သမီး၊ ဒေါ်သီတာဦး (အလပြ၊ အထက-၂၊ စစ်တွေ)၊ ဒေါက်တာချမ်းသာ (လူမှုရေးဝန်ကြီး၊ ရခိုင်ပြည်နယ်)တို့၏ညီမ၊ ဦးသက်နိုင် (သီဟသူကုမ္ပဏီ)၊ ဒေါ်တင်အေးမူ (အထပြ၊ ငြိမ်း)၊ဒေါ်သန္တာလင်း(အလပြ၊ ငြိမ်း)၊ ဦးသန်းထွန်း(ဌာနခွဲမှူး၊ စွမ်းအင်/ငြိမ်း)တို့၏အစ်မသည် ၂၁-၃-၂၀၁၇ရက် နံနက် ၈နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ခင်သန်း (ကျုံပျော်)

**သိမ်ကြီးဈေး (B ရုံ၊ ၂၂၃)**
**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်အေးအိမ်ရာ၊ တိုက် ၈/၃၊ အခန်း ၄နေ (ဦးမဲ-ဒေါ်လှရင်)တို့၏သမီး၊(ဦးဟန်တိန်-ဒေါ်ကျင်နု)တို့၏ညီမ၊(ဦးခင်လတ်)-ဒေါ်ထွေးရှင်တို့၏အစ်မ၊ ဒေါ်စန်းမြင့်၊ ဒေါ်အေးမြင့်(သေးသေး)၊ ဒေါ်မြင့်စန်း၊ ဦးမြင့်စိုး-ဒေါ်နီနီဝင်းတို့၏အဒေါ်၊ မအိအိဖြိုး၊ မောင်ထက်လင်းပိုင်တို့၏အဘွားသည် ၂၀-၃-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၃း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၇ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးကျော်ရှိန်(ငြိမ်း) (ကျိုက်လတ်)

**ကြည်း-၁၅၈၇၂**
**လေထီးသင်တန်းကျောင်း၊ တပ်ထိန်း(၂)**
**သ·န·က(၃)၊ ကွမ်းခြံကုန်းမြို့နယ်ပြည်သူ့ကောင်စီ**
**အသက်(၈၈)နှစ်**

ကျိုက်လတ်မြို့နေ (ဦးငွေမောင်း-ဒေါ်လှရင်)တို့၏သား၊ (ဦးတင်စိန်-ဒေါ်ခင်သိန်း)တို့၏သားသမက်၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ရွှေဝါလမ်းသွယ်(၁)၊ အမှတ် ၁၇နေ ဒေါ်မြနု၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်အုန်းစိန်)၊ (ဦးအေးမောင်)၊ (ဦးစိုးမြင့်)၊ (ဦးမြင့်ခိုင်)တို့၏အစ်ကို၊ ဦးအောင်နိုင်ဦး-ဒေါ်ညွန့်ညွန့်ဝင်း၊ တကကကျော်နိုင်ဦး-ဒေါ်လှမြတ်မော်၊ ဦးမိုးကျော်ဦး၊ ဒေါ်တင်နီလာရှိန်တို့၏ဖခင်၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၀-၃-၂၀၁၇ရက် ည ၉း၁၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၂-၃-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ၂ နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၃-၂၀၁၇ ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါ သန်လျင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်တင်

**ရန်ကုန်တက္ကသိုလ်၊ သချာဌာန(ငြိမ်း)**
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ ဆင်လုလမ်း၊ အမှတ် ၁၃ (မြေညီ-A)နေ သုံးဆယ်ထိပ်တင်ကလေး-ဒေါ်ဖွားသင်တို့၏သား၊ ကသာထိပ်တင်ကြီး-မင်းဒပ်ခေါင်ဘုရားတို့၏သားသမက်၊ (ဒေါ်ထိပ်တင်ခေါင်လေး)၏ခင်ပွန်း၊ ဒေါ်တင်တင်ကြည်-ဦးစိုးမြင့်၊ ဦးမောင်မောင်ခင်-(ဒေါ်ထွေးစိန်)၊ ဦးမောင်မောင်ရင်-ဒေါ်မေရီအုန်း၊ ဒေါ်တင်တင်မြိုင်-(ဦးတင်စိုး)၊ (ဦးမောင်မောင်လွင်)-ဒေါ်တင်အောင်၊(ဒေါ်တင်တင်လှိုင်)၊ ဒေါ်တင်တင်စု(ဆည်မြောင်း၊ ငြိမ်း)တို့၏အစ်ကို၊ ဦးထိပ်တင်ဝေ[ဆည်မြောင်း၊ တဆရ-၂၊ ပြည်]-ဒေါ်လှလှလွင်၊ ဒေါ်ထိပ်တင်မေ၊ ဒေါ်ထိပ်တင်ဆွေတို့၏ဖခင်သည် ၂၁-၃-၂၀၁၇ရက် နံနက် ၃း၃၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အလုံမြို့နယ်နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

### ဆရာကြီး ဦးတင်ထွန်း

**အသက်(၈၄)နှစ်**

ဗိုလ်ချုပ်ဝင်းမင်းထွန်း (တိုင်းမှူး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်)-ဒေါ်ကြည်ကြည်လွင်တို့၏မွေးသဖခင်ကြီး ဦးတင်ထွန်းသည် ၁၇-၃-၂၀၁၇ရက် ညနေ ၄း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးရန်ရှင်း-ဒေါ်အေးအေးဝင်း**
**မိသားစု**
**၇၈လမ်း၊ လမ်း(၄၀)ထောင့်၊ မန္တလေးမြို့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်အေးခင် (ကျောက်တန်းမြို့)

**အသက်(၈၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ ဆင်ကန်ရပ်ကွက်၊ နေပြည်တော် ၁လမ်း၊ အမှတ် ၂၈၆နေ(ဦးဘိုလေး-ဒေါ်အုံးခင်)တို့၏သမီးချွေးမ၊ (ဦးအောင်ညွန့်-ဒေါ်တင်)တို့၏သမီး၊ (ဦးဟုတ်စိန်)၏ဇနီး၊ ဦးလွင်လွင်ဦး-ဒေါ်အေးအေးနိုင်၊ ဦးတင်စိန်-ဒေါ်မိမိလတ်၊ (ဦးဝင်းနိုင်)-ဒေါ်မိမိလေး၊ (ဦးဝင်းဦး)-ဒေါ်သီတာလှိုင်၊ ဦးမင်းဦး-ဒေါ်လှိုင်လှိုင်ညွန့် (ကထိက၊ အဝေးသင်တက္ကသိုလ်၊ ရန်ကုန်)၊ ဦးဖုန်းမြင့်အောင်-ဒေါ်မိမိနိုင်၊ (ဦးနိုင်ဝင်းအောင်)-ဒေါ်မိမိခိုင်ထွေး၊ ဗိုလ်မှူးဝင်းမင်းဦး-ဒေါ်အေးမြတ်သန္တာစိုးတို့၏မိခင်၊ မြေး ၁၆ယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၂၀-၃-၂၀၁၇ရက် ညနေ ၃း၃၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ အနောက်ပိုင်းတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဆရာမ ဒေါ်အမာကြည်(ငြိမ်း) အသက်(၇၄)နှစ်

**အထက(၁)သင်္ဃန်းကျွန်း၊ အထက(၁)တောင်ဥက္ကလာပ**
**ကျောက်ပန်းတောင်းမြို့**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ပြည်သာယာ၊ စွန်းလွန်းဂူကျောင်းလမ်း၊ လမ်းသွယ်(၂)၊ အမှတ်(၁၈-ဘီ)နေ(ဦးချစ်မောင်-ဒေါ်မမလေး)တို့၏သမီး၊ ဒေါ်အမာစိန်၏ညီမ၊ ဒေါ်အမာရီ၊ ဒေါ်အမာနီ၊ ဒေါ်အမာစီ၊ ဒေါ်ခင်မာသီ၊ ဒေါက်တာမြတ်နုခိုင်၊ ဦးမြင့်ဇော်၊ ဦးတင့်ကျော်၊ဦးဝင်းစိုး၊ ဦးဝင်းဖြိုးတို့၏အစ်မ၊ တူ၊ တူမ ၂၁ယောက်တို့၏အဒေါ်သည် ၂၁ -၃-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၆း၁၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၃-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကျေးဇူးအထူးတင်လွှာ

မတ်လ ၁၅ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားခဲ့သော ဒေါ်တင်ဝင်း အသက်(၇၇)နှစ်၏ ဈာပနဖြစ်မြောက်ရေးအတွက် ရပ်နီးရပ်ဝေးမှ လာရောက်ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ဆွေမျိုး၊ ညီအစ်ကိုမောင်နှမ၊ မိတ်ဆွေသင်္ဂဟများအားလုံးအားလည်းကောင်း၊ ကုက္ကိုင်းရေကူးကန်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြသော ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးရသည့် မိတ်ဆွေအားလုံးအားလည်းကောင်း၊ သတင်းမေး၍ အားပေးကူညီခဲ့ကြသော မိတ်ဆွေ ညီအစ်ကိုမောင်နှမအားလုံးအားလည်းကောင်း၊ ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနတွင်ကူညီဆောင်ရွက်ခဲ့ကြသော တာဝန်ရှိပုဂ္ဂိုလ်များနှင့် မိတ်ဆွေများ အားလုံးအားလည်းကောင်း ကျန်ရစ်သူမိသားစုမှ လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူ ခင်ပွန်းနှင့် သားသမီး မြေးများ**

**အနိစ္စ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ကြီးထွန်းလင်းတင့်(ငြိမ်း)

**ကြည်း-၁၈၈၉၅၊ D.S.A (26) Intake**
**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သပြေညိုလမ်း၊ အမှတ် ၁၅၊ အခန်း(B)နေ ဗိုလ်မှူးစိုးတင့်(ငြိမ်း)-ဒေါ်ခင်ပွင့်ဦးတို့၏သား၊ ဦးသန်းညွန့်အောင်-(ဒေါ်ခင်သန်းနွယ်)တို့၏ သားသမက်၊ ဗိုလ်မှူးချုပ်မင်းသိမ်းတင့်-ဒေါ်သင့်သင့်ကြီး၊ ဒေါ်ဝင့်မာတင့်တို့၏ ညီ/မောင်၊ ဒေါ်စောမြတ်သင်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ထက်မာန်အောင်၊ မဇွန်ဇာဇူးဇင်တို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၁၇-၃-၂၀၁၇ရက် (သောကြာနေ့) ည ၁၀ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

**အ-ထ-က(၁) ဒဂုံ၊ တန်းခွဲ (D)မှ**
**ငယ်သူငယ်ချင်းများ**

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၂၃ ရက် သတင်းစာတွင် ပါရှိမည်**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၂၃ ရက် သတင်းစာတွင် ဖော်ပြပါရှိပါမည်။ (မြန်မာ့အလင်း)

**ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ တတိယနေ့ ဆက်လက်ကျင်းပ**

စာ-၄

**ဗိုလ်တထောင်မြို့နယ်၌ ကုမ္ပဏီရုံးခန်းရှိ အမျိုးသားတစ်ဦးကို အမည်မသိ အမျိုးသားနှစ်ဦးက ခြိမ်းခြောက်ထိုးနှက်ကာ ရွှေနှင့် ပစ္စည်းများ လုယူထွက်ပြေးမှု ဖြစ်ပွား**

စာ-၇



# ဇလုံတောင်တော်ဘုရား၌ ဘုရားဖူးများ ယခင်နှစ်ကထက် စည်ကား

**သတင်းနှင့် ဓာတ်ပုံ -ကျော်စွာ (ဗန်းမောက်)**

**စစ်ကိုင်း မတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်ရှိ ဇလုံတောင်တော်ဘုရား၌ ယခုရက်များအတွင်း ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။

ဇလုံတောင်တော်ဘုရားသည် ဗန်းမောက်မြို့၏ အနောက်မြောက်ဘက် ၁၄ မိုင်ခြောက်ဖာလုံခန့်အကွာ၌ တည်ရှိသည်။ ဇလုံတောင်တော်သည် ဇီဝမျိုးစုံမျိုးကွဲများ စုံလင်စွာ တည်ရှိရာနေရာဖြစ်ပြီး အလွန်ထူထပ်သည့် သစ်တောကြီးအလယ်၊ တောတောင်သဘာဝ အလှအပများကြား၌ တည်ရှိနေသောကြောင့် ဘုရားဖူးလာရောက်သော ပြည်သူများအနေဖြင့်

*စာမျက်နှာ ၅ ကော်လံ ၅* ❁



မြန်မာနှင့် အင်ဒိုနီးရှားအသင်း ယှဉ်ပြိုင်နေစဉ်

# မြန်မာအသင်း အင်ဒိုနီးရှားကို အနိုင်ရ

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ- MFF**

အာရှဖလားခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် အင်ဒိုနီးရှားအသင်းနှင့် ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံရှိ ပန်ကန်ဆာရီကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်း၏ ၂၀၁၇ ခုနှစ်အတွက် ပထမဆုံးနိုင်ငံတကာ ခြေစမ်းပွဲမှာ အနိုင်ရလဒ်ဖြင့် စတင်နိုင်ခဲ့သည်။ ဝါရင့်ကစားသမားများကို ပြန်လည်ရွေးချယ်ထားပြီး လူငယ်ကစားသမားများနှင့် ပေါင်းစပ်ထားသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစွမ်းပိုင်းတိုးတက်မှုရှိလာခဲ့ပြီး အဝေးကွင်းအနိုင်ရခဲ့ခြင်းဖြစ်သည်။ လူငယ်ကစားသမားများဖြင့် ဖွဲ့စည်းထားသည့် အင်ဒိုနီးရှားအသင်းသည် မြန်မာအသင်းကို ပွဲချိန်ပြည့် ယှဉ်ပြိုင်ကစားနိုင်ခြင်းမရှိခဲ့ပေ။

မြန်မာအသင်းသည် ၄-၄-၂ ကစားကွက်ဖြင့် ပွဲထွက်လာပြီး ဝါရင့်ကစားသမားများဖြစ်သည့် သီဟစည်သူ၊ ရန်အောင်ကျော်၊ ဖြိုးကိုကိုသိန်း၊ ဝင်းမင်းထွန်း၊ ကျော်ကိုကို၊ ဒေးဗစ်ဒန်း၊ သိန်းသန်းဝင်းတို့ကို ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် အောင်သူ၊ မောင်မောင်လွင်၊ ရန်နိုင်ဦး၊ မျိုးကိုထွန်းတို့ဖြင့် တွဲဖက်အသုံးပြုခဲ့သည့် ပွဲအစတွင် မြန်မာအသင်းကစားကွက် တည်မရဖြစ်နေပြီး အင်ဒိုနီးရှားအသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ အင်ဒိုနီးရှားအသင်းသည် ၎င်းတို့အားသာသည့် တောင်ပံနှစ်ဖက်ကို

*စာမျက်နှာ ၅ ကော်လံ ၅* ❒



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ

မြန်မာ့အလင်း
ဗုဒ္ဓဟူး၊ မတ် ၂၂၊ ၂၀၁၇

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရသစ်၏ သက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ တစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း ပြောင်းလဲခြင်းအရှေ့ဆီသို့ ဦးတည်လျှောက်လှမ်းနေသည့်
## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

■ နန္ဒာဝင်း(သတင်းစဉ်)



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး

ကချင်ပြည်နယ် ဆော့လော်မြို့နယ် လန်ဆယ်ဒေသ လာချင်ကျေးရွာအုပ်စုနှင့် လကင်ကျေးရွာအုပ်စုရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိလာစဉ်

"ကျွန်တော့်သားလေး ဆေးစွဲနေတာ တစ်နှစ်လောက်ရှိပါပြီ။ ဆေးဖြတ်ချင်လို့ ဘယ်လိုလုပ်ရမလဲ"

"----------- မြို့နယ်မှာတော့ ဆယ်နှစ်အရွယ် မိန်းကလေးတစ်ဦးကို ညှဉ်းပန်းနှိပ်စက်နေပါတယ်"

"----------- ရွာမှာ ရေရှားပါးမှု ပြဿနာ တွေ့နေရလို့ ဘယ်လိုကူညီပေးနိုင်ပါမလဲ"

စသော ပြည်သူတို့၏ အကူအညီတောင်းခံမှုများက ဖုန်းနံပါတ် ၀၆၇ - ၄၀၄၆၆၆၊ ၀၆၇ - ၄၀၄၇၇၇၊ ၀၆၇ - ၄၀၄၂၂၂၊ ၀၆၇ - ၄၀၄၉၉၉ Hot Line သို့ ဆက်သွယ်လာခြင်းများဖြစ်သည်။

ထို Hot Line သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားခြင်းဖြစ်ပြီး အဆိုပါဆက်သွယ်လာမှုများကို သက်ဆိုင်ရာနေရာများသို့ ညွှန်းပို့ဆောင်ရွက်ကာ လိုအပ်သော လူမှုရေးဝန်ဆောင်မှုနှင့် ဘေးအန္တရာယ် တုံ့ပြန်ရေးလုပ်ငန်းများကို ထိရောက်စွာ ကူညီပံ့ပိုးပေးလျက်ရှိသည်။

### တိုက်ရိုက်ကြားသိ

ပြည်သူများ၏ လိုအပ်ချက် ပြဿနာကို ပိုမိုသိရှိ ဖော်ထုတ်နိုင်ရန်၊ ဘေးအန္တရာယ်ဖြစ်ပွားမှု သတင်းများကို လျင်လျင်မြန်မြန်ရရှိစေရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ပြည်သူ့အသံကို တိုက်ရိုက်ကြားသိနိုင်ရန် ၂၄ နာရီ သတင်းရယူပြီး ထိရောက်စွာ ကူညီပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ထားခြင်းဖြစ်သည်။

ထို့ပြင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ မူဝါဒ၊ ဥပဒေများ ရေးဆွဲရန်နှင့် စီမံချက်များ၊ ရေတိုရေရှည်စီမံကိန်းများ ရေးဆွဲရန် အထောက်အထားအခြေပြု သုတေသနရလဒ်များ ရရှိနိုင်ရန် သုတေသန စင်တာကိုလည်း ဖွင့်လှစ်ခဲ့သည်။

### သတင်းအချက်အလက်မျှဝေ

လူကုန်ကူးခံရသူများအတွက် သတင်းအချက်အလက်မျှဝေရေးစင်တာ (Information Center for Trafficked Victims) ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းဝင်းအတွင်း ဖွင့်လှစ်ထားရှိပြီး လူကုန်ကူးခံရသူများ၏ ပြန်လည်ထူထောင်ရေး ကိစ္စများအတွက် လိုအပ်သည့် သတင်းအချက်အလက် အကူအညီများပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

ဝန်ကြီးဌာန၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ပြည်သူများ ပွင့်လင်းမြင်သာစွာ သိရှိနိုင်စေရန် Newsletter (သတင်းလွှာ) ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာမှစတင်၍ လစဉ် ထုတ်ဝေနိုင်ခဲ့သည်။

### ဖြည့်ဆည်း

သဘာဝဘေးအန္တရာယ် ဖြစ်ပွားပါကလည်း ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘေးဖြစ်ရာ ဒေသများသို့ ချက်ချင်း သွားရောက်၍ ထောက်ပံ့ခြင်း၊ နှစ်သိမ့်ခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ သဘာဝဘေး အန္တရာယ်နှင့် လက်နက်ကိုင်ပဋိပက္ခဘေးတို့ကို ခံစားခဲ့ရသည့် ပြည်သူများထံ သွားရောက် တွေ့ဆုံရာတွင်လည်း ပြည်သူများ၏ လိုအပ်ချက်များကို အလျင်အမြန် ဖြည့်ဆည်းပေးခြင်း၊ ပြည်သူ့ဆန္ဒကို နားထောင်ခြင်း၊ အခြားဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။



ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဝန်ထမ်းများကို အခါအားလျော်စွာ တွေ့ဆုံ၍ ဝန်ထမ်းများ၏ အမြင်များဖော်ထုတ်စေရုံ သာမက ထမ်းဆောင်ရမည့်တာဝန်၊ လိုက်နာရမည့် စည်းကမ်း၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လမ်းညွှန်မှာကြားပြီး နိုင်ငံတော်က ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ရှင်းလင်းအသိပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် အများကြည်ညိုလေးစားသော ပုဂ္ဂိုလ်များကို ဖိတ်ခေါ်၍ အဂတိလိုက်စားမှု ကင်းရှင်းရေးနှင့် ပြည်သူ့အကျိုးပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး ဟောပြောပွဲများ ပြုလုပ်ပေးကာ ဝန်ထမ်းများ၏ ခံယူချက်များကို ပြောင်းလဲအောင် ကြိုးပမ်းခဲ့သည်။ အလားတူ အုပ်ချုပ်ရေး မဏ္ဍိုင်ဖြစ်သည့် အစိုးရဝန်ကြီးဌာနများ၊ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့်လည်း ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နေသကဲ့သို့ ဝန်ကြီးဌာန၏ လုပ်ငန်းများကို အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အင်အားကိုရယူ၍ ပူးပေါင်းဆောင်ရွက်မှုများလည်း တိုးမြှင့်ခဲ့သည်။

### နီးကပ်စွာ

ပြည်ထောင်စု ဝန်ကြီးအပါအဝင် ဌာနဆိုင်ရာအကြီးအကဲများသည် ပြည်သူလူထုထံ သတင်းအချက်အလက် အမှန်များ ဖြန့်ဝေပေးနိုင်ရန် မီဒီယာများ၏ တိုက်ရိုက် ဆက်သွယ်မေးမြန်းမှုများကို ပြန်လည်ဖြေကြားခြင်းဖြင့် သတင်းရယူခွင့်ပြုထားရုံသာမက ပြည်တွင်း၊ ပြည်ပမီဒီယာများကို နီးကပ်စွာ ဆက်ဆံပြီး လွတ်လပ်ပွင့်လင်းစွာ သတင်းရယူခွင့်များ ပြုခဲ့သည်။

လူမှုရေးပဋိပက္ခနှင့် လက်နက်ကိုင်ပဋိပက္ခတို့ကြောင့် ယာယီစောင့်ရှောက်ရေးစခန်းများတွင် ခိုလှုံနေရသည့် အလုပ်လုပ်ကိုင်နိုင်သော အမျိုးသား၊ အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်းပညာများ ကျွမ်းကျင်တတ်မြောက်ရန် သင်ကြားပေးလျက်ရှိရာ ကချင်ပြည်နယ်တွင် စက်ချုပ်သင်တန်း၊ ကားမောင်းသင်တန်း၊ ပယင်းလက်မှုလုပ်ငန်း သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိသည်။ ထို့ပြင် စခန်းများအတွင်း အိမ်ဆိုင်များ ဖွင့်လှစ်နိုင်ရန် ပံ့ပိုးပေးခြင်းနှင့် တစ်နိုင်မွေးမြူရေးလုပ်ငန်းများကို လည်း ဆောင်ရွက်ပေးလျက်ရှိသည်။

စခန်းအတွင်းရှိ ကျောင်းနေအရွယ်ကလေးများ ပညာသင်ကြားနိုင်ရေးအတွက် ပံ့ပိုးဖြည့်ဆည်းပေးခြင်း၊ ကလေးပျော်နေရာများ ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်ပေးခြင်းအပြင် ယာယီစောင့်ရှောက်ရေး စခန်းများတွင် ငြိမ်းချမ်းရေးရလိုမှု၊ ငြိမ်းချမ်းခြင်း၏အကျိုးကို မျှော်ကိုးလျက် ငြိမ်းချမ်းရေးစကားများ ပြောဆိုကြရေးကိုလည်း တိုက်တွန်းဆွေးနွေးလျက်ရှိသည်။

တိုင်းပြည်အတွက် အကျိုးပြုလူငယ်ထုတစ်ရပ် ပေါ်ပေါက်လာရန် လူငယ်များကို ဒေသအလိုက်၊ ကဏ္ဍအလိုက် စနစ်တကျ စုစည်း၍ လူငယ်များကိုယ်တိုင် ပါဝင်ရေးဆွဲမည့် လူငယ်မူဝါဒ ထွက်ရှိရေးကို စနစ်တကျ စီမံဆောင်ရွက်ခဲ့သည်။ ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ လူငယ်ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ **လူငယ်များနှင့် ငြိမ်းချမ်းရေးအမြင် ဆွေးနွေးပွဲ**ကို ပြီးခဲ့သည့် ဇန်နဝါရီလ ၁ ရက်နေ့တွင် ကျင်းပနိုင်ခဲ့သည်။

မသန်စွမ်းသူများ၏ အခွင့်အရေးများကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးမည့် မသန်စွမ်းသူများ၏ အခွင့်အရေး နည်းဥပဒေကို ရေးဆွဲခဲ့သည်။ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ပြဋ္ဌာန်းနိုင်ခဲ့၍ အဆိုပါ ဥပဒေအရ အသက် ၉၀ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများကို လူမှုရေးပင်စင်အဖြစ် တစ်လလျှင် ငွေတစ်သောင်းနှုန်းကို လစဉ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နိုင်ငံတော်အစိုးရ ရန်ပုံငွေဖြင့် ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ကလေးသူငယ်များ၏ အခွင့်အရေးများ အပြည့်အဝရရှိရေး ဆောင်ရွက်ရန်နှင့် သက်ငယ်မုဒိမ်းမှုများ ပိုမိုထိရောက်စွာ အပြစ် ပေးနိုင်ရေးအတွက် ကလေးသူငယ်ဥပဒေ ၁၉၉၃ ကို ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအဖြစ် လူမှုဝန်ထမ်းဦးစီးဌာနက အသစ်ရေးဆွဲခဲ့သည်။

ထို့ပြင် အမျိုးသမီးများ၏ အခွင့်အရေး အပြည့်အဝရရှိနိုင်ရန် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ပြီးဥပဒေ၊ နည်းဥပဒေများကို ပြည်သူများ ရှင်းရှင်းလင်းလင်း သိရှိလိုက်နာဆောင်ရွက်နိုင်ရန်အသိ ပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။**အချပ်ပို (ခ) သို့**

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲ ပြုလုပ်စဉ်

**သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါကလည်း ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘေးဖြစ်ရာဒေသများသို့ ချက်ချင်းသွားရောက်၍ ထောက်ပံ့ခြင်း၊ နှစ်သိမ့်ခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ သဘာဝဘေးအန္တရာယ်နှင့် လက်နက်ကိုင်ပဋိပက္ခဘေးတို့ကို ခံစားခဲ့ရသည့် ပြည်သူများထံ သွားရောက်တွေ့ဆုံရာတွင်လည်း ပြည်သူများ၏ လိုအပ်ချက်များကို အလျင်အမြန် ဖြည့်ဆည်းပေးခြင်း၊ ပြည်သူ့ဆန္ဒကို နားထောင်ခြင်း၊ အခြားဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့**

အချပ်ပို(က)မှ

### ၂ နှစ်ပြည့်အထိ

ပြည်သူလူထု၏ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းအစီအစဉ်အဖြစ် ၂၀၁၇ -၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးဖွားလာမည့် ကလေးအသက် (၂) နှစ်ပြည့်သည်အထိ လစဉ်ငွေကျပ် တစ်သောင်းခွဲ ထောက်ပံ့နိုင်ရေး ကနဦးအစီအစဉ်ကို ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် စီစဉ်လျက်ရှိသည်။

အခြားသော ဒေသများတွင်လည်း ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်(၂)နှစ်အောက် ကလေးငယ်များ (လူသားဘဝအစ ရက် ၁၀၀၀ အတွင်း) အာဟာရပြည့်ဝစွာ စားသုံးမှု၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် သားဆက်ခြား အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်သူအားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ကျင်းပသည့် မြန်မာနိုင်ငံ၏ အမျိုးသမီးများ လှုပ်ရှားမှု ရက်သတ္တပတ်အစီအစဉ်များကို ပြီးခဲ့သည့် မတ်လ ၆ ရက်နေ့မှ စတင်၍ ဆောင်ရွက်ခဲ့သည်။ ထို့ပြင် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အိမ်တွင်းအကြမ်းဖက်မှုအပါအဝင် အကြမ်းဖက်မှု မျိုးစုံခံစားနေရသော အမျိုးသမီးများအတွက် ပြဿနာများကို တစ်နေရာတည်းတွင် ကူညီဖြေရှင်းပေးသည့် စင်တာ (One Stop Women Support Center-OSWSC) ကို ထူထောင်ပေးနိုင်ခဲ့သည်။

### အင်တိုက်အားတိုက်

လူမှုဝန်ထမ်း နည်းစနစ်နှင့် အတတ်ပညာများကို ဒေသတွင်းနှင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ၌ လိုအပ်လျက်ရှိသည့် Social Work Institute တစ်ခု ပေါ်ပေါက်လာရေးကို ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံသူ၊ နိုင်ငံသားများအတွက် အခြေခံလူ့အခွင့်အရေး၊ ဒီမိုကရေစီ စံနှုန်းများနှင့် ညီညွတ်သော လူ့ဂုဏ်သိက္ခာ အပြည့်အဝရရှိနိုင်မည့် လူမှုအသိုက်အဝန်းတစ်ရပ် ပေါ်ပေါက်လာစေရန်လည်း အင်တိုက်အားတိုက် ဆက်လက်ကြိုးပမ်း ဖော်ဆောင်လျက်ရှိသည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်များကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ဆုံးရှုံးမှုများမှ လျော့နည်းသက်သာစေရေးအတွက် သဘာဝဘေးကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများ၊ အရေးပေါ် ထောက်ပံ့ရေးလုပ်ငန်းများ၊ ပြန်လည်

အချပ်ပို(ဂ) သို့



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဆေးရုံတက်ရောက်ကုသမှုခံယူနေသူ မိခင်တစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ



အချပ်ပို(ခ)မှ
ထုထောင်ရေးလုပ်ငန်းများတွင် အဓိကတာဝန်ယူဆောင်ရွက်နေသည့် ဦးစီးဌာနတစ်ခုဖြစ်သည်။

သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက အရေးပေါ် ကူညီကယ်ဆယ်မှုပေးနိုင်ရန် ဒုတိယသမ္မတ ဦးဆောင်သော အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သော လုပ်ငန်းကော်မတီ ၁၂ ခု ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက် ထိရောက်စွာ စီမံခန့်ခွဲမှုများ ဆောင်ရွက်နိုင်ခဲ့သည်။

သဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းများ ပိုမိုထိရောက်စေရန်နှင့် ဘေးဒဏ်ခံစားရသည့် ပြည်သူများအတွက် အရေးပေါ် ထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရန် ပိုမိုထိရောက်သည့် စီမံခန့်ခွဲမှုပုံစံသစ်ချမှတ်နိုင်ခဲ့ပြီး ဘေးသင့်ပြည်သူများ လတ်တလော စားဝတ်နေရေး ပြေလည်စေရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ရန်ပုံငွေမှ ငွေကျပ် ၇၄၀၅ ဒသမ ၂၄၆ သန်းနှင့် ဝန်ကြီးဌာန၏ ဘတ်ဂျက်ရန်ပုံငွေမှ ငွေကျပ် ၂၅၃၈ ဒသမ ၇၈၇ သန်း၊ စုစုပေါင်း ငွေကျပ် ၉၉၄၄ ဒသမ ၀၃၃ သန်းကို ထောက်ပံ့နိုင်ခဲ့သဖြင့် ပြည်သူလူထု တိုက်ရိုက်အကျိုးရှိစေခဲ့သည်။

### အပြည့်အဝ

တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးမှူးရုံးများရှိ သိုလှောင်ရုံများတွင် ကယ်ဆယ်ရေးပစ္စည်းများ အမြဲအဆင်သင့် ဖြစ်နေစေရေး ဆောင် ရွက်ထားပြီး အလျင်အမြန် ထောက်ပံ့ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထောက်ပံ့မှုနှုန်းထားများကိုလည်း မူလထောက်ပံ့သည့် နှုန်းထက် နှစ်ဆမှ သုံးဆအထိ တိုးမြှင့်ထောက်ပံ့ရေးနှင့် ပြည်သူလူထုထံသို့ အမြန်ဆုံးနှင့် အပြည့်အဝ တိုက်ရိုက်ရောက်ရှိစေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြီးခဲ့သည့်နှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အယ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် နိုင်ငံတစ်ဝန်းတွင် သောက်သုံးရေရှားပါး ပြတ်လပ်မှုဒဏ် ခံစားခဲ့ရသည်။ ထို့ကြောင့် ပြည်သူများအတွက် သောက်သုံးရေ ဖြန့်ဝေခြင်း၊ အဝီစိတွင်းများ၊ စက်ရေတွင်းများ တူးဖော်ပေးခြင်း၊ ရေတွင်းရေကန်များ ပြုပြင်ပေးခြင်း၊ တူးဖော်ပေးခြင်း၊ ယာယီရေသိုလှောင်ကန်များ ပြုလုပ်ပေးခြင်း၊ ရေသန့်စက်များ ထောက်ပံ့ပေးခဲ့ခြင်းတို့ကို ဝန်ကြီးဌာနက ပထမအကြိမ် ဆောင်ရွက် နိုင်ခဲ့သည်။ အောင်မြင်မှုများရရှိခဲ့ပြီး ပြည်သူတို့၏ ယုံကြည်ကိုးစားမှုကို ရယူနိုင်ခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့ မောင်တောဒေသရှိ ဒေသခံပြည်သူများအား တွေ့ဆုံစဉ်

မိုဘိုင်းဖုန်းမှတစ်ဆင့် သဘာဝဘေးဆိုင်ရာ ကြိုတင်သတိပေးချက်နှင့် ဘေးဖြစ်ပွားမှု သတင်းအချက်အလက်များ ဖြန့်ဝေပေးနိုင်ရန် သဘာဝဘေးနှင့် သက်ဆိုင်သော အသိပညာဗဟုသုတ ဖြစ်စေသည့် စာအုပ်စာတမ်းများကို လေ့လာနိုင်သည့် DAN Mobile Application နှင့် ဘေးဖြစ်ပွားမှု အခြေအနေ သတင်းအချက်အလက်များ ပေးပို့နိုင်သည့် KOBO Mobile Application တို့ကို ရေးဆွဲဆောင်ရွက်ခဲ့ပြီး ပြည်သူလူထု အတွင်း ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိသုံးစွဲနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

သဘာဝဘေးဆိုင်ရာ ကြိုတင်သတိပေးချက်များ ကျယ်ပြန့်စွာ အသိပေးနိုင်ရန်နှင့် အရေးပေါ် အခြေအနေများတွင် ဗဟိုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ ဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် ရေဒီယိုလှိုင်းသုံး Single Side Band များကို ဘေးဖြစ်ပွားမှု အခြေအနေများနှင့် ဆက်သွယ်မှု အခက်အခဲရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် နေရာအလိုက် ဦးစားပေးအဆင့်အလိုက် တပ်ဆင်ခဲ့ရာ စုစုပေါင်းစက် ၄၅ လုံးကို တပ်ဆင်ထားပြီး ဖြစ်သည်။

### ငလျင်ဖိုရမ်

ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးစွမ်းရည်များ အားကောင်းလာစေရန် ငလျင်ဖိုရမ်များကို ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၈ ရက် နှင့် ၂၂ ရက်များ၌ လည်းကောင်း မြေငလျင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်တွင် ယခုနှစ် ဇန်နဝါရီ ၂၄ ရက်နေ့ကလည်းကောင်း ကျင်းပခဲ့သည်။

သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများနှင့် ထိထိရောက်ရောက်ပူးပေါင်းဆောင်ရွက်ပြီး နည်းလမ်းများရှာဖွေနိုင်ရန် ညှိနှိုင်းဆွေးနွေးပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျင်းပ၍ လက်တွေ့ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စတင်ဆောင်ရွက်မည့် လေပြင်းဘေးကြိုတင်ပြင်ဆင်ရေး အစီအစဉ်များတွင် ပထမဆုံး ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အချပ်ပို(ဃ)သို့



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့ မောင်တောဒေသရှိ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်

**အချပ်ပို(ဂ)မှ**

အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း သဘာဝဘေး ပြန်လည်ထူထောင်ရေးအတွက် ကြိုတင်ပြင်ဆင်နိုင်စေရန်နှင့် ထိရောက်အကျိုးရှိသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးနိုင်စေရန် ရည်ရွယ်၍ သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးဆိုင်ရာ အာဆီယံကိုးကားချက်လမ်းညွှန် (ASEAN Disaster Recovery Reference Guide) ကို အင်ဒိုနီးရှားနိုင်ငံနှင့်အတူ ဦးဆောင်ဦးရွက်ပြု၍ ရေးဆွဲနိုင်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများထံ ဖြန့်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**တုံ့ပြန်နိုင်စွမ်း**

ဘေးဒဏ်ရင်ဆိုင် တုံ့ပြန်နိုင်စွမ်း မြင့်မားသောလူ့အဖွဲ့အစည်းပေါ်ပေါက်လာစေရေးအတွက် နယ်ပယ်ကဏ္ဍစုံမှ ပေါင်းစပ်ဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများကို သတ်မှတ်ဖော်ထုတ်နိုင်စေရန်ရည်ရွယ်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသည် “မြန်မာနိုင်ငံ ပြည်သူလူထု သဘာဝဘေးရင်ဆိုင် တုံ့ပြန်နိုင်စွမ်းမြင့်မားစေရေး အမျိုးသားအဆင့် မူဘောင် National Framework for Community Disaster Resilience ” ကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ မြန်မာနိုင်ငံ သဘာဝဘေးလျော့ပါးရေးလုပ်ငန်းအဖွဲ့တို့၏နည်းပညာပံ့ပိုးမှုကိုရယူ၍ ရေးဆွဲဆောင်ရွက်ခဲ့ရာ မူကြမ်းထွက်ရှိပြီး ဖြစ်သည်။



ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်

မိုးလေဝသအခြေအနေ၊ သဘာဝဘေးဖြစ်ပွားမှုအခြေအနေတို့ကို ပြည်သူလူထုက အချိန်နှင့်တစ်ပြေးညီ သိရှိ၍ လိုအပ်သည့် ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန်၊ သဘာဝဘေး အန္တရာယ်ဆိုင်ရာ အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက ထိုအခြေအနေနှင့် သက်ဆိုင်သောသတင်းအချက်အလက်များ လျင်မြန်စွာစုဆောင်း၍ ခွဲခြမ်းစိတ်ဖြာသုံးသပ်ပြီး ဘေးဖြစ်နိုင်ခြေရှိသောသတင်းအချက်အလက်များကို ဆုံးဖြတ်ချက်ချမှတ်သူများထံ တင်ပြနိုင်ရန်၊ မြန်မာနိုင်ငံတွင် နည်းပညာအသုံးပြုသဘာဝဘေးအန္တရာယ်ဆိုင်ရာ သုတေသနလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန(Emergency Operation Centre - EOC) ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု သင်တန်းကျောင်းကို ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၄ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ သဘာဝဘေး အန္တရာယ်ဆိုင်ရာ နည်းပညာသင်တန်းများ၊ အခြေခံသင်တန်းများနှင့် နည်းပြသင်တန်းများကို ဖွင့်လှစ်ခဲ့ရာ ၂၀၁၆ - ၂၀၁၇ ခုနှစ်အတွင်း စုစုပေါင်းသင်တန်း အကြိမ် ၂၀ ဖွင့်လှစ်နိုင်ခဲ့ပြီး နိုင်ငံတကာသင်တန်းများနှင့်ချိတ်ဆက်၍ ပူးပေါင်းဖွင့်လှစ်သင်ကြားပေးနိုင်ရေး စီစဉ်လျက်ရှိသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် လူသားအားလုံးအကျုံးဝင်သော သာတူညီမျှမှုရှိပြီး ရေရှည်တည်တံ့မှုရှိသည့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်ဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးဆောင်ရွက်ရန်နှင့် ပိုမိုဘေးကင်းလုံခြုံ၍ သဘာဝဘေးအန္တရာယ်များမှ ခံနိုင်ရည်ရှိသည့် မြန်မာနိုင်ငံဖြစ်လာစေရန်ဟူသည့် မျှော်မှန်းချက်များဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ပြည်သူဗဟိုပြု စွမ်းဆောင်ကြိုးပမ်းမှုများက ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုများကို ပိုမိုရရှိခဲ့သည်။ ပြည်သူများကလည်း ပိုမိုပူးပေါင်းပါဝင်ပါက ပြောင်းလဲခြင်းအရွေ့သည် ပိုမိုလျင်မြန် ခရီးရောက်အောင်မြင်မည်သာ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည် . . . . . . .။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး လေဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီနေစဉ်




ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း အမျိုးသားအဆင့် ဆွေးနွေးပွဲကျင်းပ

**မိုးလေဝသအခြေအနေ၊ သဘာဝဘေးဖြစ်ပွားမှုအခြေအနေတို့ကို ပြည်သူလူထုက အချိန်နှင့်တစ်ပြေးညီသိရှိ၍ လိုအပ်သည့် ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက ဘေးဖြစ်နိုင်ခြေရှိသော သတင်းအချက်အလက်များကို ဆုံးဖြတ်ချက်ချမှတ်သူများထံ တင်ပြနိုင်ရန်၊ မြန်မာနိုင်ငံတွင် နည်းပညာအသုံးပြု သဘာဝဘေးအန္တရာယ်ဆိုင်ရာ သုတေသနလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန (Emergency Operation Centre - EOC) ကို ဖွဲ့စည်းတည်ထောင်ခဲ့**





နေပြည်တော်ကောင်စီဥက္ကဋ္ဌ
ဒေါက်တာ မျိုးအောင်

# နေပြည်တော်ကောင်စီ၏

## တစ်နှစ်တာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများ

■ တွေ့ဆုံမေးမြန်း - ဇူလိုင်မိုး(မြန်မာ့အလင်း)

နေပြည်တော်ကောင်စီက အစိုးရသစ်တစ်နှစ်တာကာလအတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သိရှိနိုင်ရန် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်အား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး ။ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ခရိုင်၊ မြို့နယ် အခြေအနေနဲ့ လူဦးရေ ဘယ်လောက်ရှိတယ်ဆိုတာ သိလိုပါတယ်ရှင့်။**

ဖြေ ။ နေပြည်တော်က ခရိုင်နှစ်ခရိုင်၊ မြို့နယ်ရှစ်မြို့နယ်နဲ့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ ဒက္ခိဏခရိုင်နဲ့ ဥတ္တရခရိုင်တို့ဖြစ်ပြီး ဒက္ခိဏခရိုင်ရဲ့အောက်မှာ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်တို့ရှိပါတယ်။ ဥတ္တရခရိုင်မှာ တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နဲ့ ဥတ္တရသီရိမြို့နယ်ဆိုပြီး ရှိပါတယ်။ ခရိုင်နှစ်ခရိုင်အတွင်း ရပ်ကွက် ၅၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၈၇ စု၊ ကျေးရွာပေါင်း ၇၉၅ ရွာရှိပါတယ်။ အိမ်ခြေအနေနဲ့ ၂၄၂၃၅၁ခု ၊ အိမ်ထောင်စု ၂၄၈၈၅၃ စုနဲ့ လူဦးရေက ၁၀၆၃၂၁၆ ဦး ရှိပါတယ်။

**မေး ။ နေပြည်တော်ကြီး သာယာလှပဖို့နဲ့ တိုးတက်ဖွံ့ဖြိုးမှုအတွက် တစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့တာတွေကို ပြောပြပေးပါရှင့်။**

ဖြေ။ ကျွန်တော်တို့ ပညာရေးကဏ္ဍနဲ့ပတ်သက်ပြီး ဆောင်ရွက်ခဲ့တာတွေကို ပထမဆုံး တင်ပြလိုပါတယ်။ ကျေးရွာတွေမှာ ပညာရေးကဏ္ဍအဆင့်မြှင့်တင်ဖို့ အများကြီးလိုနေပါသေးတယ်။ ဒါကြောင့် တစ်နှစ်တာကာလအတွင်းမှာ ကျေးရွာတွေကို အဓိကထားပြီး ကျေးရွာအခြေခံပညာအထက်တန်းကျောင်း (၇၃) ကျောင်းကို တစ်ဆင့်တိုးပြီး မြှင့်တင်နိုင်ခဲ့ပါတယ်။ ဥပမာအနေနဲ့ ပြောရရင် အထက်တန်းကျောင်း (ခွဲ) ကနေ အထက်တန်းကျောင်းအဖြစ် သုံးကျောင်း၊ မူလတန်းကျောင်းလေး တွေဆိုရင်လည်း မူလတန်းလွန်၊ မူလွန်ကနေ အလယ်တန်းကျောင်း (ခွဲ)စသည်ဖြင့် အဆင့်ဆင့်မြှင့်တင်ခဲ့တာ ကျောင်းပေါင်း (၇၃) ကျောင်းကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါတယ်။

တချို့ကျောင်းတွေမှာ ကျောင်းဆောင်သစ်တွေပါ တိုးချဲ့ဆောက်လုပ်နိုင်ခဲ့ပါတယ်။ တစ်နှစ်အတွင်း နေပြည်တော်ကောင်စီအနေနဲ့ ကျေးရွာတွေမှာ ဆရာ ဆရာမ ပေါင်း ၇၅၀ နီးပါးခန့်ထားနိုင်ခဲ့ပါတယ်။ ပြည်ထောင်စုနယ်မြေအတွင်းမှာ ကျောင်း အသစ်ပေါင်း (၃၆) ကျောင်းကို အာစီ (၂)ထပ်အပါအဝင် အုတ်ညှပ်တွေနဲ့ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းတွေကို တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ ဒီလို တည်ဆောက်တဲ့နေရာမှာ တကယ်လိုအပ်နေတဲ့နေရာတွေကို လွှတ်တော် ကိုယ်စားလှယ်တွေ၊ ကျောင်းသားမိဘတွေနဲ့ ပညာရေးဌာနက တာဝန်ရှိသူများနဲ့ တိုင်ပင်ဆွေးနွေးပြီး ဆောက်လုပ်နိုင်ခဲ့ပါတယ်။ နေပြည်တော်ကောင်စီမှ ခွင့်ပြုဘဏ္ဍာငွေကျပ်သန်းပေါင်း ၂၃၀၀အတွင်းက တိုးချဲ့ဆောက်လုပ်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ကျန်းမာရေးကဏ္ဍအနေနဲ့ ဆောင်ရွက်ခဲ့မှုတွေ ဆက်ပြောပြပေးပါရှင့်။**

ဖြေ။ နေပြည်တော်အတွင်းက ကျေးရွာတွေအရောက် ကျန်းမာရေး ဝန်ကြီးဌာနမှ အထူးကုဆရာဝန်ကြီးတွေလိုက်ပါပြီး ကျန်းမာရေးစောင့်ရှောက်မှု (၇) ကြိမ်အထိ ကွင်း ဆင်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အဓိက တပ်ကုန်းမြို့နယ် ရွှေမြို၊ အိုင့်ကျယ်၊ သပြေပင်၊ လယ်ဝေးမြို့နယ်မှာ စမတောင်၊ ပုဗ္ဗသီရိမြို့နယ်မှာ အေးမြင့်သာယာစသဖြင့် နေရာပေါင်း(၇) နေရာမှာ အထူးကု ဆရာဝန်ကြီးတွေလိုက်ပါပြီး ကုသပေးနိုင်ခဲ့ပါတယ်။

အထူးကုအဖွဲ့မှာ အထွေထွေအထူးကု၊ ကလေးအထူးကု၊ ငှက်ဖျားအထူးကု၊ အနာကြီးအထူးကု၊ ခွဲစိတ်အထူးကု၊ သွားရောဂါအထူးကုဆရာဝန်တွေပါ လိုက်ပါ ကုသပေးနိုင်ခဲ့ပါတယ်။ (၇) ကြိမ်ကုသတဲ့အထဲမှာ လူနာပေါင်း ၉၀၀ ကျော်ကို ကုသပေးနိုင်ခဲ့ပါတယ်။ ပုံမှန်နေပြည်တော်နယ်မြေအတွင်းမှာတော့ ကျေးလက်ကျန်းမာရေးဌာန (၂၈) ခုကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ပုံမှန်ဆေးခန်းဖွင့်ပြီး ကုသနေတာကတော့ (၁) နှစ်အတွင်း ကျေးလက်ကျန်းမာရေးဌာနတွေက လူနာပေါင်း ငါးသိန်းလောက် ကုသစောင့်ရှောက်ပေးနိုင်ခဲ့ပါတယ်။ ဒါက အထူးစီမံချက်တွေ မပါသေးပါဘူး။ အထူးစီမံချက်များအနေနဲ့ကတော့ သီးသန့်ကျေးလက်တွေကိုဆင်းပြီး ကုသပေးတာတွေရှိသလို မိသားစုကျန်းမာရေး စီမံချက်မှာဆိုရင်လည်း ကိုယ်ဝန်ဆောင်မိခင်တွေ စောင့်ရှောက်မှု နှစ်သောင်း နီးပါးနဲ့ ငါးနှစ်အောက်ကလေးပေါင်း ၆၄၀၀၀ ကျော်ကိုလည်း ကုသစောင့်ရှောက်ပေးနိုင်ခဲ့ပါတယ်။

ကျောင်းကျန်းမာရေးစီမံချက်အနေနဲ့ကတော့ နေပြည်တော်အတွင်းမှာ အအောင်မြင်ဆုံးကဏ္ဍလို့ ပြောချင်ပါတယ်။ မူလတန်းကျောင်းသား ၁၂၀၀၀၀ ကျော် ရာခိုင်နှုန်းအားဖြင့် ပြောရရင် ၉၉ ရာခိုင်နှုန်းအထိ စစ်ဆေးပြီး ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ခဲ့ပါတယ်။ ကျန်းမာရေး စောင့်ရှောက်မှုများ စတင်ဆောင်ရွက်စဉ်ကတည်းကပင် ကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းအနေနဲ့ တစ်နှစ်အောက် ကလေး သေဆုံးမှုဟာ ၄ ဒသမ ၉ ရာခိုင်နှုန်းပဲရှိပြီး မိခင်သေဆုံးမှုကတော့ ဝ ဒသမ၉ ရာခိုင်နှုန်း အထိလျော့ကျသွားတာကို တွေ့ရပါတယ်။

တိုးချဲ့ကာကွယ်ရေးစီမံချက်အနေနဲ့လည်း ကလေးပေါင်း ၁၇၀၀၀ ကျော်နဲ့ ကိုယ်ဝန်ဆောင် မိခင်ပေါင်း ၁၇၀၀၀ ကျော်ကို ကုသပေးနိုင်ခဲ့ပါတယ်။ ကုသရေးအနေနဲ့လည်း နေပြည်တော် နယ်မြေမှာ ခုတင် ၁၀၀၀ ဆေးရုံကြီးဟာ ပြည်ထောင်စု နယ်မြေ နေပြည်တော်တင်မကဘဲ ပတ်ဝန်းကျင်မှာရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များက ပြည်သူတွေပါ အားကိုးတကြီးလာရောက် ကုသနေတာကို တွေ့မြင်ရပါတယ်။ ဒါကြောင့် နေပြည်တော်ရဲ့ ကုသရေး စီမံချက်အနေနဲ့ အထူးကုဆေးရုံကြီးလေးရုံကို တစ်နှစ်တာအတွင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။

**အချပ်ပို (စ) သို့**

> **နေပြည်တော်ဒေသဟာ နယ်မြေအကျယ်အဝန်းအရ အခြားဒေသနဲ့မတူသလို ဆည်မြောင်း တာတမံတွေ အင်မတန်ပေါကြွယ်ဝတယ်လို့ လူသိများပါတယ်။ ဆည်မြောင်း တာတမံ ၃၂ ခုကို ဆည်မြောင်း ဦးစီးဌာနနဲ့ နေပြည်တော် စည်ပင်ဌာနအောက်မှာ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါတယ်။ ဒီနှစ်ထဲမှာ ဆည်ရေသောက်ကေပေါင်း ၇၀၀၀၀ ကျော်ရှိတဲ့အနက် မိုးစပါးကေ ၆၈၀၀၀ ကျော်နဲ့ နွေစပါးကေ ၁၅၀၀၀ လောက်စိုက်ပျိုးနိုင်ခဲ့ပါတယ်။**











နေပြည်တော်ရှိ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီးကို တွေ့ရစဉ်

**အချပ်ပို(င)မှ**

အဲ့ဒီအထူးကုဆေးရုံကြီးတွေကတော့ အရိုးအထူးကု ဆေးရုံကြီး၊ သားဖွားမီးယပ်နဲ့ ကလေးအထူးကုဆေးရုံကြီး၊ သွားနဲ့ခံတွင်း အထူးကုဆေးရုံကြီးနဲ့ မျက်စိ၊ နား၊ နှာခေါင်းဆေးရုံ ကြီးတို့ပဲဖြစ်ပါတယ်။ ဒီဆေးရုံ လေးရုံဟာ စတင်ကုသပေးနေပြီဖြစ်ပါတယ်။

**မေး ။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုနဲ့ပတ်သက်ပြီး သိချင်ပါတယ်ရှင့်။**

ဖြေ ။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ထဲမှာ ကျေးလက်တွေမှာရှိတဲ့ ကွန်ကရစ်လမ်း ၀ ဒသမ ၇၆ ဖာလုံ၊ ကျောက်ချောလမ်းအဖြစ် မြှင့်တင်နိုင်တာ ၁၆ မိုင်၊ ရိုစာလမ်း စတင်ခင်းတာ ၅ မိုင်နဲ့ မြေသားလမ်းပြုပြင်တာ ၁၄ မိုင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျေးလက်တွေက ဖွံ့ဖြိုးမှုနောက်ကျနေတဲ့အတွက် ကျေးလက်ဒေသတွေကိုပဲ အဓိကထားဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ တံတားလုပ်ငန်းမှာလည်း ပေ ၃၆၀ အထက် ကွန်ကရစ်တံတားရှစ်စင်း၊ သစ်သားတံတား ၂၁ စင်း၊ ပေ ၃၈၀ ကျော် ၄၀၀ နီးပါးရှိတဲ့ ရေကျော်လမ်းငါးစင်း၊ Box Culvert ၆၅ စင်းနဲ့ ရေပြွန်ငါးခုကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါတယ်။

**မေး ။ နေပြည်တော်ကောင်စီနယ်မြေအတွင်း သောက်သုံးရေရရှိရေးဆောင်ရွက်ပေးခဲ့တာနဲ့ ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ် ရှင့်။**

ဖြေ ။ နွေရာသီမှာ မကြာမကြာကြုံတွေ့နေရတာက သောက်သုံးရေပြတ်လပ်မှုပါ။ ဒီကိစ္စအတွက်ကလည်း ပေ ၄၀၀ အနက်ထက်ပိုတဲ့ တွင်းနက်တွေကို ရွာပေါင်း ၂၈ ရွာမှာ ၂၈ တွင်း၊ တွင်းတိမ်လို့ခေါ်တဲ့ ပေ ၂၀၀ ဝန်းကျင်တွင်းက ရွာခြောက်ရွာမှာ ခြောက်တွင်း၊ လက်တွင်းကတော့ နှစ်ရွာမှာ နှစ်တွင်းနဲ့ မြေသားကန်ကတော့ သုံးရွာမှာ သုံးကန်ဖြစ်ပါတယ်။ နေပြည်တော်နယ်မြေအတွင်းမှာ ရှမ်းရိုးမရဲ့အခြေနဲ့ဆက်နေတဲ့ တောင်ပေါ်ရွာတွေမှာတော့ စိမ့်စမ်းရေကို ပိုက်နဲ့သွယ်ပြီးတော့မှ ရေရရှိအောင် ရွာ ၁၀ ရွာမှာ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

နောက်ပြီး နေပြည်တော်ဒေသဟာ နယ်မြေ အကျယ်အဝန်းအရ အခြားဒေသနဲ့ မတူသလို ဆည်မြောင်းတာတမံတွေ အင်မတန်ပေါကြွယ်ဝတယ်လို့ လူသိများပါတယ်။ ဆည်မြောင်းတာတမံ ၃၂ ခုကို ဆည်မြောင်းဦးစီးဌာနနဲ့ နေပြည်တော်စည်ပင်ဌာနအောက်မှာ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါတယ်။ ဒီနှစ်ထဲမှာ ဆည်ရေသောက်ဧကပေါင်း ၇၀၀၀၀ ကျော်ရှိတဲ့အနက် မိုးစပါးဧက ၆၈၀၀၀ ကျော်နဲ့ နွေစပါးဧက ၁၅၀၀၀ လောက် စိုက်ပျိုးနိုင်ခဲ့ပါတယ်။

ဆည်မြောင်းတာတမံ ထိန်းသိမ်းခြင်းကို လုပ်ငန်းပေါင်း ၃၁၄ ခုနဲ့ ငွေကျပ်သန်းပေါင်း ၃၈၀၀ ကျော် ပြည်ထောင်စုဘဏ္ဍာငွေကနေ ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ငွေလုံးငွေရင်းနဲ့ ဆောင်ရွက်ခဲ့တဲ့ တည်ဆောက်ရေး-၅ က တည်ဆောက်ခဲ့တာတွေကို အကျဉ်းချုပ်တင်ပြလိုပါတယ်။ အဆင့်မြင့်လယ်ယာဖော်ထုတ်ဆောင်ရွက်ခြင်း၊ ဆည်မြောင်း၊ တူးမြောင်းတူးဖော်ခြင်းလုပ်ငန်းအသစ်ကို ၅၁ ဒသမ ၁၄ မိုင်၊ တူးမြောင်းအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းပေါင်း ၁၉၃ ခုကို ခွင့်ပြုငွေကျပ်သန်းပေါင်း၄၁၀၀ ကျော်နဲ့ ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာ လယ်ယာစိုက်ပျိုးရေးနဲ့ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့ရဲ့ချေးငွေနဲ့ ပျဉ်းမနားမြို့ ဇီးဖြူပင်ရွာရဲ့ အလယ်ပေါင်းလောင်းဆည်ရေသောက်ထဲမှာ ဧရိယာ ၅၄ ဧကကို အဆင့်မြင့်လယ်ယာအဖြစ် ဖော်ထုတ်နိုင်ခဲ့ပါတယ်။ ဒါကတော့ ဆက်လက်ဆောင်ရွက်ဆဲ အဆင့်မြင့်လယ်ယာကူးပြောင်းရေးလုပ်ငန်းမှာ ပြီးခဲ့တဲ့နှစ်ကာလအတွင်း ဆောင်ရွက်နိုင်ခဲ့တာပဲဖြစ်ပါတယ်။ အလားတူ သိမ်းဆည်းထားတဲ့ လယ်ယာမြေတွေကို တောင်သူတွေဆီ ပြန်လည်အပ်နှံမှုမှာလည်း တပ်ကုန်းမြို့နယ်က လယ်သမားပေါင်း ၈၇ ဦးကို ပုံစံ(၇)တွေ ထုတ်ပေးပြီး ဧက ၂၀၀ ကျော် ပြန်လည်အပ်နှံခဲ့ပါတယ်။

**မေး ။ ကျေးလက်ဒေသ မီးရရှိရေးဆောင်ရွက်ချက်ကို ပြောပြပေးပါဦးရှင့်။**

ဖြေ ။ ထရန်စဖော်မာ အဟောင်းတွေကို ကေဗွီ ၃၀၀ကျော် ထရန်စဖော်မာအသစ်တွေနဲ့ လဲလှယ်တပ်ဆင်ပေးခဲ့ပါတယ်။ လယ်ဝေးမြို့နယ် ကြောင်ရေရွာမှာဆိုရင် ထရန်စဖော်မာအသစ်ကို ငွေကျပ် ၁၁ သန်း အကုန်အကျခံလဲလှယ်ပေးခဲ့သလို လယ်ဝေးမြို့နယ် (၃)ရပ်ကွက်မှာလည်း ၃၁၅ ကေဗွီ ထရန်စဖော်မာအသစ်နဲ့ အောင်ဇေယျရပ်ကွက်မှာ ကေဗွီ ၂၀၀ ကျော် ထရန်စဖော်မာအသစ်ကို လဲလှယ်တပ်ဆင်ပေးခဲ့ပါတယ်။

၂၀၁၆-၂၀၁၇ဘတ်ဂျက်ထဲမှာ နေပြည်တော်ကောင်စီရဲ့ဘတ်ဂျက်ရန်ပုံငွေထဲကနေ ကေဗွီ ၃၁၅ ထရန်စဖော်မာတွေကို တိုးချဲ့တပ်ဆင်ပေးနိုင်ခဲ့တဲ့ ရပ်ကွက်တွေကတော့ ဇဗ္ဗူသီရိက အောင်ဇဗ္ဗူရပ်ကွက်၊ ပုဗ္ဗသီရိက ကျည်တောင်ကန်ရပ်ကွက်နဲ့ လယ်ဝေးမြို့က အေလာ၊ ကွမ်းခြံကုန်းကျေးရွာတွေမှာ အစိုးရသစ်တစ်နှစ်တာအတွင်း လျှပ်စစ်မီးရရှိရေးကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့တာဖြစ်ပါတယ်။

**မေး ။ အခုလို ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်တဲ့အခါ ကြုံတွေ့ရတဲ့ စိန်ခေါ်မှုလေးတွေက ဘာတွေ ရှိပါသလဲဆိုတာ သိချင်ပါတယ်။**

ဖြေ ။ မြို့သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်း၊ စိုပြေရေး လုပ်ငန်းများ ဆောင်ရွက်ရာမှာ စိန်ခေါ်မှုအနေနဲ့ ဘတ်ဂျက်လုံလောက်မှုမရှိခြင်းနဲ့ ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်မှု အားနည်းခြင်းတို့ပဲဖြစ်ပါတယ်။

**မေး ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကနေ ချစ်ကြည်ရေးအနေနဲ့ နေပြည်တော် သပြေကုန်းဈေးမှာ ပျံကျဈေးသည်တွေအတွက် အဆင့်မြင့်ဈေးရုံတစ်ရုံ တည်ဆောက် ပေးနေတယ်လို့ သိရပါတယ်။ သပြေကုန်းမှာဆောက်လုပ်နေတဲ့ ဈေးအသစ်အခြေအနေနဲ့ နောက်ထပ်နေပြည်တော်ကောင်စီအတွင်းမှာရှိတဲ့ ဈေးတွေအဆင့်မြှင့်တင်ဖို့ လုပ်ဆောင်နေတဲ့အခြေအနေလေး သိပါရစေရှင့်။**

ဖြေ ။ ဈေးတွေ အဆင့်မြှင့်တင်ဖို့နဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို တစ်ဖက်တစ်လမ်းကနေ ဆောင်ရွက်နေတာကတော့ နေပြည်တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်နေတာဖြစ်ပါတယ်။ နေပြည်တော်နယ်မြေအတွင်းမှာ ဈေးတွေဖွံ့ဖြိုးတိုးတက်ဖို့ အများကြီးလိုပါတယ်။

အထူးသဖြင့် တစ်နေ့လုပ်တစ်နေ့စား ပျံကျဈေးသည်တွေဖြစ်ပါတယ်။ ပျံကျဈေးသည်တွေဟာ အရင်ကဆို မြေကြီးပေါ်မှာပဲ မိုးရွာရွာ နေပူပူရောင်းခဲ့ရတာကို နေပြည်တော်စည်ပင်ရဲ့ ငွေလုံးငွေရင်းထဲကနေ ပျံကျဈေးသည်တွေ ရောင်းမယ့်နေရာကို သန့်ရှင်းသပ်ရပ်မှုနဲ့ခိုင်မာမှုရှိအောင် ကွန်ကရစ်တွေခင်းပြီး အရောင်းဆိုင်တွေကို အမိုးနဲ့အကာနဲ့ဖြစ်အောင် ဆောင်ရွက်ပေးခဲ့ပါတယ်။

ဥပမာအနေနဲ့ အာဟာရသုခဈေးမှာရှိတဲ့ ကွန်ကရစ်ခင်းလုပ်ငန်းဖြစ်ပါတယ်။ ဒီလိုကွန်ကရစ်ခင်းပေးလိုက်တဲ့အတွက် ပျံကျဈေးသည် ၈၀၀ ကျော် အဆင်ပြေပြေရောင်းချနိုင်သွားပါတယ်။ တပ်ကုန်းမြို့မှာလည်းပျံကျဈေးသည် ၂၅၀ အတွက် ကွန်ကရစ်ခင်းပြီး အကွက်ချပေးနိုင်ခဲ့ပါတယ်။ ဒီအတွက်

**အချပ်ပို(ဆ)သို့**



နေပြည်တော်ရှိ ဒေသခံပြည်သူများအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေကို ပေးနေသည့် ငလိုက်တမံကို တွေ့ရစဉ်

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ





နေပြည်တော်ရှိ ကေ ၁၀၀၀ စပါးစိုက်ခင်းကို ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းနေမှုကို တွေ့ရစဉ်

**အချပ်ပို(စ)မှ**

တစ်ရက်တစ်ရာသာ ရောင်းခွန်အနေနဲ့ ကောက်ခံပါတယ်။

နောက်တစ်ခုကတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကနေ ချစ်ကြည်ရေးအနေနဲ့ နေပြည်တော်သပြေကုန်းဈေးမှာ ပျံကျဈေးသည်တွေအတွက် အဆင့်မြင့်ဈေးရုံတစ်ရုံကို တည်ဆောက်ပေးခဲ့ပါတယ်။ နေပြည်တော်စည်ပင်က အောက်ခြေအဆောက်အအုံအတွက် ကုန်ကျငွေကျပ် သန်းပေါင်း ၃၆၀ ကို ကုန်ကျပါဝင်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံက ငွေကျပ်သန်း ၆၂၀ ကျော်တန် အပေါ်ထပ်အဆောက်အအုံကို ဆောက်လုပ်လှူဒါန်းပါတယ်။

**မေး ။ ဒေသခံတွေ သောက်ရေ၊ သုံးရေ၊ စိုက်ပျိုးရေ လုံလောက်စွာရရှိဖို့ ဘယ်လိုစီမံကိန်းတွေ ချမှတ်ဆောင်ရွက်နေသလဲဆိုတာ သိပါရစေ။**

ဖြေ ။ နေပြည်တော်စည်ပင်ရဲ့ နေပြည်တော်မြို့တော်ကြီး ရေရရှိရေးစီမံကိန်းမှာလည်း ရန်အောင်မြင်ဆည်ကနေပြီးတော့ နဂိုရှိပြီးသားရေပေးဝေရေးအပြင် တစ်နေ့ကို ရေဂါလန် ၂၅ သိန်း တိုးမြှင့်ပြီးတော့ ပေးနိုင်ဖို့အတွက် နေပြည်တော်ကောင်စီရဲ့ငွေလုံးငွေရင်းကနေ ငွေကျပ်သန်းပေါင်း ၂၈၀၀ နဲ့စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အလားတူ ပုဗ္ဗသီရိရေရရှိရေးစီမံကိန်း၊ ဇဗ္ဗူသီရိရေရရှိရေးစီမံကိန်းတွေကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ရေရရှိရေးလုပ်ငန်းတွေကို ရေရှည်ရည်မှန်းချက်တွေ ချမှတ်ပြီးဆောင်ရွက်နေပါတယ်။ အဲဒါတွေကတော့ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ကျေးလက်ဒေသတွေ ရေရရှိရေးအတွက် ရေအရင်းအမြစ်ရရှိဖို့ ဆည်/တာတမံတည်ဆောက်ခြင်း၊ စက်ရေတွင်းတူးဖော်ပေးခြင်း၊ မြေသားရေလှောင်ကန်တွေ တည်ဆောက်ပေးခြင်းတို့နဲ့ ဆောင်ရွက်ရန်လျာထားခဲ့ပြီး အဲဒီအနက်မှ စံပြရေပေးရေးအဖြစ် ဇေယျာသီရိမြို့နယ် ပြည်စံအောင်ရပ်ကွက် ရေရရှိရေးအတွက် ဆင်သေချောင်းမှ ရေအားစုပ်ယူ၍ အိမ်ခြေ ၉၈၅ အိမ်၊ လူဦးရေ ၉၅၄၈ ဦးအတွက် မြို့ရေပေးရေးအသွင် ရေမီတာတပ်ဆင်၍ စံပြကျေးရွာ ရေပေးရေးစနစ်တည်ဆောက်ဖို့ အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၁၄၉၈ ဒသမ ၄၅၅ သန်း သုံးစွဲဆောင်ရွက်ရန် လျာထားခဲ့ပါတယ်။

နေပြည်တော်နယ်နိမိတ်အတွင်း မြို့ပြရေပေးရေးအတွက် တစ်ရက်ကို ရေဂါလန် ၁၆ သန်း ဖြန့်ဝေလျက်ရှိရာမှ ရေဂါလန် ၃၅ သန်းအထိ တိုးချဲ့ရေပေးဝေနိုင်ရေးအတွက် ပျဉ်းမနားမြို့ အရှေ့ဘက်မှာတည်ရှိတဲ့ ပေါင်းလောင်းရေပို့လှောင်ကန်ရေကို အမြန်နှုန်း သဲရေစစ်ကန်စနစ်နဲ့ သန့်စင်ပြီး ပျဉ်းမနားမြို့၊ လယ်ဝေးမြို့၊ ဒက္ခိဏသီရိမြို့၊ ဇမ္ဗူသီရိမြို့၊ ဥတ္တရသီရိမြို့၊ ပုဗ္ဗသီရိမြို့များသို့ တိုးချဲ့ရေပေးဝေခြင်းလုပ်ငန်းနဲ့ တပ်ကုန်းမြို့ရေပေးဝေရေးလုပ်ငန်းအတွက် ဗျိုင်းအင်းကန်မှ ရေကို အနေးနှုန်း သဲရေစစ်ကန်ဖြင့် သန့်စင်ပြီး ပေးဝေခြင်းတို့အတွက် စုစုပေါင်းခန့်မှန်းကုန်ကျငွေကျပ် ၁၃၃၃၂၈ ဒသမ ၂၂၃ သန်း အကုန်အကျခံဆောင်ရွက်ဖို့ လျာထားခဲ့ပါတယ်။

**မေး ။ နေပြည်တော်ကောင်စီက မြို့ပြဖွံ့ဖြိုးရေးအတွက် ထပ်မံတိုးချဲ့ဆောင်ရွက်မယ့်လုပ်ငန်းစဉ်တွေရှိရင်လည်း သိပါရစေ။**

ဖြေ ။ နေပြည်တော်ကောင်စီအနေနဲ့ ဒေသဖွံ့ဖြိုးရေးအတွက် ရေ၊ မီး၊ လမ်း၊ တံတား စတဲ့ ကဏ္ဍတွေနဲ့ အခြေခံအဆောက်အအုံတွေကို မြန်မာနိုင်ငံရဲ့ မြို့တော်အင်္ဂါရပ်နဲ့ ညီညွတ်စေရေးအတွက် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် လျာထားဆောင်ရွက်နေပါတယ်။

လာမယ့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာလည်း လမ်းလုပ်ငန်းပေါင်း ၇၁ ခု၊ တံတားလုပ်ငန်း ၇၅ ခု၊ ရေရရှိရေးအတွက် ကျေးလက်နဲ့ မြို့ပေါ်မှာ လုပ်ငန်း ၃၁ ခု၊ အလားတူပဲ လျှပ်စစ်မီးလုပ်ငန်းကိုလည်း ကျေးလက်နဲ့မြို့ပေါ်မှာ လုပ်ငန်းပေါင်း ၄၂ ခုကို ဆောင်ရွက်မှာဖြစ်ပါတယ်။ အစိုးရသစ်ရဲ့ ငါးနှစ်တာကာလအတွင်း ကမ္ဘာ့ဘဏ်ချေးငွေနဲ့ ဆောင်ရွက်မယ့် (National Electrification Plan) အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံချက် (NEP)နဲ့ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်မှာ ပထမအဆင့်အနေနဲ့ ဓာတ်အားပေးစနစ်မှ နှစ်မိုင်အတွင်း အကွာအဝေးရှိတဲ့ ကျေးရွာပေါင်း ၉၄ ရွာမှာ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၉၇ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်

**စာမျက်နှာ (၉)သို့**



နေပြည်တော်ရှိ စနစ်တကျလယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်း (၅၄) ဆောင်ရွက်ထားမှုကို တွေ့ရစဉ်

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ



*စာမျက်နှာ (ဆ)မှ*

စဖော်မာ ၁၁၄ လုံး စုစုပေါင်းကုန်ကျစရိတ် ငွေကျပ်သန်း ၄၅၅၈ ဒသမ ၉၄ သန်းကျခံပြီး အသစ်တိုးချဲ့တည်ဆောက်ကာ အိမ်ထောင်စု နှစ်သောင်းခန့်ကို နိုင်ငံတော်ဓာတ်အားစနစ်ကနေပြီး ဓာတ်အားရယူသုံးစွဲနိုင်ဖို့အတွက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အဆောက်အအုံဆောက်လုပ်ခြင်း လုပ်ငန်းမှာလည်း ၄၆ လုံး စုစုပေါင်းလုပ်ငန်းအားလုံး တန်ဖိုးငွေကျပ် သန်းပေါင်း ၂၄၇၇၆ ဒသမ ၄၅၁ နဲ့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုနယ်မြေ နေပြည်တော်ဟာ မြန်မာနိုင်ငံရဲ့ဗဟိုရုံးကြီးများ ရုံးစိုက်ရာမြို့ဖြစ်တာနဲ့အညီ နိုင်ငံ့ဝန်ထမ်းဦးရေ အများဆုံးတာဝန်ထမ်းဆောင်နေတာဖြစ်လို့ ဝန်ထမ်းတွေ အဆင်ပြေစွာနေထိုင်သွားလာနိုင်ရေးအတွက် ဝန်ထမ်းအိမ်ရာများကိုလည်း နိုင်ငံတော်ရဲ့ဘတ်ဂျက်နဲ့ နေပြည်တော်ကောင်စီက တာဝန်ခံပြီး နှစ်အလိုက် ဆောက်လုပ်ပေးလျက်ရှိပါတယ်။

လာမယ့် ဘတ်ဂျက်မှာ ဝန်ထမ်းအိမ်ရာ ၄၃ လုံး ကိုလည်း ငွေကျပ်သန်းပေါင်း ၁၅၉၆၃ ဒသမ ၁၅၄ လျာထား ဆောက်လုပ်ပေးသွားမှာ ဖြစ်ပါတယ်။ မြို့တော်ရဲ့ စိမ်းလန်း၊ စိုပြည်၊ သန့်ရှင်း၊ သပ်ရပ်၊ သာယာလှပရေးတို့အတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီကလည်း တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါတယ်။

နေပြည်တော်မြို့ရဲ့ မြို့ပြစီမံကိန်းရေးဆွဲဖို့အတွက် ရေရှည်မျှော်မှန်းချက်ကတော့ သဘာဝပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေစွာ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေမယ့် မြို့တော်အဖြစ်ဖော်ထုတ်ရန် ( Environmentally Sustainable City )၊ စိမ်းလန်းစိုပြည်ပြီးမြို့ပြအင်္ဂါရပ်တွေပြည့်စုံစွာ စနစ်တကျဖြည့်ဆည်းပေးနိုင်တဲ့ နေချင်စဖွယ် မြို့ပြကြီးအဖြစ် ဖော်ထုတ်ရန် ( Green & Livable City )၊ အဆင့်မြင့်ပညာရေးတွေကို စဉ်ဆက်မပြတ်လေ့လာဆည်းပူးသင်ကြားနိုင်တဲ့ အခွင့်အလမ်းတွေ၊ နိုင်ငံတကာ အဆင့်မီပညာရေးအဆောက်အအုံတွေတည်ရှိရာ ဗဟိုချက်မအဖြစ် ဖြည့်ဆည်းဖော်ထုတ်ရန် ( Centre Of Knowledge Hub) ၊ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ခရီး သည်ပို့ဆောင်ရေးသာမက ကုန်စည်သယ်ယူ ပို့ဆောင်ရေးနဲ့ လေကြောင်းအထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းတွေကိုပါ တိုးချဲ့လုပ်ကိုင်စေပြီး နယ်နိမိတ်ချင်းထိစပ်နေတဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ချိတ်ဆက်ပေးနိုင်တဲ့ ဗဟိုစီးပွားကူးသန်းမြို့တော်အဖြစ် ဖော်ထုတ်ရန် ( International Air Transit, Cargo & Logistict Hub )၊ ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်ရည်အား ဖြည့်ဆည်းထားတဲ့ မြို့တော်အဖြစ် ဖော်ထုတ်ရန် ( Climate Change Resillient City ) တို့ဖြစ်ပါတယ်။



ငလိုက်ဆည်အတွင်း ငါးသားပေါက်များ လွှတ်ပေးနေမှုကို တွေ့ရစဉ်

မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးချဲ့ဆောင်ရွက်ဖို့ အနာဂတ် Plan ထားရှိမှုနဲ့ ဘတ်ဂျက်လျာထားပြီး ဆောင်ရွက်မယ့် အနာဂတ်အစီအစဉ်တွေကတော့ မြို့ပြဖွံ့ဖြိုးတိုးတက်ဖို့အတွက် တိုးချဲ့ဆောင်ရွက်ဖို့ e-Government အနာဂတ် Plan ထားရှိမှုနဲ့ ဆောင်ရွက်မယ့်လုပ်ငန်းအစီအစဉ်တွေကတော့ နေပြည်တော်စည်ပင်သာယာရေးကော်မတီရဲ့အုပ်ချုပ်မှုဆိုင်ရာ ရုံးလုပ်ငန်းတွေ၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်တဲ့နေရာမှာ ကော်မတီရဲ့လုပ်ငန်းစဉ်အားလုံးကို Digitalization System သို့ ကူးပြောင်းဆောင်ရွက်ပြီး ပြည်သူဗဟိုပြုစနစ်အတွင်းသို့ ဝင်ရောက်ရန် လျာထားဆောင်ရွက်နေပါတယ်။

နောက်ထပ် စီမံဆောင်ရွက်မှုအဆင့်အနေနဲ့ Electronic ကွန်ရက်တည်ဆောက်ခြင်းနဲ့ Electronic စနစ်သုံး ရုံးလုပ်ငန်းတွေဆောင်ရွက်ပြီးဖြစ်တဲ့အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း လျာထားဆောင်ရွက်ဖို့ စီမံကိန်းတွေရှိပါတယ်။ အဲဒါတွေကတော့ Electronic ဆိုင်ရာ ရုံးသုံးစက်ကိရိယာတွေဝယ်ယူဖို့အတွက် လျာထားငွေ ကျပ်သန်းပေါင်း ၄၇ ဒသမ ၇ သန်း၊ e-Government Application ၁၀ ခု တည်ဆောက်ဖို့အတွက် လျာထားငွေကျပ်သန်းပေါင်း ၃၃၀ ဒသမ ၀ သန်း၊ ပညာပေးသင်တန်းတွေဖွင့်လှစ်ဖို့အတွက် လျာထားငွေကျပ်သန်းပေါင်း ၅ ဒသမ ၀၀ သန်း၊ e-Government လျာထားဆောင်ရွက်ခြင်းမှာ စုစုပေါင်း ငွေကျပ် ၄၃၅ ဒသမ ၂ သန်းပေါင်း ရှိပါတယ်။

**မေး။ ။ ထပ်မံဖြည့်စွက်ပြောစရာ ရှိရင်လည်း ပြောကြားပေးပါရှင့်။**

ဖြေ။ နေပြည်တော်ကောင်စီဟာ နိုင်ငံတော်သမ္မတကို တာဝန်ခံပြီးတော့ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ရဲ့ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်တွေကို ဆောင်ရွက်ပေးနေရတာ ဖြစ်ပါတယ်၊ ဒါ့အပြင် မြန်မာနိုင်ငံရဲ့မြို့တော်လည်းဖြစ်တဲ့အားလျော်စွာ နိုင်ငံတကာမှ နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များနဲ့ အစည်းအဝေးများ၊ ဆွေးနွေးပွဲများ လက်ခံကျင်းပပြုလုပ်ပေးနေရတာဖြစ်လို့ မြန်မာနိုင်ငံရဲ့အရေးကြီးဆုံး မြို့တော်ကြီးလည်းဖြစ်ပါတယ်။

ဒါ့ကြောင့် နေပြည်တော်ရဲ့ လုံခြုံမှု၊ ဖွံ့ဖြိုးမှု၊ သန့်ရှင်းသာယာလှပမှုများကို (၁)နှစ်ထက် (၁)နှစ် အစိုးရတစ်ဆက်မှတစ်ဆက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေး လက်ဆင့်ကမ်း ဆောင်ရွက်သွားရမှာပဲဖြစ်ပါတယ်။

အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင့်။



နေပြည်တော်ရှိ သပြေကုန်းဈေး အဆင့်မြင့်တင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်